# မြဝတီ နေ့စဉ်

သတင်းလောကရှေ့ဆောင်မည် လူထုကြားက မြဝတီ

www.myawady.net.mm
E-mail:mwddailynewspapergroup@gmail.com

အတွဲ(၁၄)၊ အမှတ်(၁၃၂)

၁၃၈၆ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၉ ရက်
၂၀၂၄ ခုနှစ်၊ ဩဂုတ် ၂၈ ရက်၊ ဗုဒ္ဓဟူးနေ့


**မြတ်ဗုဒ္ဓ၏အဆုံးအမတရား**

စိတ်သည်အရာရာကို ဦးဆောင်၏။ စိတ်သည် အမွန်မြတ်ဆုံးဖြစ်၏။ စိတ်သည် အရာရာကို ပြီးစီးစေ၏။ ကြည်လင်သောစိတ်ဖြင့် ပြုမူပြောဆိုပါလျှင် ချမ်းသာစေနိုင်၏။ အေးမြသော အရိပ်သည် အစဉ်လိုက်ပါသည်နှင့်တူ၏။

ဓမ္မပဒ

**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များတည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# ၂၀၂၃-၂၀၂၄ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့သည့် ကျောင်းသား၊ ကျောင်းသူများနှင့် ဂုဏ်ထူးဖြင့်အောင်မြင်သည့်စစ်သည်များပါဝင်သော မျိုးဆက်သစ်ထူးချွန်လူငယ်မောင်မယ်များ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ လေ့လာရေးခရီးထွက်ခွာ

နေပြည်တော် ဩဂုတ် ၂၇

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ လမ်းညွှန်မှုဖြင့် ၂၀၂၃-၂၀၂၄ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့သည့် ကျောင်းသား၊ ကျောင်းသူများနှင့် ဂုဏ်ထူးဖြင့်အောင်မြင်ခဲ့သောစစ်သည်များပါဝင်သည့် မျိုးဆက်သစ်ထူးချွန်လူငယ်မောင်မယ်များသည် နိုင်ငံတကာယဉ်ကျေးမှု၊ ဗဟုသုတနှင့် အသိပညာများ အတုယူလေ့လာနိုင်စေရန် လေ့လာရေးခရီးစဉ်အဖြစ် တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ဩဂုတ်လ ၂၆ ရက် ညပိုင်းတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ လေကြောင်းခရီးဖြင့်ထွက်ခွာသည်။

အဆိုပါလေ့လာရေးအဖွဲ့အား ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဇော်ဟိန်းနှင့် တပ်မတော်အရာရှိကြီးများ၊ မြန်မာ့စီးပွားရေးဦးပိုင် အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက်မှ ဌာနကြီးမှူး ဦးအောင်ရဲဝင်းနှင့်တာဝန်ရှိသူများ၊ ကျောင်းသား၊ ကျောင်းသူများ၏ မိဘဆွေမျိုးများက

စာမျက်နှာ ၆ ကော်လံ ၁ ●



ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဇော်ဟိန်းနှင့်တာဝန်ရှိသူများက တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ လေ့လာရေးခရီးထွက်ခွာမည့် ၂၀၂၃-၂၀၂၄ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့သည့် ကျောင်းသား၊ ကျောင်းသူများနှင့် ဂုဏ်ထူးဖြင့်အောင်မြင်ခဲ့သောစစ်သည်များပါဝင်သည့် မျိုးဆက်သစ်ထူးချွန်လူငယ်မောင်မယ်များအား ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်စဉ်။

## မြန်မာနိုင်ငံကူးလက်မှတ်ထုတ်ပေးရေးအဖွဲ့၏ ခွင့်ပြုချက်ဖြင့် မြန်မာနိုင်ငံကူးလက်မှတ်အသစ် ပြုလုပ်ခွင့်ရရှိသူများစာရင်းကို စင်ကာပူနိုင်ငံဆိုင်ရာ မြန်မာသံရုံးကြေညာ

စာ - ၇ သို့

**ဆောင်းပါး**

## ပြည်တွင်းစားသုံးဆီဖူလုံဖို့ ဆီထွက်သီးနှံစိုက်ပျိုးရေး အောင်မြင်အောင်ဆောင်ရွက်စို့

စာ - ၁၂ သို့






## အယ်ဒီတာ့အာဘော်

(၂၀၂၄ ခုနှစ်၊ ဩဂုတ် ၂၈ ရက်)

# ဆီထွက်သီးနှံများပန်းတိုင်အထွက်နှုန်းပြည့်မီရေး

နိုင်ငံတစ်နိုင်ငံကို တည်ဆောက်မောင်းနှင်ကြရာတွင် နိုင်ငံရေးမောင်းနှင်အား၊ စီးပွားရေးမောင်းနှင်အားနှင့် ကာကွယ်ရေးမောင်းနှင်အားဟူ၍ မောင်းနှင်အားသုံးမျိုးရှိသည်။ နိုင်ငံရေးတည်ငြိမ်မှု၊ စည်းလုံးမှုရှိပါက နိုင်ငံရေးအင်အားကောင်းမွန်ပြီး စစ်ရေးအင်အား၊ လုံခြုံရေးအင်အားကောင်းမွန်ပါက ကာကွယ်ရေးအင်အား ကောင်းမွန်မည်ဖြစ်သည်။ ယင်းအားနှစ်ခုကောင်းမွန်ရန်အတွက် အခြေခံမှာ စီးပွားရေးအင်အားဖြစ်၍ စီးပွားရေးမောင်းနှင်အားသည် တိုင်းပြည်အတွက်အဓိကကျသည်။ စီးပွားရေးတွင် ကုန်ထုတ်လုပ်မှုသည် အဓိကဖြစ်ပေရာ မြန်မာနိုင်ငံသည် စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့်ကုန်ထုတ်လုပ်မှုကို မြှင့်တင်ရမည်ဖြစ်သည်။

စားရေရိက္ခာဖူလုံပေါများရေးနှင့်ပတ်သက်၍ အဓိကစားကုန်ဖြစ်သည့်ဆန်သည် မြန်မာနိုင်ငံအတွက် ဖူလုံမှုရှိပြီးဖြစ်သည့်အပြင် ပြည်ပသို့လည်း နှစ်စဉ်တင်ပို့လျက်ရှိသည်။ အချို့တိုင်းဒေသကြီးနှင့်ပြည်နယ်များတွင် ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိရန်လိုအပ်လျက်ရှိနေသေးသည်။ ပန်းတိုင်ရည်မှန်းချက်များအတိုင်း ပြည့်မီအောင်ဆောင်ရွက်နိုင်မည်ဆိုပါက ပြည်တွင်းဆန်လိုအပ်ချက်ကိုဖြည့်ဆည်းပေးနိုင်ရုံသာမက ပြည်ပသို့လည်းပိုမိုတင်ပို့နိုင်မည်ဖြစ်သည်။ ရှိပြီးသားစိုက်ပျိုးရေးထွက်ကုန်များကို ယခုထက်ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်သွားမည်ဆိုပါက နိုင်ငံ့စီးပွားရေးအတွက် များစွာအထောက်အကူပြုနိုင်မည်ဖြစ်သည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ဩဂုတ်လ ၂၅ ရက်က မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များ၊ တိုင်းဒေသကြီးနှင့်ခရိုင်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများအား ဆွေးနွေးပြောကြားစဉ် **"ဆီထွက်သီးနှံများကို အထွက်နှုန်းတိုးတက်အောင်စိုက်ပျိုးနိုင်မည်ဆိုပါက အထွက်နှုန်းများပိုမိုတိုးတက်လာမည်ဖြစ်ကြောင်း၊ ပြည်တွင်းမှထွက်ရှိသည့် ပိုလျှံဆီထွက်သီးနှံ နှမ်း၊ နေကြာနှင့်မြေပဲတို့ကို စားသုံးဆီအဖြစ်ကြိတ်ခွဲဆောင်ရွက်မည်ဆိုပါက ပြည်တွင်းစားသုံးဆီလုံလောက်မှုရှိနိုင်မည်ဖြစ်ကြောင်း၊ ဆီထွက်သီးနှံများတွင် နေကြာသည်လည်း ဆီထုတ်လုပ်မှုကိုများစွာအထောက်အကူပြုနိုင်မည်ဖြစ်သဖြင့် မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးတို့တွင် သီးထပ်စိုက်ပျိုးသွားရန်လိုကြောင်း"** ထည့်သွင်းပြောကြားခဲ့သည်။

အဆိုပါတိုင်းဒေသကြီးများတွင် မြစ်ရေတင်စီမံကိန်းများဖြင့် အောင်ရေရရှိအောင်စိုက်ပျိုးနိုင်သည်။ အဆိုပါဆီထွက်သီးနှံများ အများဆုံးစိုက်ပျိုးသည့်တိုင်းဒေသကြီးနှင့်ပြည်နယ်များတွင် ပန်းတိုင်ရည်မှန်းချက်များအတိုင်းထွက်ရှိစေရေး ဆောင်ရွက်သွားမည်ဆိုပါက ပြည်တွင်းစားသုံးဆီဖူလုံမှုကို များစွာအထောက်အကူပြုမည်ဖြစ်သည်။ ဆီထွက်သီးနှံအလိုက် ပန်းတိုင်အထွက်နှုန်းများကိုလေ့လာကြည့်ပါက မြေပဲသည်တစ်ဧကလျှင် တင်း ၇၀၊ နှမ်းသည် တင်း၂၀ နှင့်နေကြာသည် တင်း ၅၀ တို့ထွက်ရှိရန်ဖြစ်သည်။ မြေပဲတွင် မိုးမြေပဲနှင့် ဆောင်းမြေပဲစိုက်ပျိုးကြသကဲ့သို့ နှမ်းစိုက်ပျိုးမှုတွင်မိုးနှမ်း၊ ဆောင်းနှမ်း၊ နွေနှမ်းစိုက်ပျိုးကြသည်။ ထို့အတူ နေကြာတွင်မိုးနေကြာနှင့်ဆောင်းနေကြာစိုက်ပျိုးလျက်ရှိသည်။ ဆီထွက်သီးနှံအုပ်စုဝင် ဆီမုန်ညင်းနှင့်ပန်းနှမ်းတို့ကိုလည်း စိုက်ပျိုးလျက်ရှိသည်။

မြန်မာနိုင်ငံအနေဖြင့် စားသုံးဆီနှင့်ပတ်သက်၍ ပြည်ပမှစားသုံးဆီများကို နှစ်စဉ်တင်သွင်းနေရသဖြင့် နိုင်ငံခြားငွေများကိုသုံးစွဲရလျက်ရှိသည်။ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့်မန္တလေးတိုင်းဒေသကြီးတို့တွင် ဆီထွက်သီးနှံများကို စိုက်ပျိုးလျက်ရှိကြသည်။ သို့သော်ဆီထွက်သီးနှံများကို ဆီအဖြစ်ထုတ်ယူသုံးစွဲခြင်းထက်ပို့ကုန်များအဖြစ်တင်ပို့ခြင်းနှင့် တိုက်ရိုက်စားကုန်များအဖြစ်စားသုံးခြင်းများကြောင့် ဒေသတွင်းစားသုံးဆီလိုအပ်ချက်များဖြစ်ပေါ်လျက်ရှိနေခြင်းဖြစ်သည်။ စိုက်ပျိုးရေးလုပ်ငန်းများကိုဆောင်ရွက်ရာတွင် မျိုး၊ မြေ၊ ရေ၊ နည်း စသည့်နည်းလမ်းလေးသွယ်ဖြင့် စနစ်တကျဆောင်ရွက်မည်ဆိုပါက အထွက်နှုန်းများအောင်မြင်တိုးတက်လာမည်ဖြစ်သည်။

နှစ်စဉ်ပြည်ပမှစားသုံးဆီများ ဝယ်ယူတင်သွင်းနေရခြင်းကြောင့် နိုင်ငံ့စီးပွားရေးတိုးတက်မှုကိုထိခိုက်စေသည်။ ထို့ကြောင့် နိုင်ငံအတွင်း ဆီထွက်သီးနှံများကို ပိုမိုအောင်မြင်စွာထုတ်လုပ်ရန်လိုသည်။ အထူးသဖြင့် နိုင်ငံတော်ကသတ်မှတ်ထားသော ပန်းတိုင်အထွက်နှုန်းတိုးတက်ရေးကိုပြည့်မီအောင်စိုက်ပျိုးခြင်းဖြင့် ပြည်တွင်းစားသုံးဆီဖူလုံမှုကိုဖြစ်စေမည့်အပြင် ပြည်ပသို့လည်းပြန်လည်တင်ပို့နိုင်မည်ဖြစ်သည်။ နိုင်ငံတော်အစိုးရက စိုက်ပျိုးထုတ်လုပ်သူများအား လိုအပ်ချက်မရှိအောင်ကူညီဆောင်ရွက်ပေးလျက်ရှိရာ မိမိတို့လုပ်ငန်းများပိုမိုအောင်မြင်ရေးကို အားသွန်ခွန်စိုက်ကြိုးပမ်းကြရမည်ဖြစ်သည်။

နိုင်ငံတော်အစိုးရအနေဖြင့် တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးရေးနှင့်မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်လျက်ရှိသည်။ ဆီထွက်သီးနှံစိုက်ပျိုးထုတ်လုပ်သူများနှင့်ဆက်စပ်သူများအားလုံးအနေဖြင့် မိမိနိုင်ငံဖွံ့ဖြိုးတိုးတက်ရေးကို အစဉ်မြော်တွေးလျက် နိုင်ငံအတွင်းစားသုံးဆီဖူလုံရေးနှင့်ပြည်ပသို့တင်ပို့နိုင်ရေးအတွက် ဆီထွက်သီးနှံများကို ပန်းတိုင်အထွက်နှုန်းရရှိအောင် ဆောင်ရွက်ကြရန်ဖြစ်ပါကြောင်း။ ။

# မိုးစပါးရာသီရေကြီးနစ်မြုပ် ထိခိုက်ပျက်စီးကေများအပေါ် မျိုးစပါးထောက်ပံ့ပေးအပ်

မော်လမြိုင် ဩဂုတ် ၂၇

စပါးသီးနှံတစ်ဧကအထွက်နှုန်း တိုးတက်ထွက်ရှိရေး၊ ဒေသဆန်ရိက္ခာဖူလုံရေးအတွက် မြို့နယ်အလိုက် ရေတိုရေရှည်စီမံကိန်းများချမှတ်၍ ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ ၂၀၂၄-၂၀၂၅ ခုနှစ် မိုးစပါးရာသီရေကြီးနစ်မြုပ်ထိခိုက်ပျက်စီးကေများအပေါ် မျိုးစပါးထောက်ပံ့ပေးအပ်ပွဲအခမ်းအနားကို ဩဂုတ်လ ၂၆ ရက် နံနက်ပိုင်းတွင် မော်လမြိုင်မြို့ ပြည်နယ်ခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်းက အမှာစကားပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး၊ ပြည်နယ်စီးပွားရေးရာဝန်ကြီး၊ ပြည်နယ်သယံဇာတရေးရာဝန်ကြီး၊ ပြည်နယ်လူမှုရေးရာဝန်ကြီးတို့က ကျိုက်မရောမြို့နယ်၊ ပေါင်မြို့နယ်၊ မော်လမြိုင်မြို့နယ်နှင့် ဘီးလင်းမြို့နယ်တို့မှ စပါးစိုက်တောင်သူများကို မျိုးစပါးများထောက်ပံ့ပေးအပ်ရာ မြို့နယ်ကိုယ်စားလှယ်တောင်သူများက လက်ခံရယူကြပြီး ရေကြီးနစ်မြုပ်ပျက်စီးသွားသော စပါးစိုက်တောင်သူများကိုယ်စား တောင်သူတစ်ဦးက ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများကတက်ရောက်လာသော တောင်သူများအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်၍ ခန်းမအတွင်း ခင်းကျင်းပြသထားသော သဘာဝဓာတ်မြေဩဇာနှင့် မျိုးစပါးများကို လှည့်လည်ကြည့်ရှုသည်။ မွန်ပြည်နယ်အတွင်း ဆန်စပါးဖူလုံမှုအနေဖြင့် ၁၃၅ ဒသမ ၄၉ ရာခိုင်နှုန်းရှိရာမှ ယခုနှစ်တွင် ၁၄၀ ဒသမ ၀၈ ရာခိုင်နှုန်းရရှိအောင် ရည်မှန်းချက်ထား၍ ဆောင်ရွက်လျက်ရှိကြောင်းနှင့် သီးနှံစိုက်စွမ်းအားတိုးတက်စေရန်အတွက် ဒုတိယသီးနှံများဖြစ်သည့် နွေစပါး ၄၅၉၀၅ ဧက၊ ဆီထွက်သီးနှံများဖြစ်သည့် မြေပဲ ၂၇၄၅၆ ဧက၊ နှမ်း ၁၅၃၂ ဧက၊ နေကြာ ၁၈၃၅၂ ဧက၊ ပဲမျိုးစုံ ၆၈၃၀၂ ဧကစိုက်ပျိုးရန် လျာထားကြောင်း သိရသည်။

(၄၀၆)

# ကျေးရွာမတည်ရန်ပုံငွေစီမံကိန်းရန်ပုံငွေများထုတ်ချေး

ထန်းတပင် ဩဂုတ် ၂၇

ပဲခူးတိုင်းဒေသကြီး ထန်းတပင်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အုန်းပင်ကျေးရွာအုပ်စု မိုးမခကျေးရွာ မိုးမခဘုန်းတော်ကြီးကျောင်း၌ ကျေးရွာမတည်ရန်ပုံငွေ စီမံကိန်းရန်ပုံငွေကျပ်သိန်း ၃၃၀ ကို ဩဂုတ်လ ၂၆ ရက် နံနက်ပိုင်းတွင် ထုတ်ချေးပေးကြောင်းသိရသည်။

ထိုသို့ ထုတ်ချေးပေးရာတွင် ခေတ္တမြို့နယ်ဦးစီးမှူး ဦးသက်မြင့်ထွန်းနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းက ထောက်ပံ့ပေးအပ်ထားသော ကျေးရွာမတည်ရန်ပုံငွေစီမံကိန်းရန်ပုံငွေများဖြင့် စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများအား ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ကော်မတီနှင့် အသင်းသား၊ အသင်းသူများကလည်း ရရှိသည့် ရန်ပုံငွေဖြင့် မိမိအကျိုးနှင့် ရပ်ရွာအကျိုးကို ဆောင်ရွက်ပေးကြရန်လိုကြောင်း တိုက်တွန်းပြောကြားသည်။

မိုးမခကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၁၀၅ ဦးကို ငွေကျပ် ၂၅ ဒသမ ၂၄ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၄၀ ဦးကို ငွေကျပ် ၇ ဒသမ ၇၆ သန်း စုစုပေါင်း အသင်းသား ၁၄၅ ဦးကို ငွေကျပ် ၃၃ သန်း ထုတ်ချေးပေးထားကြောင်း ထန်းတပင်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခေတ္တမြို့နယ်ဦးစီးမှူးထံမှ သိရသည်။

သက်မြင့်ထွန်း

# မြဝတီရုပ်မြင်သံကြားအစီအစဉ်

၂၈-၈-၂၀၂၄(ဗုဒ္ဓဟူးနေ့)

၁။ ၆:၀၂ နိုင်ငံတော်သီချင်း
၂။ ၇:၁၆ မေတ္တာပို့
၃။ ၇:၂၁ ဓမ္မပူဇာတေး
၄။ ၇:၂၅ ကိုယ်လက်လှုပ်ရှားအားကစား
၅။ ၇:၄၀ မျိုးချစ်တပ်မတော်
၆။ ၈:၄၅ ဇာတ်လမ်းတို
၇။ ၁၀:၅၀ Liked
၈။ ၁၁:၀၀ မြဝတီရုပ်မြင်သံကြားသတင်း
၉။ ၁၁:၄၀ Sport Review
၁၀။ ၁၃:၁၀ အမှတ်တရနေ့ရက်များ
၁၁။ ၁၄:၁၀ ရုပ်မြင်သံကြားဇာတ်လမ်း(၇-စနာရီ)(Rep)
၁၂။ ၁၆:၁၅ အမျိုးသားရေးတေးကဗျာ
၁၃။ ၁၆:၅၀ ယဉ်ကျေးလိမ္မာဓမ္မတေးကဗျာ
၁၄။ ၁၈:၃၀ ထုတ်လွှင့်ပြန်ကြားသတင်းမှန်များ
၁၅။ ၁၈:၄၀ Music Gallery
၁၆။ ၁၉:၀၀ **(၃၈)ဖြာမင်္ဂလာ**
**အသေဝနာစဗာလာနံ၊**
**ပဏ္ဍိတာနဉ္စသေဝနာ**

မြဝတီ နေ့စဉ်
The Myawady Daily

စာတည်းမှူးချုပ် - ဦးမျိုးဝင်းရှိန်
စာတည်းမှူး(မြန်မာ) - ဦးရာဇာအောင်
စာတည်းမှူး(အင်္ဂလိပ်) - ဦးရဲမင်းတင်
စာတည်း(ကျွမ်းကျင်)အင်္ဂလိပ် - ဦးတင်မောင်သန်း

စာတည်းအဖွဲ့(မြန်မာ) - ဦးနေမင်းဦး၊ ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်ဖြူဖြူမောင်
စာတည်းအဖွဲ့(အင်္ဂလိပ်) - ဦးထက်မြတ်၊ ဒေါ်သီရိမွန်
သတင်းအဖွဲ့(နေပြည်တော်) - ဦးဇော်မင်းပိုင်၊ ဒေါ်ခိုင်ဝါဝါကျော်
သတင်းအဖွဲ့(ရန်ကုန်) - ဦးစံမင်းသူ

**နေပြည်တော်**
စာတည်းအဖွဲ့ ၀၃၁-၇၃၉၉၈၊ ဖက်စ် ၀၃၁-၇၃၉၉၉/၀၃၂-၃၀၂၆၂၊
ဖြန့်ချိရေး/ကြော်ငြာ ၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈၊
ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။

**ရန်ကုန်(ရုံးခွဲ)**
စာတည်းအဖွဲ့ ၀၃၁-၇၄၀၂၁၊ ဖြန့်ချိရေး ၀၁၈-၄၀၀၆၉၇၊
ကြော်ငြာ ၀၃၁-၇၄၀၂၂၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

**မန္တလေး(ရုံးခွဲ)**
တာဝန်ခံ ၀၉-၆၈၈၈၃၅၅၈၊ ၈၄ လမ်း၊
၂၉x၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

**ကျိုင်းတုံ(ရုံးခွဲ)**
တာဝန်ခံ ၀၉-၂၅၀၅၅၆၆၃၈၊ ၀၃၄-၇၃၆၀၁
လှိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

**ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ်** - ၀၀၃၇၈/၀၀၄၉၄
**စတင်ထုတ်ဝေသည့်ရက်** - ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်
E-mail: mwddailynewspapergroup @ gmail.com
Website - www.myawady.net.mm

# တိရစ္ဆာန်ဥယျာဉ်(ရန်ကုန်)သို့ ရုံးပိတ်ရက်များတွင် တစ်ရက်လျှင် လာရောက်လည်ပတ်သူ ၃၀၀၀ ဝန်းကျင်ရှိ



ရန်ကုန် ဩဂုတ် ၂၇

ရန်ကုန်မြို့ရှိတိရစ္ဆာန်ဥယျာဉ်(ရန်ကုန်)သို့ အများပြည်သူရုံးပိတ်ရက်များတွင် တစ်ရက်လျှင် လာရောက်လည်ပတ်သူ ၃၀၀၀ ဝန်းကျင်ရှိကြောင်း တိရစ္ဆာန်ဥယျာဉ်(ရန်ကုန်) အုပ်ချုပ်ရေးမှူး ဦးသန်းမြင့်ထွန်း၏ပြောကြားချက်အရ သိရသည်။

"အခုကာလက မိုးရာသီဖြစ်တဲ့အပြင် ကျောင်းဖွင့်ရာသီလည်းဖြစ်လို့ ပုံမှန်ကြားရက်တွေဆိုရင် တစ်ရက်ကို လာရောက်လည်ပတ်သူ ၅၀၀ လောက်ရှိပါတယ်။ စနေ၊ တနင်္ဂနွေရုံးပိတ်ရက်တွေဆိုရင် တစ်ရက်ကို ၃၀၀၀ ဝန်းကျင်တော့ လာရောက်လည်ပတ်ကြပါတယ်" ဟု ဦးသန်းမြင့်ထွန်းကပြောသည်။

တိရစ္ဆာန်ဥယျာဉ်(ရန်ကုန်)၌ ကျေးငှက်သတ္တဝါ ၆၉ မျိုး၊ နို့တိုက်သတ္တဝါ ၄၂ မျိုးနှင့် တွားသွားသတ္တဝါ ၁၉ မျိုး စုစုပေါင်းမျိုးစိတ် ၁၃၀ ရှိပြီး အကောင်ရေ ၁၃၆၀ ကျော်ရှိကြောင်း သိရသည်။

တိရစ္ဆာန်ဥယျာဉ်(ရန်ကုန်)သို့ လာရောက်လည်ပတ်ပါက ဝင်ကြေးအနေဖြင့် လူကြီးတစ်ဦးလျှင် ငွေကျပ် ၂၅၀၀၊ အသက်နှစ်နှစ်အထက် ကလေးတစ်ဦးလျှင် ငွေကျပ် ၁၅၀၀ သတ်မှတ်ကောက်ခံပြီး နိုင်ငံခြားသားလူကြီးတစ်ဦးလျှင် ငွေကျပ် ၇၀၀၀ နှင့် နိုင်ငံခြားသားကလေးတစ်ဦးလျှင် ငွေကျပ် ၅၀၀၀ သတ်မှတ်ကောက်ခံကြောင်း သိရသည်။

တိရစ္ဆာန်ဥယျာဉ်(ရန်ကုန်)၌ ယခင်က ထူးခြားပြကွက်များ (Animal Show)ကို ပြသခဲ့သော်လည်း လက်ရှိတွင် တိရစ္ဆာန်ဥယျာဉ်(ရန်ကုန်)သို့ လာရောက်လည်ပတ်သူများ ဗဟုသုတရရှိစေရန်အတွက် တိရစ္ဆာန် ထိန်းသိမ်းစောင့်ရှောက်ရေးဆွေးနွေးပွဲ(Keeper Talks)အစီအစဉ်များကို နေ့စဉ်ပြုလုပ်ပေးလျက်ရှိကြောင်း သိရသည်။

**စောယု**

# ဝန်းသိုမြို့နယ်၌ ယခုနှစ်မိုးသီးနှံစိုက်ပျိုးရာသီတွင် မိုးစပါးဧက ၁၄၀၀၀ ကျော်စိုက်ပျိုးပြီးစီး

ဝန်းသို ဩဂုတ် ၂၇

စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းခရိုင် ဝန်းသိုမြို့နယ်၌ ယခုနှစ်မိုးသီးနှံစိုက်ပျိုးရာသီတွင် မိုးစပါးဧက ၁၄၀၀၀ ကျော် စိုက်ပျိုးပြီးစီးနေပြီဖြစ်ကြောင်း ဝန်းသိုမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် ဝန်းသိုမြို့နယ်၌ မိုးစပါး ၃၈၉၈၉ ဧက စိုက်ပျိုးရန်လျာထားပြီး ဇွန်လမှစတင်စိုက်ပျိုးခဲ့ရာ လက်ရှိအချိန်ထိ ၁၄၅၄၂ ဧကစိုက်ပျိုးပြီးစီးနေပြီဖြစ်သည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီမှာ ဝန်းသိုမြို့နယ်မှာ မိုးစပါးဧက ၃၀၀၀၀ ကျော်စိုက်ပျိုးဖို့ လျာထားပါတယ်။ လက်ရှိအချိန်ထိ ဧက ၁၄၀၀၀ ကျော် စိုက်ပျိုးပြီးစီးနေပြီဖြစ်ပါတယ်။ လျာထားဧကပြည့်မီစွာ စိုက်ပျိုးနိုင်ရေး စိုက်ပျိုးရေးဦးစီးဌာနနဲ့ မိုးစပါးစိုက်တောင်သူတွေ ပူးပေါင်းဆောင်ရွက်နေပါတယ်"ဟု ဝန်းသိုမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးတင့်ဆွေကပြောသည်။

ဝန်းသိုမြို့နယ်၌ မိုးစပါးစိုက်တောင်သူများအား စိုက်ပျိုးရေးဆိုင်ရာနည်းပညာပေးခြင်း၊ ပိုးမွှားကျရောက်မှုကာကွယ်ရေး အသိပညာပေးခြင်း၊ သီးနှံများပျက်စီးဆုံးရှုံးမှုမရှိရေးနှင့် ရိတ်သိမ်းပြီးစပါးများ အမိုးအကာအောက် အချိန်မီရောက်ရှိရေးတို့အတွက် အသိပညာပေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ယခုနှစ်တွင် ဝန်းသိုမြို့နယ်၌စိုက်ပျိုးထားသော မိုးစပါးစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းပြီး အထွက်နှုန်းကောင်းမွန်စေရန် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများက မျိုးကောင်းမျိုးသန့်ရွေးချယ်စိုက်ပျိုးခြင်း၊ ပိုးမွှားကျရောက်မှုအန္တရာယ်ကင်းဝေးစေခြင်း၊ တမန်းနှီးပေါင်းထိုးခြင်း၊ မျိုးကွဲနုတ်ပယ်ခြင်း၊ ဓာတ်မြေဩဇာစနစ်တကျသုံးစွဲခြင်း စသည့်စိုက်ပျိုးရေးဆိုင်ရာနည်းပညာပေးခြင်းများ ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

(၄၀၉)



# မင်းဘူးခရိုင်အဆင့် (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် အဆို အက အရေး အတီးပြိုင်ပွဲနှင့် ဆုပေးပွဲအခမ်းအနားကျင်းပ

မင်းဘူး ဩဂုတ် ၂၇

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင်အဆင့် (၂၅) ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲနှင့် ဆုပေးပွဲအခမ်းအနားကို ဩဂုတ်လ ၂၆ ရက်က မင်းဘူးမြို့နယ် ဦးဩဘာသခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မင်းဘူးခရိုင်အဆင့် (၂၅) ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို မင်းဘူးခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးထွန်းထွန်းဝင်း၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်မြင်နှင့်တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ မင်းဘူးခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးထွန်းထွန်းဝင်းက အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားယဉ်ကျေးမှုများ မပျောက်ပျက်စေရန် ထိန်းသိမ်းစောင့်ရှောက်ရေး၊ တိုင်းရင်းသားအားလုံး အချင်းချင်းချစ်ကြည်ရင်းနှီးမှုနှင့် သွေးစည်းညီညွတ်မှုပိုမိုခိုင်မြဲရေး၊ တိုင်းရင်းသားများ၏ ရိုးရာဓလေ့ထုံးတမ်းအစဉ်အလာများကို ဖော်ထုတ်ထိန်းသိမ်းပြီး မျိုးဆက်သစ်လူငယ်များအား လက်ဆင့်ကမ်းပေးနိုင်ရေး စသည့်ရည်ရွယ်ချက်များဖြင့် ပြိုင်ပွဲကျင်းပခြင်းဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် တက်ရောက်လာကြသူများက ဧည့်ခံဖျော်ဖြေရေးအစီအစဉ်များနှင့် အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲဝင်များ၏ ယှဉ်ပြိုင်နေမှုများကို ကြည့်ရှုအားပေးကြပြီးနောက် ပြိုင်ပွဲတွင် ဆုရရှိသူများနှင့် ဖျော်ဖြေရေးအဖွဲ့အားလုံးကို ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ကြသည်။

အဆိုပါပြိုင်ပွဲတွင် ခရိုင်အတွင်းရှိ မင်းဘူး(စကု)၊ ပွင့်ဖြူ၊ စလင်း၊ ငဖဲနှင့် စေတုတ္တရာမြို့နယ်တို့မှ ဝါသနာရှင်အဆင့်ပြိုင်ပွဲဝင်များနှင့် အခြေခံပညာအဆင့်ကျောင်းများမှ အသက် ၁၀ နှစ်မှ ၂၀ နှစ် အတွင်းရှိ ပြိုင်ပွဲဝင်ကျောင်းသား၊ ကျောင်းသူ စုစုပေါင်း ၁၆ ဦး ပါဝင်ယှဉ်ပြိုင်ကြကြောင်း သိရသည်။

ခရိုင်အဆင့်ပြိုင်ပွဲတွင် ပထမဆုနှင့် ဒုတိယဆုရရှိသူများအပြင် ကဗျာလွတ်အဖွဲ့လိုက်အက၊ ခေတ်ဟောင်းတေးနှင့် ကာလပေါ်တေး၊ စန္ဒရား၊ ဆိုင်းအဖွဲ့လိုက်နှင့် ဆိုင်းတစ်ဦးချင်းပြိုင်ပွဲဝင်များက မကွေးတိုင်းဒေသကြီးအဆင့် ပြိုင်ပွဲကို ဆက်လက်ယှဉ်ပြိုင်ရမည် ဖြစ်ကြောင်း သိရသည်။

**မောင်မောင်(မင်းဘူး)**



# မြစ်ကိုအလျှားစုန်ကူးခဲ့သည်

ကျွန်းစဉ်မြေစောခက်

**ယမန်နေ့မှအဆက်**

ယခု ၁၉၆၅-၆၆ ခုနှစ် ပညာသင်နှစ်တွင် စာဆိုတော်နေ့အထိမ်းအမှတ်အဖြစ် နဝမတန်းနှင့် ဒသမတန်းကျောင်းသား၊ ကျောင်းသူများကို စာစီစာကုံးပြိုင်ပွဲကျင်းပရာ "လူသန်မပြော လူပြောမသန်" ခေါင်းစဉ်ဖြင့် ဝင်ရောက်ဖြေဆိုခဲ့ရာ ကျွန်တော် ပထမဆုရခဲ့ပေသည်။ ဒသမတန်းကျောင်းသားတစ်ယောက်နှင့် ဒသမတန်းကျောင်းသူတစ်ယောက် ဒုတိယနှင့် တတိယဆုရခဲ့ကြပေသည်။ ဆုပေးပွဲကို တန်းမြင့်ကျောင်းဟောခန်းမ၌ အခမ်းအနားဖြင့် ချီးမြှင့်ခဲ့ကြသည်။ စာညံ့သော တောကကျောင်းသားကျွန်တော် စင်မြင့်ပေါ်တက်ပြီး ဆုယူရာတွင် ရှက်ရှက်နှင့် ရင်တွေခုန်ပြီး ချွေးပြန်နေပေသည်။ ကျွန်တော့်ဘဝတွင် ဆုဟူသည် တစ်ခါတလေမျှပင် မရဖူးသဖြင့် ကျွန်တော့်ရင်ထဲတွင် လှိုက်လှိုက်လှဲလှဲ ဝမ်းသာနေပေတော့သည်။

"သူ စာစီစာကုံး ပထမဆုရတာ အံ့သြစရာပဲနော်"

"ဘာဖြစ်လို့လဲ"

"ဟာ နင်ကလည်း ဆရာမပြောတာမကြားဘူးလား၊ သူက လပတ်စာမေးပွဲတွေမှာ သင်္ချာရမှတ် အောင်မှတ်တစ်ခါမှမပြည့်ဘူးလေ"

"သူက သင်္ချာရမှတ်သာနည်းတာ၊ မြန်မာစာအမှတ်ဆို ဂုဏ်ထူးမှတ်နီးနေတာလေ"

"ဝင်မှာပေါ့အေ့၊ သူက ကဗျာတွေဘာတွေတောင်ရေးလို့ စာစောင်တွေ၊ မဂ္ဂဇင်းတွေမှာတောင် ပါနေပြီလေ"

ဤသည်တို့မှာကား ကျွန်တော် စာစီစာကုံးပထမဆုရသဖြင့် အတန်းဖော်ကျောင်းသူများကြားတွင် ပြောစမှတ်ကျန်ခဲ့ခြင်းပင် ဖြစ်ပါတော့သည်။

- - - - - - - - - - - - - - - - -

၁၉၆၅-၆၆ ခုနှစ် ပညာသင်နှစ်၏ နဝမတန်း (တန်းမြင့်ကျောင်းထွက်လက်မှတ်ရစာမေးပွဲ) ဖြေကြရလေပြီ။

ပထမနေ့တွင် မြန်မာစာဖြေရသည်။ စာပေရေးသားနေသူ ကျွန်တော့်အတွက် မြန်မာစာဘာသာရပ်မှာ ကိုယ်ပိုင်ဘာသာရပ်လို ဖြစ်နေပေရာ ကောင်းကောင်းဖြေနိုင်ပေသည်။ တစ်ပုဒ်မှမလွတ်၊ အပုဒ်စေ့ဖြေနိုင်သည်။ ရင်ထဲမှာ ပေါ့ပါးပျော်ရွှင်နေမိသည်။ စာမေးပွဲဒုတိယနေ့မှာတော့ အင်္ဂလိပ်စာဖြေရသည်။ အင်္ဂလိပ်စာ(၁)နှင့် (၂) ကို မေးခွန်းစာရွက်တစ်ခုတည်းတွင် အမှတ် ၁၀၀ ဖိုး မေးထားသည်။ ကျွန်တော့်မှာ အရမ်းဖြေနိုင်သည်ဟု မဆိုနိုင်သော်လည်း အသင့်အတင့်ဖြေနိုင်သဖြင့် အောင်မှတ်ကတော့ အေးအေးဆေးဆေးရလိမ့်မည်ဟု ခံယူလိုက်ပေသည်။ တတိယနေ့မှာ သင်္ချာ(၁)ဘာသာရပ်ကို စစ်သည်။ ကျွန်တော် အလွန်ကြောက်သောဘာသာရပ်ပင်ဖြစ်သည်။ ထင်သည့်အတိုင်းပါပေ။ အပိုင်း

> **"သားရယ် စာမေးပွဲရှုံးတာ အဆန်းမဟုတ်ပါဘူး။ ကျောင်းသားတစ်ယောက် စာမေးပွဲဖြေတာမှာ အောင်ရင်အောင်မယ်၊ ရှုံးရင်ရှုံးမယ်ပေါ့၊ သား ဒီနှစ်ရှုံးတော့ နောက်နှစ်ဆက်ဖြေပေါ့။ အဖေ သားကိုကျောင်းထားပေးနိုင်အောင် ကြိုးစားနေတာပဲ၊ သား စာမေးပွဲဆက်ဖြေနော်"**
>
> **မြင်းမိုရ်ရွှေတောင် အဖေကြီးစကား လေးနက်လိုက်ပါဘိခြင်း။ ကျွန်တော် အဖေကြီးကို တစ်ချက်မော့ကြည့်ပြီး ခေါင်းလေးတစ်ချက် ညိတ်ပြလိုက်သည် . . ."**

ဂဏန်းတစ်ပုဒ်မှအပ ကျန်သောပုစ္ဆာများကို ဟုတ္တိပတ္တိ မဖြေနိုင်ပေ။ သူငယ်ချင်းတွေကပြောတော့ တစ်ပုဒ်လုံး အဖြေမှန်အောင် မဖြေနိုင်သော်လည်း တစ်ဆင့်ပြီးတစ်ဆင့် အမှတ်ပေးခြင်းဖြစ်၍ အောင်မှတ်ရနိုင်သည်ဟု အားပေးကြသည်။ (သင်္ချာ(၁) ဘာသာရပ်မှာ ဦးပန်းရည် သင်္ချာစာအုပ်ကို ပြဋ္ဌာန်းထားခြင်းပင် ဖြစ်ပေသည်) စတုတ္ထနေ့တွင် သမိုင်းဘာသာရပ်ကို ဖြေရသည်။ ကျွန်တော့်မှာ သင်္ချာဉာဏ်နည်းသော်လည်း ကျက်စာများကို ကောင်းကောင်းကျက်ထားသည့်အပြင် ဗဟုသုတစာပေများကို လေ့လာထားသဖြင့် သမိုင်းဘာသာရပ်ကို ကောင်းကောင်းဖြေနိုင်သည်။ စာမေးပွဲပဉ္စမနေ့တွင်တော့ ပထဝီဝင်ဘာသာရပ်ကို ဖြေရသည်။ ပထဝီဝင်ဘာသာကိုလည်း ဖြေနိုင်ပါသည်။ ခြောက်ရက်မြောက်နေ့မှာတော့ နောက်ဆုံးဘာသာရပ် သင်္ချာ(၂)မေးခွန်းကို ဖြေကြရသည်။ သင်္ချာ(၂)ဘာသာရပ်မှာ အက္ခရာသင်္ချာနှင့် ဂျီသြမေတြီဘာသာရပ်တို့ကို အမှတ် ၅၀ ဖိုးစီ ခွဲဝေမေးထားသောမေးခွန်းဖြစ်သည်။ သင်္ချာ(၂)မေးခွန်းသည်လည်း သင်္ချာညံ့သောကျွန်တော့်ကို ချာချာလည်စေခဲ့လေပြီ။ ကျွန်တော် သတိထားမိသည်မှာ အက္ခရာသင်္ချာတွင် နှစ်ပုဒ်ကောင်းကောင်းဖြေနိုင်ပြီး ဂျီသြမေတြီဘာသာရပ်တွင် သီအိုရီ (၂၉) ဖြစ်သော ပိုက်သာဂိုရပ်သီအိုရီတစ်ပုဒ်ကိုတော့ အလွတ်ကျက်သလို လေ့လာထား၍ ဖြေနိုင်ခဲ့သည်။ ဘာသာရပ်ခြောက်ခုဖြေအပြီးမှာတော့ ကျွန်တော့်အဖို့ စာမေးပွဲဖြေနိုင်သည်ဟု ပြောဖို့ခက်လှပေသည်။

၁၉၆၆ ခုနှစ် မတ်လတွင် စစ်ဆေးခဲ့သော နဝမတန်းစာမေးပွဲဖြေအပြီး အိမ်ပြန်ချိန်မှာကား ကျွန်တော့်အတွက် မရွှင်မပျအခြေအနေမျိုးနှင့် နွမ်းလျအိမ်ပြန်ဖြစ်ခဲ့ရချေလေပြီ။ မောသည်ပန်းသည်ဟူ၍ အလျှင်းမရှိသောအချိန်သည် စက္ကန့်နှင့်အမျှ ပြေးလွှားနေလေ့ရှိပေရာ ကျွန်တော်တို့ စာဖြေကျောင်းသားများအတွက် အောင်စာရင်းထွက်သည့်ကာလသို့ ရောက်ရှိခဲ့ပါလေပြီ။ သေချာရေရာမှုမရှိသော ကျွန်တော့်လို အသုံးမကျသည့်သူအတွက် အနုတ်လက္ခဏာပြ သင်္ကေတနှင့် ရှုံးသည်ဆိုခြင်းမှာ အဆန်းမဟုတ်ပါလေ။ ကျွန်တော် ချုံးပွဲချ မငိုခဲ့သော်လည်း မိုက်နောင်တသည် ကျွန်တော့်ရင်၌ အစိုင်အခဲကြီးမားစွာ ဖြစ်တည်နေပေ၏။ စာမေးပွဲအဖြေသိသောနေ့က ကျွန်တော့်အဖေနှင့်အမေ့ကို သတိထားပြီး ကြောက်ကြောက်ရွံ့ရွံ့ကြည့်မိသည်။ လှေပေါ်မှာ လှေထိုးရင်း အချိန်ကုန်ပြီး နေလောင်ဒဏ်ကြောင့် နီညိုရောင်သန်းနေသော အဖေ့မျက်နှာ ပိုပြီးအိုစာသွားသလို တွေ့လိုက်ရသည်။ အမေသည် နို့စို့ကလေးကို ရင်ခွင်ပိုက်နို့တိုက်ရင်း ကလေးပါးပြင်မို့မို့လေးပေါ်သို့ မျက်ရည်တစ်စက် ကြွေဆင်းသွားသည်။ အမေ့ကိုဆက်ကြည့်နိုင်သည့် အင်အားမရှိတော့သလို ကျွန်တော်ခံစားသွားရသည်။

"သားရယ် စာမေးပွဲရှုံးတာ အဆန်းမဟုတ်ပါဘူး။ ကျောင်းသားတစ်ယောက် စာမေးပွဲဖြေတာမှာ အောင်ရင်အောင်မယ်၊ ရှုံးရင်ရှုံးမယ်ပေါ့၊ သား ဒီနှစ်ရှုံးတော့ နောက်နှစ်ဆက်ဖြေပေါ့။ အဖေ သားကိုကျောင်းထားပေးနိုင်အောင် ကြိုးစားနေတာပဲ၊ သား စာမေးပွဲဆက်ဖြေနော်"

မြင်းမိုရ်ရွှေတောင် အဖေကြီးစကား လေးနက်လိုက်ပါဘိခြင်း။ ကျွန်တော် အဖေကြီးကို တစ်ချက်မော့ကြည့်ပြီး ခေါင်းလေးတစ်ချက် ညိတ်ပြလိုက်သည်။

"သား ကျောင်းဆက်တက်နော်။ အမေတို့ ပင်ပန်းကြတယ်ဆိုပြီး အဖေ၊ အမေတို့ကိုညှာပြီး ကျောင်းထွက်မယ်တော့ မလုပ်ပါနဲ့သားရယ်၊ စာမေးပွဲဆက်ဖြေပြီး ကိုယ့်ရွာက ကလေးတွေကို စာသင်ပြပေးနိုင်တဲ့ ကျောင်းဆရာဖြစ်အောင် ကြိုးစားစမ်းပါကွယ်၊ သားကြီး ကျောင်းဆရာအဖြစ်နဲ့ ကျောင်းသွားစာပြနေတာ အမေမြင်ချင်လိုက်တာသားရယ်"

အမေ့ဆုံးမစကား ရင်ထဲထိလိုက်တာ။ ကျွန်တော့်ရင်ထဲမှာ ဆို့နင့်ပြီး ငိုချင်သလိုဖြစ်သွားသည်။ ကိုယ့်ကိုယ်ကိုယ်လည်း အသုံးမကျသူ၊ အလကားကောင်အဖြစ် ခွင့်မလွှတ်နိုင်သလို ဖြစ်သွားခဲ့သည်။

"ငါ တော်တော် အသုံးမကျတဲ့ကောင်ပဲ" ကိုယ့်ကိုယ်ကိုယ် ဘဝင်မကျမှု စိတ်သန္တာန်သည် ခံစားချက်နှလုံးအိမ်၌ အထပ်ထပ်ရစ်ပတ်နေပေ၏။

- - - - - - - - - - - - - - - - -

၁၉၆၆-၆၇ ခုနှစ် ပညာသင်နှစ်အတွက် နဝမတန်း (တန်းမြင့်ကျောင်းထွက်လက်မှတ်ရစာမေးပွဲ) ဖြေဆိုရန်အတွက် ကျောက်ဖြူမြို့ကြီးသို့ ရောက်လာခဲ့ပြန်ပါပြီ။ ကျွန်တော့်အဘွား ဒေါ်ရွှေစုဆီမှာပဲ မှီခိုကပ်ရပ်ခဲ့သည်။ ကျွန်တော်သည် ကျောက်ဖြူမြို့ပြကြီးသို့ ရောက်လာခဲ့သည်မှာ ခုနစ်နှစ်လုံးလုံးကြီးရှိပါပြီ။ တစ်နည်းအားဖြင့် ကျေးလက်တောရွာက နွမ်းပါးသည့်အဖေနှင့်အမေတို့ သားကိုချစ်လွန်းလို့ မြို့ပို့ပေးခဲ့ခြင်း ခုနစ်နှစ်မြောက်နှစ်ပါပဲ။

**ဆက်လက်ဖော်ပြပါမည်။**

## မင်းလှမြို့နယ် မလွန်ကျေးရွာ၌ အသက်မွေးဝမ်းကျောင်းအထောက်အကူပြု အခြေခံစက်ချုပ်သင်တန်းဆင်းပွဲကျင်းပ



မင်းလှ ဩဂုတ် ၂၇

မကွေးတိုင်းဒေသကြီး သရက်ခရိုင် မင်းလှမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ယခုဘဏ္ဍာနှစ်တွင် မလွန်ကျေးရွာ၌ အသက်မွေးဝမ်းကျောင်း အထောက်အကူပြု အခြေခံစက်ချုပ်သင်တန်းဆင်းပွဲအခမ်းအနားကို ဩဂုတ်လ ၂၆ ရက်က ကျင်းပသည်။

ရှေးဦးစွာ မင်းလှမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသန်းထွန်းအောင်က အခြေခံစက်ချုပ်သင်တန်းဆင်းပွဲနှင့် ပတ်သက်၍ သင်တန်းဆင်းအမှာစကား ပြောကြားသည်။

ဆက်လက်၍ မင်းလှမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်သင်းသင်းအေးက မလွန်ကျေးရွာ၌ အခြေခံစက်ချုပ်သင်တန်းဖွင့်လှစ်သင်ကြားပေးရခြင်း၏ ရည်ရွယ်ချက်များ၊ အကျိုးကျေးဇူးများကိုပြောကြားပြီး သင်တန်းမှ သင်ကြားပို့ချပေးခဲ့သည့် သင်ခန်းစာများကို စဉ်ဆက်မပြတ်လေ့လာကာ မိသားစုအတွက် တစ်ဖက်တစ်လမ်းမှ အပိုဝင်ငွေရှာဖွေပေးနိုင်သည်အထိ ကြိုးစားကြစေလိုကြောင်း၊ သင်တန်းလွန်ကာလတွင် အလုပ်အကိုင်ရရှိရေး ချိတ်ဆက်ဆောင်ရွက်ပေးမည့် အခြေအနေများ၊ ရင်းနှီးမတည်ငွေများရရှိအောင် ဆောင်ရွက်ပေးမည့်အခြေအနေများကို ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

ထို့နောက် မင်းလှမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသန်းထွန်းအောင်က ထူးချွန်ပထမဆုရ သင်တန်းသူတစ်ဦးကို အပ်ချုပ်စက်တစ်လုံး ချီးမြှင့်ပြီးနောက် သင်တန်းဆင်းပွဲသို့ တက်ရောက်လာကြသည့် ဌာနဆိုင်ရာတာဝန်ရှိသူများက ထူးချွန်ဆုများ၊ သင်တန်းဆင်းလက်မှတ်များနှင့် အမှတ်တရပစ္စည်းများ ပေးအပ်ကြသည်။

အဆိုပါအခြေခံစက်ချုပ်သင်တန်းသို့ မလွန်ကျေးရွာနှင့် အနီးပတ်ဝန်းကျင်ကျေးရွာများမှ သင်တန်းသူ ၂၀ ဦး တက်ရောက်ပြီး အခြေခံစက်ချုပ်နည်းနှင့်ပတ်သက်၍ ကျွမ်းကျင်နည်းပြဆရာမနှစ်ဦးက သင်ထောက်ကူပစ္စည်းအပြည့်အစုံဖြင့် ဒီဇိုင်းဘာသာရပ် ၁၀ မျိုးကို ဇူလိုင်လ ၂၈ ရက်မှ ဩဂုတ်လ ၂၆ ရက်အထိ စာတွေ့လက်တွေ့ အခမဲ့သင်ကြားပို့ချပေးခဲ့ကြောင်း သိရသည်။

**ချိုလေး**

# ယာဉ်စည်းကမ်း လမ်းစည်းကမ်းနှင့် ယာဉ်အန္တရာယ်ကင်းရှင်းရေး အသိပညာပေး ဟောပြော

ကျောက်ဆည် ဩဂုတ် ၂၇

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်စေရေး၊ ယာဉ်တိုက်မှုလျော့နည်းပပျောက်စေရေးအတွက် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့် ယာဉ်အန္တရာယ်ကင်းရှင်းရေး အသိပညာပေးဟောပြောပွဲကို ဩဂုတ်လ ၂၆ ရက်က ကျောက်ဆည်မြို့ရှိ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန၌ ကျင်းပကြောင်း သိရသည်။

ရှေးဦးစွာ ကျောက်ဆည်ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်တင်တင်ထွေးက လမ်းလျှောက်သူများအနေဖြင့် လမ်းဖြတ်ကူးပါက လိုက်နာရမည့်အချက်များ၊ မော်တော်ဆိုင်ကယ်၊ မော်တော်ယာဉ်များဖြင့် ခရီးသွားပါက သတ်မှတ်ယာဉ်ကြောမှ မောင်းနှင်ကြရန်၊ တစ်စီးနှင့်တစ်စီး ကပ်လိုက်ပြီး မောင်းနှင်ခြင်းမပြုကြရန်၊ လုမမောင်းကြရန်၊ လမ်းမကြီးမှယာဉ်ကို ဦးစားပေးရန်၊ လမ်းကွေ့ပါက ကြိုတင်အချက်ပြရန်၊ လမ်းဆုံ၊ လမ်းကွေ့များတွင် အရှိန်လျှော့မောင်းကြရန်၊ မော်တော်ဆိုင်ကယ်စီးနင်းပါက လုံခြုံစိတ်ချရသော ဆိုင်ကယ်စီးဦးထုပ်များဆောင်းပြီး မေးသိုင်းကြိုးတပ်ဆင်ကြရန်၊ လမ်းပြောင်းပြန်မမောင်းရန်စသည့် လိုက်နာရမည့်စည်းကမ်းများအကြောင်း ဟောပြောသည်။

ဆက်လက်၍ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်နှင်းရီက ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့် မော်တော်ယာဉ်စီမံခန့်ခွဲမှု ဥပဒေ(၂၀၂၀)တွင် ပြဋ္ဌာန်းထားသော ပုဒ်မ ၇၅ ပါ အကြောင်းအရာများနှင့် ပုဒ်မ(၇၆)၊ (၇၇)၊ (၈၀)၊ (၈၁)၊ (၈၂)၊ (၈၃)၊ (၉၆)၊(၉၇)အကြောင်းများနှင့် ရဲအရေးပိုင်ပုဒ်မများဖြစ်သည့် ပုဒ်မ(၇၈)၊ (၇၉)၊ (၈၄)၊ (၈၅) အကြောင်းအရာများကို ဟောပြောပြီး အသိပညာပေးဟောပြောပွဲသို့ တက်ရောက်လာကြသည့်ကျောင်းသား၊ ကျောင်းသူများက သိရှိလိုသည်များမေးမြန်းရာ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်တင်တင်ထွေးက ပြန်လည်ရှင်းလင်းဖြေကြားပေးခဲ့ကြောင်း သိရသည်။

**စုစုအေး(ကျောက်ဆည်)**

# ရေကြည်မြို့နယ်၌ ဒေသထွက်နာနတ်သီးများ ဝယ်လိုအားများပြီး အရောင်းအဝယ်ကောင်းမွန်နေ

ရေကြည် ဩဂုတ် ၂၇



ဧရာဝတီတိုင်းဒေသကြီး ရေကြည်မြို့နယ်၌ ဒေသထွက်နာနတ်သီးများ ဝယ်လိုအားများပြီး အရောင်းအဝယ်ကောင်းမွန်နေကြောင်း ရေကြည်မြို့နယ်၌ သီးနှံစုံရောင်းဝယ်ရေးလုပ်ငန်းလုပ်ကိုင်သူ ဒေါ်နုနုအေး၏ပြောဆိုချက်အရ သိရသည်။

ရေကြည်မြို့နယ်၌ ဩဂုတ်လပထမပတ်မှစ၍ ဒေသထွက်နာနတ်သီးများ အရောင်းအဝယ် ကောင်းမွန်နေကြောင်း သိရသည်။

"နာနတ်ပင်က စိုက်ရတာလည်း လွယ်ကူတာကြောင့် တောင်သူတွေအတွက် အစစအရာရာအဆင်ပြေပါတယ်။ လက်ရှိမှာ ရေကြည်မြို့နယ်ကထွက်တဲ့ ဒေသထွက်နာနတ်သီးတွေ အရောင်းအဝယ်ကောင်းနေပါတယ်။ ဩဂုတ်လပထမပတ်လောက်ကတည်းက အရောင်းအဝယ်ကောင်းနေတာပါ။ လက်ရှိ ဒေသထွက်နာနတ်သီးတွေက ဒေသဈေးကွက်မှာကို အရောင်းအဝယ်ကောင်းနေတာပါ။ အခုလို နာနတ်သီးပေါ်တဲ့အချိန် အဝယ်လိုက်နေတော့ စိုက်ပျိုးတဲ့သူတွေ အဆင်ပြေပါတယ်။ နာနတ်ပင်တွေကို မြေအောက်ရေအစိုဓာတ်များများရရှိတဲ့ နေရာတွေမှာစိုက်တာဖြစ်ပါတယ်။ နာနတ်ကို စိုက်ခင်းအဖြစ်နဲ့ရော သီးညှပ်သီးနှံအဖြစ်နဲ့ပါ စိုက်ပျိုးကြပါတယ်" ဟု ဒေါ်နုနုအေးက ပြောသည်။

ရေကြည်မြို့နယ်၌ ဒေသခံတောင်သူများသည် စပါးစိုက်ပျိုးသည့်လုပ်ငန်းနှင့်ယှဉ်တွဲပြီး တောင်သူတစ်ဦးလျှင် နာနတ်တစ်ဧကမှ ငါးဧကအထိ စိုက်ပျိုးကြကြောင်း သိရသည်။

**သုတကျော်**

# ပွင့်ဖြူမြို့နယ်ရှိဒေသခံတောင်သူများ မုန်းချောင်းရေနှင့်မြေအောက်ရေအသုံးပြု၍ ဟင်းသီးဟင်းရွက်သီးနှံစုံစိုက်ပျိုးရေးလုပ်ငန်းကိုအားထားလုပ်ကိုင်လာ

ပွင့်ဖြူ ဩဂုတ် ၂၇


မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်ရှိ ဒေသခံတောင်သူများက မုန်းချောင်းရေနှင့်မြေအောက်ရေကိုအသုံးပြု၍ ဟင်းသီးဟင်းရွက်သီးနှံစုံ စိုက်ပျိုးရေးလုပ်ငန်းကို အားထားလုပ်ကိုင်လာကြကြောင်း ပွင့်ဖြူမြို့နယ်အတွင်းရှိ ဒေသခံတောင်သူများ၏ပြောပြချက်အရ သိရသည်။

"ပွင့်ဖြူမြို့နယ်က ဒေသခံတောင်သူတွေက မုန်းချောင်းရေနဲ့မြေအောက်ရေကို အသုံးပြုပြီး ဟင်းသီးဟင်းရွက်သီးနှံစုံ စိုက်ပျိုးရေးလုပ်ငန်းကို အားထားလုပ်ကိုင်လာကြပါတယ်။ ဟင်းသီးဟင်းရွက်တွေစိုက်ပျိုးရာမှာ စားသုံးသူပြည်သူတွေ အစားအစာဘေးကင်းလုံခြုံစေဖို့ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနရဲ့ ကြီးကြပ်မှုနဲ့ စိုက်ပျိုးရေးဆိုင်ရာအလေ့အကျင့်ကောင်းများ (GAP)စနစ်နဲ့ စနစ်တကျ စိုက်ပျိုးတာဖြစ်ပါတယ်။ တောင်သူတွေ အဓိကစိုက်ပျိုးတဲ့ဟင်းသီးဟင်းရွက်တွေက ခရမ်းချဉ်၊ ခရမ်းသီး၊ ပန်းမုန်လာ၊ မုန်လာဥဖြူ၊ ကိုက်လန်၊ ကြက်ဟင်းခါး၊ ရွှေဖရုံ၊ ဘူး၊ သခွား၊ ပိန်းဥ၊ အာလူး၊ ကြက်သွန်၊ ငရုတ်၊ ကန်စွန်း၊ ချဉ်ပေါင်၊ ဆူးပုပ်နဲ့ ပုံလုံသီး(ခေါ်)ပဲရှည်သီးစတဲ့ သီးနှံတွေဖြစ်ပါတယ်။ ဟင်းသီးဟင်းရွက်စိုက်ပျိုးရေးလုပ်ငန်းကမိသားစုစားဝတ်နေရေးအတွက် တစ်ဖက်တစ်လမ်းက အပိုဝင်ငွေရရှိပါတယ်" ဟု ပွင့်ဖြူမြို့နယ် သရက်အုပ်ကျေးရွာမှ ဒေသခံတောင်သူတစ်ဦးက ပြောသည်။

ပွင့်ဖြူမြို့နယ်၌ ယခုနှစ်မိုးသီးနှံစိုက်ပျိုးရာသီတွင် ဒေသခံတောင်သူများ သီးနှံဝင်ငွေ တိုးပွားစေရေးအတွက် ဟင်းသီးဟင်းရွက်သီးနှံစုံ ၉၁၄ ဧကလျာထားစိုက်ပျိုးလျက်ရှိရာ လက်ရှိတွင် ၉၀၉ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

**လှိုင်ဝင်းလေး ( ပွင့်ဖြူမြေ )**

# မိုးလေဝသ သတင်း




# အခြေခံပညာအထက်တန်းကျောင်းခွဲ(ပေပင်ကြီး)၌ စာဖတ်ရှိန်မြှင့်တင်ရေး လူငယ်စကားဝိုင်းကျင်းပ

ကန်ကြီးထောင့် ဩဂုတ် ၂၇

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ကန်ကြီးထောင့်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ ကျောင်းသား၊ ကျောင်းသူများ ဗလငါးတန်နှင့်ပြည့်စုံပြီး အသိပညာ ဗဟုသုတများ ဖလှယ်တတ်စေရန် စာဖတ်ရှိန်မြှင့်တင်ရေး လူငယ်စကားဝိုင်းဆွေးနွေးပွဲကို ဩဂုတ်လ ၂၆ ရက်က ပေပင်ကြီးကျေးရွာအုပ်စု အခြေခံပညာအထက်တန်းကျောင်းခွဲ (ပေပင်ကြီး)၌ ကျင်းပသည်။

ရှေးဦးစွာ ကန်ကြီးထောင့်မြို့နယ်ပညာရေးမှူး ဒေါ်တင်မေသန်းက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ဇင်မာဦးက ကျောင်းသား၊ ကျောင်းသူလူငယ်များ အသိပညာတိုးတက်လာစေရန်၊ ပရိသတ်ရှေ့တွင် ပြောရဲဆိုရဲရှိစေရန်၊ ကိုယ်ရည်ကိုယ်သွေးမြင့်မားလာစေရန်၊ လူငယ်အချင်းချင်း ရင်းနှီးချစ်ခင်မှုများ တိုးပွားလာစေရန်နှင့် စာဖတ်ရှိန်မြှင့်တင်ရေးအတွက် ရည်ရွယ်၍ လူငယ်စကားဝိုင်းကျင်းပရခြင်းဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ လူငယ်စကားဝိုင်းဆွေးနွေးပွဲကိုကျင်းပရာ အထက်တန်းပြဆရာမ ဒေါ်ယဉ်ယဉ်စန်းက ဦးဆောင်ဆွေးနွေးသူအဖြစ်ဆောင်ရွက်ပြီး Grade-11 မှ မလင်းလက်ကြယ်စင်က ယဉ်ကျေးသိမ်မွေ့ မြန်မာ့ဓလေ့၊ Grade-10 မှ မောင်ကောင်းမြတ်သူက စာအုပ်စာပေ လူ့မိတ်ဆွေ၊ Grade-10မှ မဆုဝေထက်က လူငယ်နှင့်ကိုယ်ကျင့်တရား၊ Grade-7 မှ မဇူလိုင်မိုးပွင့်က လူငယ်နှင့်မိုဘိုင်းလ်ဖုန်းသုံးစွဲမှုခေါင်းစဉ်တို့ဖြင့် အသီးသီးဆွေးနွေးကြကာ ရပ်မိရပ်ဖ ဦးစံငြိမ်းက လိုအပ်သည်များကို ဖြည့်စွက်ဆွေးနွေးသည်။

ထို့နောက် အဆိုပါစကားဝိုင်းဆွေးနွေးပွဲတွင် ပါဝင်ဆွေးနွေးခဲ့ကြသော ရပ်မိရပ်ဖ၊ ဆရာမနှင့် ကျောင်းသား၊ ကျောင်းသူများကို မြို့နယ်ပညာရေးမှူးက ဂုဏ်ပြုဆုငွေများပေးအပ်ကြောင်း သိရသည်။

**ကျော်ဇင်စိုး(ပြန်/ဆက်)**

# စွယ်တော်မြတ်စေတီတော်(မန္တလေး)ဘက်စုံပြုပြင်မွမ်းမံရန်အတွက် တပ်မတော် (ကြည်း၊ ရေ၊ လေ)မိသားစုများက အလှူငွေများ ထည့်ဝင်လှူဒါန်း



အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်ကိုထိုက် စွယ်တော်မြတ်စေတီတော်(မန္တလေး)ဘက်စုံပြုပြင်မွမ်းမံရန်အတွက် တပ်မတော်(ကြည်း၊ ရေ၊ လေ) မိသားစုများကလှူဒါန်းသည့် အလှူငွေကျပ်သိန်းတစ်ထောင်ကို ပေးအပ်လှူဒါန်းစဉ်။

နေပြည်တော် ဩဂုတ် ၂၇

မန္တလေးတိုင်းဒေသကြီး၊ မန္တလေးခရိုင်၊ အမရပူရမြို့နယ်၊ ရှားတောလေးကျေးရွာအနီးရှိ မဟာဓမ္မရံသီကုန်းတော်မြတ်၌ တည်ထားကိုးကွယ်သည့် စွယ်တော်မြတ်စေတီတော်(မန္တလေး)ဘက်စုံပြုပြင်မွမ်းမံရန်အတွက် တပ်မတော်(ကြည်း၊ ရေ၊ လေ) မိသားစုများက အလှူငွေများ ထည့်ဝင်လှူဒါန်းသည်။

ထိုသို့ တပ်မတော်(ကြည်း၊ ရေ၊ လေ) မိသားစုများက ထည့်ဝင်လှူဒါန်းသည့် အလှူငွေကျပ်သိန်းတစ်ထောင်ကို ယနေ့နံနက်ပိုင်းတွင် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်ကိုထိုက်က သွားရောက်ပေးအပ်လှူဒါန်းရာ စေတီတော်ဂေါပကအဖွဲ့ဝင်များက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ (ဘဘဘ)

---

● ရှေ့ဖုံးမှအဆက်



ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဇော်ဟိန်းနှင့်တာဝန်ရှိသူများက တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ လေ့လာရေးခရီး ထွက်ခွာမည့် ၂၀၂၃-၂၀၂၄ ပညာသင်နှစ်တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့သည့် ကျောင်းသား၊ ကျောင်းသူများနှင့် ဂုဏ်ထူးဖြင့်အောင်မြင်ခဲ့သောစစ်သည်များပါဝင်သည့် မျိုးဆက်သစ်ထူးချွန်လူငယ်မောင်မယ်များနှင့်အတူ စုပေါင်းဓာတ်ပုံရိုက်စဉ်။

ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ရင်းရင်းနှီးနှီးလိုက်လံအားပေးပြီး ပို့ဆောင်နှုတ်ဆက်ကြသည်။

အဆိုပါလေ့လာရေးအဖွဲ့အား ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) စစ်ရေးချုပ်ရုံးမှ ဗိုလ်မှူးကြီးသူရိန်ထွန်း ဦးဆောင်၍ စစ်မှုထမ်းဆဲ/စစ်မှုထမ်းဟောင်းမိသားစုဝင်သား၊သမီးများမှ ၂၀၂၃-၂၀၂၄ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်ပြီး နိုင်ငံတော်အဆင့် ဘက်စုံပညာထူးချွန်လူငယ်ရွေးချယ်ခံရသည့် ကျောင်းသား၊ ကျောင်းသူ ၅ ဦး၊ အမှတ်အများဆုံးရရှိသော ကျောင်းသား၊ ကျောင်းသူ ၁၆ ဦး၊ ဂုဏ်ထူးသုံးဘာသာဖြင့်အောင်မြင်သော စစ်သည်တစ်ဦး၊ ဂုဏ်ထူးနှစ်ဘာသာဖြင့်အောင်မြင်သော စစ်သည်နှစ်ဦးနှင့် ကျောင်းအုပ်ကြီး/ကျောင်းအုပ်ချုပ်မှုတာဝန်ခံ ၅ ဦးအပါအဝင် စုစုပေါင်း ၂၉ ဦးတို့ပါဝင်ပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ဩဂုတ်လ ၂၆ ရက်မှ ၃၁ ရက်ထိ လေ့လာရေးခရီး သွားရောက်ကြမည်ဖြစ်သည်။

တပ်မတော်အနေဖြင့် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့သည့် စစ်သည်များ၊ တပ်မတော်သားမိသားစုဝင်သား၊ သမီးများ၊ စစ်မှုထမ်းဟောင်းမိသားစုဝင် သား၊သမီးများနှင့် စစ်သည်အစားခန့်အရပ်သားအမှုထမ်းများ၏ သား၊သမီးများအား ဂုဏ်ပြုဆုချီးမြှင့်ခြင်းကို ၂၀၁၁-၂၀၁၂ ပညာသင်နှစ်မှ စတင်ပေးအပ်ခဲ့ပြီး ဆုရရှိသူများအနက်မှ ထူးချွန်စစ်သည်နှင့် ဘက်စုံထူးချွန်လူငယ်များအား ၂၀၁၃ ခုနှစ်မှစ၍ ပြည်ပနိုင်ငံများသို့လေ့လာရေးခရီးစဉ်များ စီစဉ်စေလွှတ်ပေးခဲ့သော်လည်း ကမ္ဘာတစ်ဝန်းဖြစ်ခဲ့သည့် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားချိန်များ၌ရပ်နားခဲ့ရပြီး ၂၀၂၃-၂၀၂၄ ပညာသင်နှစ်မှသာ လေ့လာရေးခရီး ပြန်လည်စေလွှတ်နိုင်ခဲ့ခြင်းဖြစ်သည်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ သွားရောက်လေ့လာကြမည့် အုပ်ချုပ်သူများနှင့် မျိုးဆက်သစ်ထူးချွန်ကျောင်းသား၊ ကျောင်းသူများ၏လေ့လာရေးခရီးစဉ်နှင့် ပတ်သက်၍ ပြောကြားမှုများကို ယခုလိုပဲ ကြားသိရပါတယ်-

**မောင်ကောင်းထက်သာ**
**(ခြောက်ဘာသာဂုဏ်ထူးရှင်)**

ကျွန်တော်က အ.ထ.က(၁) ဒဂုံကနေ ခြောက်ဘာသာဂုဏ်ထူးနဲ့ အောင်မြင်ခဲ့ပါတယ်။ စာသင်နှစ်အစကနေ သင်ခန်းစာတစ်ခုချင်းစီကို ပိုင်နိုင်အောင် ကျက်မှတ်ခဲ့ပါတယ်။ ဆရာ၊ ဆရာမတွေ စာသင်ကြားရင် ဂရုစိုက်နားထောင်ပြီး အတတ်နိုင်ဆုံးမှတ်မိအောင် ကြိုးစားခဲ့ပါတယ်။ ကိုယ့်ဘာသာစာပြန်ကြည့်တဲ့အချိန်ကိုလည်း အတတ်နိုင်ဆုံး အနည်းဆုံးနဲ့အထိရောက်ဆုံးဖြစ်အောင်၊ စာပြန်ကြည့်ချိန်နဲ့ အနားယူချိန်မျှတအောင် စနစ်တကျ အချိန်ဇယားချမှတ်ပြီး ကျက်မှတ်ခဲ့ပါတယ်။ အခုလိုရလဒ်ကောင်းအောင်ပံ့ပိုးပေးကြတဲ့ မိဘနှစ်ပါးနဲ့ ငယ်စဉ်ကနေ အခုချိန်အထိ ပညာသင်ကြားပေးခဲ့တဲ့ ဆရာ၊ ဆရာမတွေကို ကျေးဇူးတင်ပါတယ်။ အခုလိုခရီးစဉ်ကို လိုက်ပါခွင့်ရရှိအောင် စီစဉ်ပေးကြတဲ့ နိုင်ငံတော်အကြီးအကဲနဲ့ တာဝန်ရှိသူအားလုံးကို ကျေးဇူးတင်ပါတယ်။

**မရှင်းသန့်မေ**
**(ငါးဘာသာဂုဏ်ထူးရှင်)**

ပညာရေးတက္ကသိုလ် လေ့ကျင့်ရေးအထက်တန်းကျောင်းကနေ ဂုဏ်ထူးငါးဘာသာရရှိခဲ့ပါတယ်။ တရုတ်ပြည်သူ့သမ္မတနိုင်ငံကို လေ့လာရေးပို့ဆောင်ပေးတဲ့အတွက် ဝမ်းသာသလို ဂုဏ်လည်းယူပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ဒီလိုနိုင်ငံမျိုးကိုသွားဖို့ဆိုတာ တော်ရုံမလွယ်တဲ့ အခွင့်အရေးပါ။ ဒါကြောင့် ဒီလိုခရီးစဉ်ကို စီစဉ်ပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်။ ဂုဏ်ထူးရဖို့ တစ်နေ့စာတစ်နေ့ကျက်မှတ်ခဲ့ပါတယ်။ ပြီးတော့ ဆရာ၊ ဆရာမတွေ သင်ကြားပြသတာကို အမြဲမပြတ်နားထောင်ပြီး လိုက်နာခဲ့ပါတယ်။ နားမလည်တာရှိရင် အချိန်မဆွဲဘဲ ချက်ချင်းမေးမြန်းပါတယ်။ အနာဂတ်ရည်မှန်းချက်ကတော့ နိုင်ငံတော်ကိုအကျိုးပြုနိုင်တဲ့ ဆရာဝန်ဖြစ်အောင် ကြိုးစားမယ်လို့ ဆုံးဖြတ်ထားပါတယ်။ ဒီလိုခရီးစဉ်ကို သွားရောက်နိုင်အောင် စီစဉ်ပေးတဲ့ နိုင်ငံတော်အကြီးအကဲနဲ့ တာဝန်ရှိသူတွေကို ကျေးဇူးတင်ရှိပါတယ်။

**ဒုတိယတပ်ကြပ် သက်ပိုင်လင်း**
**(သုံးဘာသာဂုဏ်ထူးရှင်)**

ကျွန်တော်ကတော့ ဒုတိယတပ်ကြပ်သက်ပိုင်လင်းဖြစ်ပါတယ်။ ကျွန်တော်က ပညာရေးကျောင်းကနေ သုံးဘာသာဂုဏ်ထူးနဲ့အောင်မြင်ခဲ့ပါတယ်။ ဂုဏ်ထူးရရှိခဲ့တဲ့ဘာသာရပ်တွေကတော့ ပထဝီ၊ သမိုင်း၊ ဘောဂဘာသာရပ်တို့ဖြစ်ပါတယ်။ ကျောင်းမှာ ဆရာ၊ ဆရာမတွေ သင်ကြားပြသပေးတဲ့သင်ခန်းစာတွေကို ကြိုးစားပြီး ကျက်မှတ်လေ့လာခဲ့ပါတယ်။ လိုအပ်တဲ့သင်ခန်းစာတွေ၊ နားမလည်တဲ့ သင်ခန်းစာတွေကို ဆရာ၊ ဆရာမတွေကို မေးမြန်းပြီး အထူးကျက်မှတ်လေ့လာပြီး အားထုတ်ခဲ့ရပါတယ်။ အဆင့်မြင့်သင်တန်းတွေ၊ တက္ကသိုလ်တွေတက်ပြီး နိုင်ငံတော်နဲ့ တပ်မတော်အပေါ် အလုပ်အကျွေးပြုနိုင်တဲ့ နိုင်ငံ့သားကောင်းဖြစ်အောင်ကြိုးစားသွားပါမယ်။ လေ့လာရေးခရီးစီစဉ်ပို့ဆောင်ပေးတဲ့ တပ်မတော်အကြီးအကဲကို အထူးကျေးဇူးတင်ရှိပါတယ်။ (ဘဘဘ)



ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဇော်ဟိန်းနှင့်တာဝန်ရှိသူများက တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ လေ့လာရေးခရီးထွက်ခွာမည့် ၂၀၂၃-၂၀၂၄ ပညာသင်နှစ်တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့သည့် ကျောင်းသား၊ ကျောင်းသူများနှင့် ဂုဏ်ထူးဖြင့်အောင်မြင်ခဲ့သောစစ်သည်များပါဝင်သည့် မျိုးဆက်သစ်ထူးချွန်လူငယ်မောင်မယ်များအား ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်စဉ်။



မောင်ကောင်းထက်သာ
(ခြောက်ဘာသာဂုဏ်ထူးရှင်)



မရှင်းသန့်မေ
(ငါးဘာသာဂုဏ်ထူးရှင်)



ဒုတိယတပ်ကြပ် သက်ပိုင်လင်း
(သုံးဘာသာဂုဏ်ထူးရှင်)

## Mpox (မျောက်ကျောက်)ရောဂါ ကာကွယ်ရေးနှိုးဆော်ချက်

ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ (၂၀၂၄) ခုနှစ်၊ ဩဂုတ်လ(၁၄)ရက်နေ့တွင် Mpox (မျောက်ကျောက်) ရောဂါကူးစက်မှုအား နိုင်ငံတကာပြည်သူ့ကျန်းမာရေး အရေးပေါ်အခြေအနေအဖြစ် ကြေညာခဲ့ပါသည်။

**ရောဂါကူးစက်နိုင်ခြေရှိသည့် နည်းလမ်းများ**

- ရောဂါပိုးရှိသူနှင့်လိင်ဆက်ဆံခြင်းမှ ကူးစက်ခြင်း၊
- ရောဂါပိုးရှိသူနှင့် အရေပြားချင်းထိတွေ့ခြင်း၊ နမ်းရှုပ်ခြင်း၊ ပွေ့ဖက်ခြင်းတို့မှတစ်ဆင့် ကူးစက်ခြင်း၊
- ရောဂါပိုးရှိသူနှင့် မျက်နှာချင်းဆိုင် အနီးကပ်တွေ့ဆုံခြင်းမှတစ်ဆင့် ကူးစက်ခြင်း၊ (စကားပြောခြင်း၊ အသက်ရှူခြင်း)
- ရောဂါပိုးရှိသူ၏ အနာများ၊ အညစ်အကြေးများနှင့် တိုက်ရိုက်ထိတွေ့မိရာမှတစ်ဆင့် ကူးစက်ခြင်း၊
- ရောဂါပိုးများ ကပ်တင်ကျန်နေသည့် အသုံးအဆောင်ပစ္စည်းများ၊ မျက်နှာပြင်များကို လက်ဖြင့်ကိုင်တွယ်ထိတွေ့ခြင်းမှတစ်ဆင့် ကူးစက်ခြင်း၊
- မသန့်ရှင်းသောဆေးထိုးအပ်နှင့်ဆေးရုံသုံးပစ္စည်းများမှတစ်ဆင့် ကူးစက်ခြင်း၊
- Mpox ဗိုင်းရပ်စ်ရောဂါပိုးကူးစက်ခံထားရသည့် တိရစ္ဆာန်များနှင့် တိုက်ရိုက်ထိတွေ့မိရာမှတစ်ဆင့် ကူးစက်ခြင်း၊
- မိခင်မှကလေးသို့ ကိုယ်ဝန်ဆောင်စဉ်၊ မွေးဖွားစဉ်နှင့် မွေးဖွားပြီးနောက်တွင် ကူးစက်ခြင်း၊

**ရောဂါပျိုးရက်**

- ရောဂါပိုးစတင်ဝင်ရောက်ပြီး (၁)ရက်မှ (၂၁) ရက်အတွင်း ရောဂါလက္ခဏာများ စတင်ဖြစ်ပွားနိုင်ပါသည်။

**သံသယဖြစ်ဖွယ်ရောဂါလက္ခဏာများ**

- မျက်နှာ၊ ပါးစပ်၊ လက်နှင့် ခြေထောက်၊ ခန္ဓာကိုယ်၊ စအိုဝန်းကျင်နှင့် လိင်အင်္ဂါများတွင်အနီကွက်များထွက်ခြင်း၊ အရည်ကြည်ဖုများပေါက်ခြင်း၊
- ဖျားခြင်း (>38.5 °C)၊
- အကြိတ်များရောင်ရမ်းခြင်း၊
- လည်ချောင်းနာခြင်း၊
- ခေါင်းကိုက်ခြင်း၊ ကြွက်သားများနာကျင်ခြင်း၊ ကျောအောင့်ခြင်း၊
- မောပန်းနွမ်းနယ်ခြင်း၊

(လွန်ခဲ့သည့်(၂၁)ရက်အတွင်း ရောဂါပိုးတွေ့ရှိရာ နိုင်ငံ/ဒေသများမှ ပြန်လည်ဝင်ရောက်လာသူ များတွင် အထက်ပါလက္ခဏာများဖြစ်ပွားလာပါက ကျန်းမာရေးဌာနသို့ ချက်ချင်းသတင်းပေးပို့ရန် လိုအပ်ပါသည်။)

**ကာကွယ်နိုင်မည့် နည်းလမ်းများ**

- Mpox (မျောက်ကျောက်) ရောဂါလက္ခဏာခံစားနေရသူနှင့် အရေပြားချင်းထိတွေ့ခြင်း၊ မျက်နှာချင်းဆိုင် အနီးကပ်ထိတွေ့ခြင်း၊ လိင်ပိုင်းဆိုင်ရာထိတွေ့ဆက်ဆံခြင်းများကို ရှောင်ကြဉ်ပါ၊
- အနီးကပ်ထိတွေ့မှုကို ရှောင်လွှဲ၍မရပါက လက်အိတ်ဝတ်ဆင်ခြင်းနှင့် နှာခေါင်းစည်း (Mask) ကို တပ်ဆင်ပါ၊
- သံသယရောဂါလက္ခဏာခံစားနေရသူ၏ အသုံးအဆောင်ပစ္စည်းများကို ကိုင်တွယ်ရာတွင် လက်အိတ်ဝတ်ဆင်ခြင်းနှင့် နှာခေါင်းစည်း (Mask) ကိုတပ်ဆင်ခြင်းကို ပြုလုပ်ပါ၊
- လက်ကို ဆပ်ပြာနှင့်ရေ သို့မဟုတ် အယ်လ်ကိုဟောအနည်းဆုံး (၆၀%) ပါဝင်သော ရေမလိုလက်သန့်စင်ဆေးရည် အသုံးပြု၍ စနစ်တကျဆေးကြောပါ၊ လက်မဆေးဘဲ ပါးစပ်၊ နှာခေါင်းနှင့်မျက်လုံးများကို ကိုင်တွယ်ခြင်းမပြုပါနှင့်၊
- တစ်ကိုယ်ရေသန့်ရှင်းရေးနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေးကောင်းမွန်စေရန် ဆောင်ရွက်ပါ၊
- နှာချေ၊ ချောင်းဆိုးသည့်အခါတွင် လက်ကိုင်ပဝါ သို့မဟုတ် တံတောင်ကွေးဖြင့် လုံခြုံစွာ ဖုံးအုပ်ပါ၊
- အသုံးအဆောင်ပစ္စည်းများ (အိပ်ရာခင်း၊ မျက်နှာသုတ်ပဝါ၊ အဝတ်အထည်စသည့်...)များကို ရေ၊ ဆပ်ပြာနှင့် စနစ်တကျ လျှော်ဖွပ်၍ အသုံးပြုပါ၊
- တိရစ္ဆာန်များကို အကာအကွယ်မပါဘဲ မထိတွေ့ပါနှင့်၊ အသားများကိုကျက်အောင်ချက်ပြုတ် စားပါ၊

**Mpox (မျောက်ကျောက်) ရောဂါလူနာနှင့် အနီးကပ်ထိတွေ့ခဲ့ခြင်း (သို့မဟုတ်) ရောဂါသံသယလက္ခဏာများခံစားရပါက နီးစပ်ရာကျန်းမာရေးဌာနသို့ အမြန်ဆုံးသတင်းပေးပို့၍ လိုအပ်သော စစ်ဆေးစမ်းသပ်မှုနှင့်ကုသမှုခံယူပါ။**

ကျန်းမာရေးဝန်ကြီးဌာန
ဩဂုတ်လ၊ ၂၀၂၄

## မြန်မာနိုင်ငံကူးလက်မှတ်ထုတ်ပေးရေးအဖွဲ့၏ ခွင့်ပြုချက်ဖြင့် မြန်မာနိုင်ငံကူးလက်မှတ်အသစ် ပြုလုပ်ခွင့်ရရှိသူများစာရင်းကို စင်ကာပူနိုင်ငံဆိုင်ရာ မြန်မာသံရုံးကြေညာ

**ရန်ကုန် ဩဂုတ် ၂၇**

ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံကူးလက်မှတ်ထုတ်ပေးရေးအဖွဲ့၏ ခွင့်ပြုချက်ဖြင့် မြန်မာနိုင်ငံကူးလက်မှတ်အသစ်ပြုလုပ်ခွင့်ရရှိသူများစာရင်းကို စင်ကာပူနိုင်ငံဆိုင်ရာ မြန်မာသံရုံးက အသိပေးကြေညာထားသည်။

မြန်မာနိုင်ငံကူးလက်မှတ်အသစ်ပြုလုပ်ခွင့်ရရှိသူများ အမည်စာရင်းကို စင်ကာပူနိုင်ငံဆိုင်ရာ မြန်မာသံရုံး၏ Facebook Page– Myanmar Embassy, Singapore တွင် ဩဂုတ်လ ၂၇ ရက်က အသိပေးထုတ်ပြန်ထားခြင်းဖြစ်သည်။

မွေးကင်းစကလေးများအတွက်နိုင်ငံကူးလက်မှတ်လျှောက်ထားရာတွင် မိခင်(သို့မဟုတ်) ဖခင်သာ လာရန်လိုအပ်ပြီး ကလေးခေါ်လာရန်မလိုအပ်ကြောင်းလည်း သံရုံးက အသိပေးထုတ်ပြန်ထားသည်။

ထို့အပြင် စင်ကာပူနိုင်ငံဆိုင်ရာ မြန်မာသံရုံးအနေဖြင့် သံရုံး၏ WhatsApp သို့ စာရင်းပေးပို့သူများအနက်မှ မြန်မာနိုင်ငံကူးလက်မှတ် သက်တမ်းတိုးခွင့်ရရှိသူများ၏ စာရင်းကို အပတ်စဉ်အလိုက် သံရုံးက အသိပေးထုတ်ပြန်ကြေညာပေးလျက်ရှိကြောင်း သိရသည်။

မြန်မာသံရုံး၏ WhatsApp သို့ စာရင်းပေးပို့ရာတွင် စာရွက်စာတမ်းအတု၊ အခကြေးငွေရယူသူများမှတစ်ဆင့် ပေးပို့လာခြင်းများအပေါ် သက်တမ်းတိုးဆောင်ရွက်ပေးသွားမည်မဟုတ်ကြောင်း၊ မြန်မာသံရုံးဘက်မှ မည်သည့်ပုဂ္ဂလိကဝန်ဆောင်မှုကုမ္ပဏီ၊ အေးဂျင့်များကိုမျှ ဝန်ဆောင်မှုရယူရန်နှင့် တန်းစီဇယားလုပ်ဆောင်ခွင့်ပေးအပ်ထားခြင်းမရှိကြောင်းလည်း သံရုံးက အသိပေးထားသည်။

စင်ကာပူနိုင်ငံရောက် အသက် (၆၅)နှစ်နှင့်အထက် မြန်မာနိုင်ငံသားများ မြန်မာနိုင်ငံကူးလက်မှတ်သက်တမ်းတိုးဆောင်ရွက်ရာတွင် သံရုံး Website, WhatsApp တို့၌ ကြိုတင်ရက်ချိန်းယူရန် မလိုအပ်ဘဲ ဦးစားပေးအစီအစဉ်တစ်ရပ်အနေဖြင့် ဆောင်ရွက်ပေးမည်ဖြစ်၍ သံရုံးသို့ နံနက်ပိုင်းတွင် လူကိုယ်တိုင်တိုက်ရိုက်လာရောက်သက်တမ်းတိုးဆောင်ရွက်နိုင်ကြောင်းလည်း အသိပေးထားသည်။ MT

### သဇင် (FM) အသံလွှင့်အစီအစဉ် ၂၈-၈-၂၀၂၄(ဗုဒ္ဓဟူးနေ့)

| | | |
|---|---|---|
| ၁။ ၀၉:၁၀ Market News | ၃။ ၁၃:၁၀ ပြည်သူ့ကြားက ပြည်သူ့စကား | ၅။ ၁၅:၃၅ Happy Zone |
| ၂။ ၁၁:၅၀ နွယ်မြက်သစ်ပင် ဆေးဖက်ဝင် | ၄။ ၁၄:၅၀ ဖတ်သမျှ မှတ်သမျှ | ၆။ ၂၁:၄၀ ချောက်ချောက်ချားချား ဖြစ်ရပ်များ |

## သတ်မှတ်ချက်များနှင့်အညီ စက်သုံးဆီဖြန့်ဖြူးရောင်းချခြင်း ရှိ/မရှိ စစ်ဆေး



**ကလိန်အောင် ဩဂုတ် ၂၇**

တနင်္သာရီတိုင်းဒေသကြီး ကလိန်အောင်မြို့ပေါ်ရပ်ကွက်များနှင့် အနီးပတ်ဝန်းကျင်ကျေးရွာများရှိ စက်သုံးဆီအရောင်းဆိုင်များတွင် သတ်မှတ်ချက်များနှင့်အညီ စက်သုံးဆီဖြန့်ဖြူးရောင်းချခြင်း ရှိ/ မရှိကို ဩဂုတ်လ၂၇ ရက် နံနက်ပိုင်းတွင် တာဝန်ရှိသူများက စစ်ဆေးဆောင်ရွက်ကြောင်း သိရသည်။

ထိုသို့စစ်ဆေးဆောင်ရွက်ရာတွင်ကလိန်အောင်မြို့နယ် မီးသတ်ဦးစီးဌာန ဒုတိယမီးသတ်ဦးစီးမှူး ဦးမျိုးဆွေဦးနှင့်တပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များက ခွင့်ပြုထုတ်ပေးသည့် စက်သုံးဆီအမျိုးအစားနှင့် ပမာဏများအတိုင်း အရောင်းဆိုင်သို့ အမှန်ရောက်ရှိခြင်း ရှိ/ မရှိ၊ သတ်မှတ်အရည်အသွေးနှင့် ကိုက်ညီမှန်ကန်မှု ရှိ/ မရှိ၊ ရည်ညွှန်းဈေးနှုန်းများအတိုင်း ရောင်းချခြင်း ရှိ/ မရှိ၊ သတ်မှတ်ညွှန်ကြားချက်များနှင့်အညီ စနစ်တကျရောင်းချခြင်း ရှိ/ မရှိ၊ မီးဘေးအန္တရာယ် ကာကွယ်ရေးလုပ်ငန်းများ ကြိုတင်ဆောင်ရွက်ထားခြင်း ရှိ/ မရှိ တို့ကို စစ်ဆေးပြီး လိုအပ်သည်များမှာကြားကြောင်း သိရသည်။ (၄၁၂)

## ONE Friday Fights 77 ပြိုင်ပွဲတွင် မြန်မာဖိုက်တာ စူပါရေချမ်းနှင့် ထိုင်းဖိုက်တာ ထိုးသတ်မည်

**ရန်ကုန် ဩဂုတ် ၂၇**

ဩဂုတ်လ ၃၀ ရက်တွင် ထိုင်းနိုင်ငံ၌ ကျင်းပမည့် ONE Friday Fights 77 ပြိုင်ပွဲတွင် မြန်မာဖိုက်တာ စူပါရေချမ်းတွဲဆိုင်းပါဝင်လာမည်ဖြစ်ပြီး ထိုင်းမွေထိုင်းဖိုက်တာနှင့်ထိုးသတ်ရမည်ဖြစ်သည်။

ONE Friday Fights 77 ပြိုင်ပွဲတွင် တွဲဆိုင်း ၁၂ ပွဲပါဝင်မည်ဖြစ်ပြီး မြန်မာဖိုက်တာတစ်ဦးသာ ထိုးသတ်ခွင့်ရမည်ဖြစ်သည်။ စူပါရေချမ်းသည် ယင်းပြိုင်ပွဲတွင် ထိုင်းဖိုက်တာ ဆူတင်နှင့် ယှဉ်ပြိုင်ထိုးသတ်ရမည်ဖြစ်ပြီး ယင်းပြိုင်ပွဲ၏ပွဲစဉ်(၃)အဖြစ်ကျင်းပမည်ဖြစ်သည်။ ယခုနောက်ပိုင်းတွင် မြန်မာဖိုက်တာများအနေဖြင့် သောကြာညတွင် ကျင်းပသည့် ONE Friday Fights ပြိုင်ပွဲတွင် ထိုးသတ်ခွင့်ရလာပြီး ဩဂုတ်လ ၂၃ ရက်က ကျင်းပသည့် ONE Friday Fights 76 ပြိုင်ပွဲတွင် မြန်မာဖိုက်တာ ငါးဦးအထိ ထိုးသတ်ခွင့်ရခဲ့သည်။ မြန်မာ့ရိုးရာလက်ဝှေ့အကျော်အမော်များသည် ONE Championship က စီစဉ်သည့် ONE Friday Fights ပြိုင်ပွဲများတွင် သွားရောက်ထိုးသတ်လျက်ရှိသည်။ **ညီမြတ်သော်တာ၊**





ဓာတ်ပုံ-ONE Championship

# ကျန်းမာရေးကောင်းမွန်ဖို့ ရုံးပတီသီး(Okra) စားကြစို့



လူမှန်သမျှ အစာအာဟာရပြည့်ဝမှ စွမ်းအင်ပြည့်ဝမယ်။ ခန္ဓာကိုယ်လှုပ်ရှားမှုတွေ တက်ကြွမြန်ဆန်မယ်။ အတွေးအခေါ်တွေ ကောင်းမယ်။ မှန်ကန်တဲ့လုပ်ဆောင်မှုတွေလုပ်နိုင်ဖို့ စွမ်းအင်ပြည့်ဝဖို့ လိုအပ်ပါတယ်။ စွမ်းအင်ပြည့်ဝဖို့ဆိုရာမှာလည်း သင့်တင့်မျှတတဲ့အစာအာဟာရတွေကို ရွေးချယ်စားသောက်ဖို့လည်းလိုအပ်ပါတယ်။ အသီးအနှံနဲ့ ဟင်းသီးဟင်းရွက်တွေက လူတိုင်းနေ့စဉ်မဖြစ်မနေ စားသုံးသင့်တဲ့အစားအစာထဲမှာပါဝင်ပါတယ်။ အရည်ရွှမ်းပြီး ဗီတာမင်ဓာတ်၊ သတ္တုဓာတ်နဲ့ အမျှင်ဓာတ်ပေါ ကြွယ်ဝတဲ့ အသီးအနှံနဲ့ဟင်းသီးဟင်းရွက်တွေက ခန္ဓာကိုယ်ကြံ့ခိုင်မှုအတွက် အရေးပါလှပါတယ်။

**Lady’s Finger (အမျိုးသမီးရဲ့လက်ချောင်း)**

ရာသီဥတုနဲ့ မြေမရွေးဘဲ ရေပုံမှန်လောင်းပေးနိုင်ရင် စိုက်လိုက်တိုင်းသီးပြီး ဈေးမှာအလွယ်တကူဝယ်ယူနိုင်တဲ့ ဟင်းသီးဟင်းရွက်အများကြီးထဲက တစ်မျိုးအကြောင်းကို မျှဝေချင်ပါတယ်။ ဒီအသီးကတော့ လူတိုင်းရင်းနှီးနေတဲ့ Okra ခေါ်တဲ့ ရုံးပတီသီးဖြစ်ပြီး ပန်းပွင့်တဲ့အပင်မျိုးဖြစ်ပါတယ်။ ရုံးပတီသီးမှာ ရေ ၉၀ ရာခိုင်နှုန်း၊ ပရိုတင်း ၂ ရာခိုင်နှုန်းနဲ့ ကစီဓာတ် (ကာဗိုဟိုက်ဒရိတ်) ၇ ရာခိုင်နှုန်းပါဝင်ပြီး အဆီဓာတ်ပါဝင်မှုအလွန်နည်းပါးပါတယ်။

**ရုံးပတီသီးရဲ့မူလပေါက်ရောက်ရာဇာတိ**

ရုံးပတီသီးရဲ့သိပ္ပံအမည်က Abelmoschus esculentus ဖြစ်ပါတယ်။ မူရင်းပေါက်ရောက်ရာဒေသက အနောက်အာဖရိကဒေသ၊ အီသီယိုပီးယားနဲ့ တောင်အာရှဒေသတွေဖြစ်ပါတယ်။ ပူနွေးစိုစွတ်တဲ့ ရာသီဥတုရှိတဲ့ ကမ္ဘာ့နိုင်ငံအနှံ့အပြားမှာ ပေါက်ရောက်ပါတယ်။ မြန်မာနိုင်ငံအနေနဲ့ဆိုရင် စိုက်ပျိုးရေးလုပ်ငန်းကို အဓိကထားလုပ်ကိုင်တဲ့ မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ပွင့်ဖြူမြို့နယ်ထဲက ကျေးရွာတွေမှာ မုန်းချောင်းရေကိုအမှီပြုပြီး ရုံးပတီသီးအပါအဝင် တခြားဟင်းသီးဟင်းရွက်မျိုးစုံကို တစ်နိုင်တစ်ပိုင်စိုက်ပျိုးလေ့ရှိပါတယ်။

**ရုံးပတီသီးမှာပါဝင်တဲ့ဓာတ်သဘာဝများ**

ရုံးပတီသီးရဲ့ကောင်းကျိုးတွေကို ပြောရရင် အတော်များပါတယ်။ ရုံးပတီသီးမှာ ဆဲလ်လူလို့စ် အမျှင်ဓာတ် ၆၇ ဒသမ ၅ ရာခိုင်နှုန်း၊ ဟီမီဆဲလ်လူလို့စ် ၁၅ ဒသမ ၄ ရာခိုင်နှုန်း၊ လစ်နင် ၇ ဒသမ ၁ ရာခိုင်နှုန်း၊ Pectic matter ၃ ဒသမ ၄ ရာခိုင်နှုန်း၊ အဆီဓာတ်နှင့် ဖယောင်းဓာတ် ၃ ဒသမ ၉ ရာခိုင်နှုန်း၊ ပျမ်းမျှအားဖြင့် ရေထုတ်နုတ်မှု ၂ ဒသမ ၇ ရာခိုင်နှုန်းပါဝင်ပါတယ်။ ရုံးပတီသီးက ပိုတက်ဆီယမ်ဓာတ်ကြွယ်ဝပြီး ဖောလစ်အက်စစ်၊ ဗီတာမင်ဘီနဲ့စီ၊ ကယ်လ်ဆီယမ်နဲ့အမျှင်ဓာတ်တွေပါဝင်ပါတယ်။ အဲဒီအာဟာရဓာတ်တွေက ကျန်းမာရေးအတွက် အများကြီးအကျိုးရှိစေပါတယ်။ ရုံးပတီသီးက ဆီးချိုရောဂါနဲ့ ကျောက်ကပ်ရောဂါတွေကို ကာကွယ်ပေးနိုင်တဲ့အပြင် အစာချေဖျက်ရေးနဲ့ဆိုင်တဲ့ ဝမ်းဗိုက်ရောဂါတွေကိုလည်း သက်သာပျောက်ကင်းစေပြီး ပန်းနာရင်ကျပ်ရောဂါတွေကိုလည်း သက်သာစေနိုင်ပါတယ်။ ဒ့ါပြင် ကိုယ်အလေးချိန် လျှော့ချချင်သူတွေအတွက်လည်း ကိုလက်စထရောကို ထိန်းပေးနိုင်လို့ အမှန်တကယ်စားသုံးသင့်ပါတယ်။

**ရုံးပတီသီး၏ ကျန်းမာရေးဆိုင်ရာ ကောင်းကျိုးများ**

ရုံးပတီသီးကိုကြော်စားတာ၊ အတို့အမြှုပ်လုပ်စားတာ၊ ကင်စားတာ၊ အချဉ်ရည်ဟင်းထဲထည့်ချက်တာမျိုးတွေစသဖြင့် မိမိကြိုက်နှစ်သက်သလို ပြုပြင်စားသုံးလို့ရပါတယ်။ ရုံးပတီသီးမှာကျန်းမာရေးကို အထောက်အကူပြုတဲ့ အာဟာရဓာတ်များစွာပါဝင်ပါတယ်။ ခန္ဓာကိုယ်အတွက် နေ့စဉ်လိုအပ်တဲ့ အမျှင်ဓာတ်တွေ ကြွယ်ဝစွာပါဝင်ပြီး ဝမ်းချုပ်တာကိုသက်သာစေနိုင်လို့ သဘာဝဝမ်းနုတ်ဆေးလို့တောင် ခေါ်လို့ရပါတယ်။ ရုံးပတီသီးမှာပါတဲ့ချွဲပျစ်ပျစ်အစေးတွေက အူမကြီးအတွင်းချေဖျက်ပြီး အစာတွေကိုပို့ဆောင်ရာမှာ ချောဆီအနေနဲ့ လုပ်ဆောင်ပေးတာကြောင့် ဝမ်းသွားရတာကိုလွယ်ကူစေပါတယ်။ ရုံးပတီသီးမှာပါတဲ့ အမျှင်ဓာတ်က အူအတွင်းမှာရှိတဲ့ အကျိုးပြုဗက်တီးရီးယားတွေအတွက် အစာအာဟာရဖြစ်စေပြီး အစာခြေလမ်းကြောင်းရဲ့ ရေဓာတ်ကိုထိန်းညှိပေးပါတယ်။ ရုံးပတီသီးမှာ အမြင်အာရုံနဲ့ အရေပြားကျန်းမာရေးကို အထောက်အပံ့ပေးတဲ့ ဗီတာမင်အေနဲ့ တခြားဓာတ်တိုးဆန့်ကျင်ပစ္စည်းတွေလည်း ကြွယ်ဝစွာပါဝင်ပါတယ်။ ခန္ဓာကိုယ်ရဲ့ကိုယ်ခံအားစနစ်ကို အထောက်အကူပြုတဲ့ ဗီတာမင်စီဓာတ်ကြွယ်ဝစွာပါဝင်ပါတယ်။ ဗီတာမင်စီကြွယ်ဝမှုက ရောင်ရမ်းမှုကိုလျှော့ကျစေနိုင်သလို ပန်းနာရင်ကျပ်ဝေဒနာဖြစ်နိုင်ခြေကိုလည်း လျှော့ချပေးပါတယ်။ ပန်းနာရင်ကျပ်ရောဂါရှိသူတွေကို သက်သာစေနိုင်ပါတယ်။ ကိုယ်ဝန်ဆောင်ကာလအတွင်း လိုအပ်တဲ့အာဟာရဓာတ်တွေကို ဖြည့်တင်းပေးပြီး ကလေးငယ်တွေ မွေးရာပါချို့ယွင်းချက်မပါအောင်ကာကွယ်ပေးနိုင်တဲ့ ဖောလစ်အက်စစ်လည်းပါဝင်ပါတယ်။ ဖောလစ်အက်စစ်က အဆုတ်တွေကိုသန့်စင်ဖို့လည်း အထောက်အကူပြုပါတယ်။

ရုံးပတီသီးက အရိုးကျန်းမာရေးအတွက် အရေးပါသလို ကိုယ်တွင်းရှိအဆစ်အမြေးပါးတွေကိုလည်း ကောင်းမွန်စေပါတယ်။ ရုံးပတီသီးမှာပျော်ဝင်နိုင်တဲ့ အမျှင်ဓာတ်များစွာပါဝင်ပါတယ်။ ပျော်ဝင်နိုင်တဲ့ အမျှင်ဓာတ်တွေက အစာခြေစနစ်ကိုကောင်းမွန်စေပြီး အစာစားချင်စိတ်ကိုလျှော့ကျစေနိုင်ပါတယ်။ ဗိုက်ပြည့်တယ်လို့ မြန်မြန်ဆန်ဆန်ခံစားရနိုင်ပြီး အချိန်တန်ကြာအောင် အစာခံနိုင်တာကြောင့် ကယ်လိုရီစားသုံးမှုပမာဏကို တိုင်းတာရာမှာ အထောက်အကူပြုစေနိုင်တဲ့အပြင် ကိုယ်အလေးချိန်လျှော့ကျအောင် လုပ်ဆောင်နေသူတွေအတွက်လည်း သင့်လျော်လှပါတယ်။ အမျှင်ဓာတ်ပေါများစွာပါဝင်ခြင်းက အူမကြီးကင်ဆာဖြစ်ပွားဖို့ အခွင့်အလမ်းနည်းပါးစေနိုင်ပါတယ်။ သွေးထဲကသကြားဓာတ်ကို ထိန်းပေးနိုင်ပြီး Myricetin ဓာတ်ပါဝင်လို့ သွေးထဲကသကြားစုပ်ယူမှုပမာဏနည်းစေတာကြောင့် ဆီးချိုသမားတွေအတွက် အထူးသင့်လျော်တဲ့စားစရာတစ်မျိုးဖြစ်ပါတယ်။

ရုံးပတီသီးမှာပါတဲ့ အမျှင်ဓာတ်က သွေးထဲက မကောင်းတဲ့ကိုလက်စထရောတွေကိုကျစေဖို့ ကူညီပေးနိုင်တာကြောင့် နှလုံးကျန်းမာရေးကို အထောက်အကူပြုစေပါတယ်။ အမျှင်ဓာတ်ကြွယ်ဝတဲ့ ရုံးပတီသီးက နှလုံးသွေးကြောကျဉ်းရောဂါနဲ့ လေဖြတ်ခြင်းအန္တရာယ်ကိုလျှော့ကျစေနိုင်ပါတယ်။ မဂ္ဂနီဆီယမ်ဓာတ်လည်း ပေါများတဲ့အတွက် ပုံမှန်သွေးဖိအားပမာဏဖြစ်အောင်ထိန်းပေးနိုင်ပြီး သွေးခဲခြင်းကို လျှော့ကျစေခြင်းကြောင့် နှလုံးကိုလည်း ကာကွယ်ပေးနိုင်ပါတယ်။ ဓာတ်တိုးဆန့်ကျင်ပစ္စည်းတွေဖြစ်တဲ့ Flavonoid နဲ့ Isoquercetin အပါအဝင် Polyphenol အပြင် ဗီတာမင်အေနှင့် စီ (7) တို့ဖြစ်ပါတယ်။ Polyphenol များတဲ့အစားအစာကို စားသုံးခြင်းက သွေးခဲခြင်းနဲ့ ဓာတ်တိုးဆန့်ကျင်ပျက်စီးမှုဖြစ်နိုင်ခြေကိုလျှော့ချပေးခြင်းဖြင့် နှလုံးကျန်းမာရေးကို တိုးတက်စေနိုင်ကြောင်း သုတေသနပြုချက်များအရ သိရပါတယ်။

ရုံးပတီသီးမှာ လက်တင်ဆိုတဲ့ ပရိုတင်းဓာတ်တစ်မျိုးပါဝင်ပါတယ်။ အဲဒီဓာတ်က ရင်သားကင်ဆာဖြစ်စေတဲ့ဆဲလ်တွေကို တိုက်ဖျက်ရာမှာ ကူညီနိုင်ပါတယ်။ ကင်ဆာဆဲလ်ကြီးထွားခြင်းကို ၆၃ ရာခိုင်နှုန်းအထိ လုံးဝအမြစ်ဖြတ်နိုင်တယ်လို့ လေ့လာတွေ့ရှိခဲ့ပါတယ်။ ဖောလစ်ဓာတ်ကြွယ်ဝတဲ့အတွက် ကင်ဆာရောဂါကိုကာကွယ်ဖို့ မရှိမဖြစ်လိုအပ်တဲ့ဓာတ်ဖြစ်ပါတယ်။ ဖောလစ်ဓာတ်ချို့တဲ့သူတွေမှာ ရင်သားကင်ဆာ၊ ပန်ကရိယကင်ဆာ၊ သားအိမ်လည်တံကင်ဆာနဲ့ အဆုတ်ကင်ဆာဖြစ်ပွားမှုများတယ်လို့ ဖော်ပြကြပါတယ်။ ဖောလစ်ဓာတ်က ကိုယ်ဝန်ဆောင်ချိန်အတွင်း အရမ်းလိုအပ်ပြီး အရေးကြီးတဲ့ဓာတ်တစ်မျိုးဖြစ်ပါတယ်။ လမစေ့ဘဲ ကလေးမွေးဖွားခြင်းကို လျှော့ကျစေနိုင်ပါတယ်။ ဗီတာမင်စီလည်းပါဝင်တဲ့အတွက် သံဓာတ်စုပ်ယူမှုအားကောင်းစေပါတယ်။ အဲဒါကြောင့် သံဓာတ်မပြည့်ဝလို့ ကိုယ်ဝန်ဆောင်ချိန်အတွင်းဖြစ်နိုင်တဲ့ သွေးအားနည်းခြင်း၊ သန္ဓေသားကြီးထွားဖွံ့ဖြိုးမှုကို နောက်ကျတဲ့ပြဿနာတွေ မဖြစ်စေနိုင်တော့ပါဘူး။ သန္ဓေသားကြီးထွားမှုအတွက် လိုအပ်တဲ့သွေးနီဥတွေကိုလည်း တိုးပွားစေပါတယ်။

ရုံးပတီသီးမှာ ဗီတာမင်အေ ကြွယ်ဝစွာပါဝင်နေသလို ဗီတာကလိုဒီနွိုက်၊ ဇျူတင်းစတဲ့ ဓာတ်တိုးဆန့်ကျင်ပစ္စည်းတွေ ကြွယ်ဝစွာပါဝင်တာကြောင့် ရုံးပတီသီးက ဓာတ်တိုးဆန့်ကျင်ပစ္စည်းအရင်းအမြစ်တစ်ခုလည်းဖြစ်ပါတယ်။ ရုံးပတီသီးအစေ့က Catechin နဲ့ Quercetin ကဲ့သို့သော ဖီနိုလစ်ဒြပ်ပေါင်းတွေနဲ့ Flavonoid Derivative အပါအဝင် ဓာတ်တိုးဆန့်ကျင်ဒြပ်ပေါင်းများစွာ ပါရှိပါတယ်။ ဒ့ါပြင် ရုံးပတီသီးမှာပါတဲ့ ချွဲပျစ်ပျစ်အစေးတွေက အူထဲမှာရှိတဲ့ အကျိုးပြုအဏုဇီဝပိုးမွှားတွေကို အစာကျွေးတဲ့ ကော်လာဂျင်နဲ့ မြူကိုပိုလီစခရိုက်စ်လိုမျိုး ပိုလီစခရိုက်စ်တွေနဲ့ ဖွဲ့စည်းထားတာကြောင့် ရုံးပတီသီးက အစာခြေစနစ်အတွက် အလွန်ကောင်းမွန်ပြီး အစာခြေစနစ်ရဲ့လုပ်ဆောင်ချက်တွေကို တိုးတက်ကောင်းမွန်အောင် ကူညီပေးနိုင်တာဖြစ်ပါတယ်။ ရုံးပတီသီးမှာကြွယ်ဝစွာပါဝင်တဲ့ ဗီတာမင်အေနဲ့ ဘီတာကယ်ရိုတင်းဓာတ်က အမြင်အာရုံကို ကောင်းမွန်စေတဲ့ အာဟာရဓာတ်နှစ်မျိုးဖြစ်ပါတယ်။ ဘီတာကယ်ရိုတင်းက အရေပြားအတွင်းရှိ ခရမ်းလွန်ရောင်ခြည်၊ လေထုညစ်ညမ်းမှုနဲ့ ဆေးလိပ်သောက်ခြင်းကဲ့သို့ ပတ်ဝန်းကျင်ဆိုင်ရာအချက်တွေကြောင့် ဖြစ်ပေါ်လာတဲ့ မတည်မငြိမ်မော်လီကျူးတွေဖြစ်တဲ့ ဖရီးရယ်ဒီကယ်တွေကိုချေဖျက်ရာမှာ အထောက်အကူဖြစ်စေတဲ့ အစွမ်းထက် ဓာတ်တိုးဆန့်ကျင်ပစ္စည်းဖြစ်တာကြောင့် အရေပြားပျက်စီးခြင်းကို ကာကွယ်ပေးနိုင်စွမ်းရှိတယ်လို့ လေ့လာတွေ့ရှိခဲ့ကြပါတယ်။ ဘီတာကယ်ရိုတင်းဓာတ်က အရေပြားကို ကြည်လင်စေပါတယ်။ ဗီတာမင်အေကတော့ အရေးအကြောင်းတွေနဲ့ အိုမင်းရင့်ရော်ခြင်းကို ကာကွယ်ပေးနိုင်ပါတယ်။ ဗီတာမင်အေက ပုံမှန်အမြင်အာရုံ၊ ကိုယ်ခံအားစနစ်၊ မျိုးပွားမှုနဲ့ကြီးထွားဖွံ့ဖြိုးမှုတို့အတွက် အရေးကြီးသလို နှလုံး၊ အဆုတ်နဲ့ တခြားအင်္ဂါတွေ ကောင်းမွန်စွာအလုပ်လုပ်နိုင်ဖို့ ကူညီပေးနိုင်ပါတယ်။

ရုံးပတီသီးက ကောင်းတဲ့အာဟာရတွေကိုပေးတာ၊ နှလုံးကျန်းမာရေးကို မြှင့်တင်ပေးတာ၊ ကင်ဆာရောဂါကိုတိုက်ဖျက်နိုင်တာ၊ အရိုးတွေကိုသန်မာစေတာ၊ သွေးတွင်းသကြားဓာတ်ကိုထိန်းညှိပေးတာ၊ ကျန်းမာတဲ့သန္ဓေသားဖြစ်စေဖို့ ထောက်ပံ့ပေးတာ၊ အူလမ်းကြောင်း ကျန်းမာရေးကိုကောင်းမွန်စေတာစတဲ့ကောင်းကျိုးအဖြာဖြာနဲ့ပြည့်စုံပြီး အာဟာရဓာတ်ပြည့်ဝတဲ့အတွက် လူတိုင်းစားသုံးသင့်ပါကြောင်း ရေးသားတင်ပြလိုက်ရပါတယ်။

**''ရုံးပတီသီးမှာပါတဲ့ အမျှင်ဓာတ်က အူအတွင်းမှာရှိတဲ့ အကျိုးပြုဗက်တီးရီးယားတွေအတွက် အစာအာဟာရဖြစ်စေပြီး အစာခြေလမ်းကြောင်းရဲ့ ရေဓာတ်ကိုထိန်းညှိပေးပါတယ်။ ရုံးပတီသီးမှာအမြင်အာရုံနဲ့ အရေပြားကျန်းမာရေးကို အထောက်အပံ့ပေးတဲ့ ဗီတာမင်အေနဲ့ တခြားဓာတ်တိုးဆန့်ကျင်ပစ္စည်းတွေလည်း ကြွယ်ဝစွာပါဝင်ပါတယ်။ ခန္ဓာကိုယ်ရဲ့ကိုယ်ခံအားစနစ်ကို အထောက်အကူပြုတဲ့ ဗီတာမင်စီဓာတ်ကြွယ်ဝစွာပါဝင်ပါတယ် . . .''**

**ဒေါက်တာလပြည့်ခင်**

# မြန်မာနိုင်ငံကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာဥပဒေရေးရာ လုပ်ငန်းကော်မတီ သတ္တမအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ




**နေပြည်တော် ဩဂုတ် ၂၇**

မြန်မာနိုင်ငံ ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ ဥပဒေရေးရာလုပ်ငန်းကော်မတီ သတ္တမအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ ၁ နာရီတွင် ဥပဒေရေးရာဝန်ကြီးဌာနရှိ မြေညီထပ်အစည်းအဝေးခန်းမ၌ Hybrid Format ဖြင့် ကျင်းပရာ မြန်မာနိုင်ငံ ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ ဥပဒေရေးရာလုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ ဥပဒေရေးရာဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးနှင့် ဒုတိယရှေ့နေချုပ် ဒေါက်တာထိန်လင်းဦး တက်ရောက်အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ နေပြည်တော်ရှိမြန်မာနိုင်ငံ ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ ဥပဒေရေးရာလုပ်ငန်းကော်မတီအဖွဲ့ဝင်များက လူကိုယ်တိုင်တက်ရောက်၍ တိုင်းဒေသကြီး/ ပြည်နယ် ဥပဒေရေးရာလုပ်ငန်းကော်မတီအဖွဲ့ဝင် ကိုယ်စားလှယ်များ၊ ရန်ကုန်တိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီး စည်ပင်သာယာရေးကော်မတီတို့မှ ကိုယ်စားလှယ်များ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်မှ ကိုယ်စားလှယ်၊ မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီနှင့်မြန်မာနိုင်ငံ ကြက်ခြေနီအသင်းတို့မှကိုယ်စားလှယ်တို့က Online မှ တက်ရောက်ကြသည်။

ဦးစွာ မြန်မာနိုင်ငံကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ ဥပဒေရေးရာလုပ်ငန်းကော်မတီဥက္ကဋ္ဌက ကလေးအလုပ်သမားပပျောက်ရေးသည် မိမိတို့နိုင်ငံအတွက် ကြီးမားသည့် စိန်ခေါ်မှုဖြစ်ပြီး ရေရှည်ဆောင်ရွက်သွားရမည့်လုပ်ငန်းဖြစ်ကြောင်း၊ မြန်မာနိုင်ငံ ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ ဥပဒေရေးရာလုပ်ငန်းကော်မတီ၏ ဒုတိယငါးနှစ်လုပ်ငန်းစီမံချက် (၂၀၂၄-၂၀၂၈) ကို အတည်ပြုခဲ့ပြီးဖြစ်ကြောင်း၊ အဆိုပါ ဒုတိယငါးနှစ်လုပ်ငန်းစီမံချက်အရ ကလေးအလုပ်သမားပပျောက်ရေးနှင့် စပ်လျဉ်း၍ ဥပဒေရေးရာလုပ်ငန်းကော်မတီဝင်များက မိမိတို့သက်ဆိုင်ရာကဏ္ဍအလိုက် ဆောင်ရွက်ပြီး ကိစ္စများ၊ ဆောင်ရွက်ဆဲကိစ္စများ၊ ဆောင်ရွက်ရန်ရှိသည့်ကိစ္စများကို ယနေ့အစည်းအဝေးတွင် တင်ပြစေလိုကြောင်း တိုက်တွန်းပြောကြားသည်။

ယင်းနောက် အစည်းအဝေးသို့ တက်ရောက်လာကြသူများက ဒုတိယငါးနှစ်လုပ်ငန်းစီမံချက်အရ ကလေးအလုပ်သမားပပျောက်ရေးနှင့်စပ်လျဉ်း၍ မိမိတို့သက်ဆိုင်ရာကဏ္ဍအလိုက် ဆောင်ရွက်ပြီးကိစ္စများ၊ ဆောင်ရွက်ဆဲကိစ္စများ၊ ဆောင်ရွက်ရန်ရှိသည့်ကိစ္စများကို ဝိုင်းဝန်းအကြံပြုဆွေးနွေးခဲ့ကြပြီး ဥပဒေရေးရာလုပ်ငန်းကော်မတီအတွင်းရေးမှူးက သတ္တမအကြိမ်လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင်ဆုံးဖြတ်ရန်အချက်လေးချက်ကို ရှင်းလင်းတင်ပြကာ အတည်ပြုချက်ရယူသည်။

ထို့နောက် မြန်မာနိုင်ငံကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ ဥပဒေရေးရာလုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ ဥပဒေရေးရာဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးနှင့်ဒုတိယရှေ့နေချုပ် ဒေါက်တာထိန်လင်းဦးက နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။

(ဖြ၀၀)

# မြန်မာနိုင်ငံပြန်တမ်း

## ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး အတည်ပြုခန့်ထားခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၊ စီမံရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါ်ငြိမ်းငြိမ်းဝင်းကို အစမ်းခန့်ကာလ (၁)နှစ် ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။

# ငါး၊ ပုစွန် အစာအာဟာရသင်တန်းဖွင့်လှစ်



**နေပြည်တော် ဩဂုတ် ၂၇**

သုတေသန နည်းပညာဖွံ့ဖြိုးရေးသင်တန်း (ငါး၊ ပုစွန် အစာအာဟာရ) အမှတ်စဉ်(၁)ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့က နေပြည်တော် ဇေယျာသီရိမြို့နယ်ရှိ စိုက်ပျိုးရေးသုတေသနဦးစီးဌာန သင်တန်းခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီး၊ ညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်များ၊ သင်တန်းဆရာ၊ ဆရာမများနှင့် သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ဒုတိယဝန်ကြီးက လယ်ယာ၊ သား၊ ငါးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးနှင့် စဉ်ဆက်မပြတ် ထုတ်လုပ်နိုင်ရေးအတွက် မွေးမြူရေးကဏ္ဍတွင် အသုံးချသုတေသနနှင့် တီထွင်ဆန်းသစ်မှုကို အလေးပေးသည့် သုတေသနလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း၊ သုတေသနလုပ်ငန်းများ အရှိန်အဟုန်ဖြင့် ဟန်ချက်ညီစွာဖော်ဆောင်နိုင်ရန် လိုအပ်သည့် အထောက်အကူပစ္စည်းများ ပြည့်စုံစေရေး၊ နည်းစနစ်များကို စနစ်တကျ ကျွမ်းကျင်ပိုင်နိုင်မှုရှိစေရေးနှင့် စွမ်းဆောင်ရည်ပြည့်ဝမှုရှိသည့် လူသားအရင်းအမြစ် ဖွံ့ဖြိုးရေး (Human Resource Development-HRD) အစီအမံများကို ဝန်ကြီးဌာနအနေဖြင့် ချမှတ်ဆောင်ရွက်လျက်ရှိကြောင်း ပြောကြားသည်။

ထို့နောက် မွေးမြူရေးသုတေသနဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်က သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်နှင့် လုပ်ငန်းအပေါ် အထောက်အကူပြုနိုင်မှုကို ရှင်းလင်းတင်ပြသည်။

အဆိုပါသင်တန်းကို မွေးမြူရေးသုတေသနဦးစီးဌာနက သုတေသနနည်းပညာဖွံ့ဖြိုးရေးသင်တန်းအဖြစ် ဖွင့်လှစ်ပို့ချပေးခြင်းဖြစ်ပြီး သင်တန်းသို့ မွေးမြူရေးသုတေသနဦးစီးဌာနနှင့် ငါးလုပ်ငန်းဦးစီးဌာနတို့မှ သင်တန်းသား၊ သင်တန်းသူ ၂၂ ဦးနှင့် အွန်လိုင်းစနစ်ဖြင့် ၁၈ ဦး တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

(ဖြ၀၀)

# ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ အားကစားကွင်း / အားကစားရုံများ ဒုတိယဝန်ကြီး ဦးထိန်လင်း ကြည့်ရှုစစ်ဆေး

**ရန်ကုန် ဩဂုတ် ၂၇**

အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးထိန်လင်းသည် ယနေ့နံနက် ၇ နာရီခွဲတွင် ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ် ကျိုက္ကဆံအားကစားကွင်းအတွင်းရှိ ဝူရှူးအားကစားရုံသို့ ရောက်ရှိပြီး ပေ(၂၄၀x ၆၀)ကြမ်းခင်းအဟောင်းဖျက်သိမ်းပြီး နှစ်ထပ်လျှာထိုးခင်းကျင်းရန်အတွက် ဆောင်ရွက်နေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး ကောင်းမွန်သော သစ်အမျိုးအစားကိုအသုံးပြု၍ စံချိန်စံညွှန်းမီစွာ သတ်မှတ်ကာလအတွင်း ပြီးစီးအောင်တည်ဆောက်ရန်အတွက် မှာကြားသည်။



ဆက်လက်၍ အားကစားနှင့်ကာယပညာသိပ္ပံ(ရန်ကုန်) အစည်းအဝေးခန်းမ၌ တာဝန်ရှိသူများနှင့်တွေ့ဆုံ၍ အားကစားနှင့် ပညာရေးပေါင်းစပ်သင်တန်းကျောင်း၌ တက်ရောက်နေသောကျောင်းသား၊ ကျောင်းသူများအနေဖြင့် အားကစား၌ သာမက စာပေပညာရပ်ဘက်တွင်ပါ ထူးချွန်အောင်မြင်ရန်လိုအပ်ကြောင်း၊ စာပေနှင့် အားကစား၌ထူးချွန်သောအားကစားသမားကောင်းများ ပေါ်ထွက်လာအောင် မွေးထုတ်ပေးနိုင်ရန်လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် တောင်ဥက္ကလာပမြို့နယ်ရှိ ပဒေသာအားကစားကွင်းသို့ ရောက်ရှိရာ အထူးတန်းပွဲကြည့်စင်၊ ပြေးလမ်း၊ ရေစိမ့်မြောင်းနှင့်ရေဖျန်းစနစ်ပါသော ဘောလုံးကွင်းပြင်ဆင်မှု၊ တည်ဆောက်ဆဲဖြစ်သော တောင်ဥက္ကလာပမြို့နယ် တိုင်းရုံးနှစ်ထပ် (၈၁ပေx ၅၇ပေ) Portico အပါတည်ဆောက်နေမှုနှင့် ဘေးပတ်လမ်းကွန်ကရစ်ခင်းရန် မြေနေရာတို့ကိုကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

ယင်းနောက် ဒုတိယဝန်ကြီးသည် ဒဂုံမြို့သစ်မြောက်ပိုင်းရှိ ရေကူးကန်သို့ ရောက်ရှိပြီး RC-2 နှစ်ထပ်အမိုးပါပွဲကြည့်စင် ပေ(၁၂၀x၄၀) တည်ဆောက်နေမှုကိုကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများကို လိုအပ်သည်များမှာကြားခဲ့ကြောင်း သိရသည်။

(ဖြ၀၀)

# "ပြည်သူ့ကြားက ပြည်သူ့စကား" အစီအစဉ်

မျက်မှောက်ကာလတွင်ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက်စကားသံများအား သဇင် FM ၏ "ပြည်သူ့ကြားက ပြည်သူ့စကား" အစီအစဉ်မှ **"နိုင်ငံရေးအကြောင်းပြဖောက်ခွဲဖျက်ဆီးခံနေရသော ပြည်သူပိုင်ရထားလမ်းနှင့် လမ်း/တံတားများ"** ခေါင်းစဉ်ဖြင့် ၂၈-၈-၂၀၂၄ ရက် **(ယနေ့)**မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်ပါသည်။ လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် **"ပြည်သူတွေခိုလှုံရာ အရပ်သားပစ်မှတ်တွေကို အဓိကထားတိုက်ခိုက်လာတဲ့ အကြမ်းဖက်သမားများ"** ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူပရိသတ်များအနေဖြင့် အပတ်စဉ်ကြာသပတေးနေ့ နံနက် ၁၀ နာရီအချိန်မှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၈၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ပါကြောင်းနှင့် ပါဝင်လာသည့်ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များအား လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

# ပြည်တွင်း၊ ပြည်ပနိုင်ငံများမှ ဝင်ရောက်လာသူများအား မော်လမြိုင်လေဆိပ်တွင် Mpox (မျောက်ကျောက်) ရောဂါကာကွယ်ရေး ရောဂါစောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများဆောင်ရွက်လျက်ရှိ



မော်လမြိုင် ဩဂုတ် ၂၇

ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ Mpox(မျောက်ကျောက်)ရောဂါအား နိုင်ငံတကာပြည်သူ့ကျန်းမာရေးအရေးပေါ်အခြေအနေ(PHEIC) အဖြစ် သတ်မှတ်ကြေညာခဲ့သည့်အတွက် ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ပြည်တွင်း၊ ပြည်ပနိုင်ငံဖြတ်ကျော်ဝင်ထွက်ပေါက်များအပါအဝင် လူထုအတွင်းရောဂါစောင့်ကြပ်ကြည့်ရှုခြင်း တိုးမြှင့်ဆောင်ရွက်ခြင်း၊ သီးခြားထားရှိကုသမှုပေးခြင်း၊ ကာကွယ်ဆေးထိုးနှံခြင်း၊ ဆေးနှင့် ဆေးပစ္စည်းများစုဆောင်းထားရှိခြင်း၊ ကျန်းမာရေးပညာပေးခြင်းများ ဆောင်ရွက်လျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် မွန်ပြည်နယ်အစိုးရအဖွဲ့၏ ကြီးကြပ်မှုဖြင့် မော်လမြိုင်လေဆိပ်တွင် ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဝန်ထမ်းများ၊ လူမှုကယ်ဆယ်ရေးအသင်းအဖွဲ့ဝင်များက Mpox (မျောက်ကျောက်) ရောဂါကာကွယ်ရေးလုပ်ငန်းများနှင့်ပတ်သက်၍ ကိုယ်အပူချိန်တိုင်းတာခြင်း (Mass Thermal Screening)၊ ပြည်တွင်း၊ ပြည်ပဆိုက်ရောက် ခရီးသည်များ၏ ကျန်းမာရေးကြေညာချက် (Health Declaration Form) အား ကျန်းမာရေးတာဝန်ရှိသူများက စစ်ဆေးခြင်း၊ ခရီးသည်များအား Mpox (မျောက်ကျောက်) ရောဂါနှင့်ပတ်သက်၍ နှိုးဆော်ထားရှိခြင်း အစရှိသောရောဂါစောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုများကို ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်းနှင့်အဖွဲ့ဝင်များက သွားရောက်ကြည့်ရှုစစ်ဆေးခဲ့သည်။

ထို့နောက် ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ ရောဂါဖြစ်ပွားနိုင်ခြေ သတ်မှတ်ချက်အရ Mpox(မျောက်ကျောက်)ရောဂါသည် မြန်မာနိုင်ငံတွင် ကူးစက်ဖြစ်ပွားနိုင်ခြေနည်းပါးသော်လည်း အိမ်နီးချင်းနှင့် ဒေသတွင်းနိုင်ငံများတွင် ကူးစက်ဖြစ်ပွားမှုများရှိနေသဖြင့် ရောဂါကူးစက် ဖြစ်ပွားမှုမှကာကွယ်နိုင်ရန် ကျန်းမာရေးအသိပညာပေးခြင်း၊ နိုင်ငံအတွင်းသို့ ရောဂါကူးစက်ဝင်ရောက်မှု မရှိစေရေး ကြိုတင် ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခြင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**စည်သူ(ပြန်/ဆက်)**

# လွိုင်ကော်မြို့၌ ပြည်သူများ၏အခြေခံလိုအပ်ချက်များ အဆင်ပြေချောမွေ့စေရေး ပြည်သူ့ဝန်ဆောင်မှုရုံး ဖွင့်လှစ်ဆောင်ရွက်ပေးလျက်ရှိ

လွိုင်ကော် ဩဂုတ် ၂၇

ကယားပြည်နယ်အစိုးရအဖွဲ့အနေဖြင့် ပြည်နယ်အတွင်း ဒေသဖွံ့ဖြိုးရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိရာ ကယားပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင် နှင့် တာဝန်ရှိသူများလိုက်ပါ၍ ယနေ့နံနက်ပိုင်းတွင် လွိုင်ကော်မြို့ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတွင်ပြည်သူ့ဝန်ဆောင်မှုရုံး(O S S)ဖွင့်လှစ်ထားရှိမှု၊ ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်းနှင့် ရွှေတောင်ပရိယတ္တိစာသင်တိုက်တို့၌ သာသနိကအဆောက်အအုံများ ပြန်လည်ပြုပြင် မွမ်းမံနေမှုများကို သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြသည်။

ရှေးဦးစွာ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် လွိုင်ကော်မြို့ မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၌ ဖွင့်လှစ်ထားရှိသည့် ပြည်သူ့ဝန်ဆောင်မှုရုံးသို့သွားရောက်ကာ ပြည်သူများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံပြီး ယခင်ဌာနဆိုင်ရာရုံးများ ပိတ်ထားခဲ့ရာမှ ယခုအခါ ပြည်သူများ၏ လိုအပ်သည့်ကိစ္စရပ်များကို တစ်နေရာတည်းဆောင်ရွက်ပေးနိုင်ရန်နှင့် ပြည်သူများနှင့်ဌာနဆိုင်ရာများ ဆက်သွယ်ရာတွင် လွယ်ကူလျင်မြန်စွာ ဆက်သွယ်ဆောင်ရွက်နိုင်ရန် ပြည်သူ့ဝန်ဆောင်မှုရုံးကို ဖွင့်လှစ်ပေးထားခြင်းဖြစ်ကြောင်း၊ ပြည်သူများအနေဖြင့် ပြည်သူ့ဝန်ဆောင်မှုရုံးတွင် ဌာနဆိုင်ရာများနှင့် ဆောင်ရွက်ရမည့် လုပ်ငန်းလိုအပ်ချက်များကို လာရောက်စုံစမ်းမေးမြန်းနိုင်ကြောင်း၊ ဝန်ထမ်းများအနေဖြင့်လည်း လာရောက်စုံစမ်းသည့် ပြည်သူများအားသေချာ ရှင်းလင်းညွှန်ပြပေးရန်၊ ကူညီဆောင်ရွက်ပေးရန် လိုအပ်သောလုပ်ငန်းများကို သတ်မှတ်ချက်နှင့်အညီ အမြန်ပြီးပြတ်အောင်ဆောင်ရွက်ပေးနိုင်ရေးတို့ကို မှာကြားခဲ့သည်။



ထို့နောက် ရုံးအတွင်းဖွင့်လှစ်ထားသည့် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ဌာနမှ ဆောင်ရွက်ပေးလျက်ရှိသော အိမ်ထောင်စုစာရင်းများပြုလုပ်ပေးခြင်း၊ နိုင်ငံသားစိစစ်ရေးကတ်ပြားများ ထုတ်ပေးခြင်း၊ မွေးဖွားမှုသေဆုံးမှု ဆောင်ရွက်ပေးခြင်း၊ မြေစာရင်းဦးစီးဌာနမှ ဆောင်ရွက်ပေးလျက်ရှိသည့် ပုံစံ(၁၀၅)၊ (၁၀၆) ရေးကူးခြင်း၊ လယ်ယာမြေလုပ်ကိုင်ခွင့်ပြုလက်မှတ်ပုံစံ(၇)လျှောက်ထားခြင်း၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ပြစ်မှုကင်းရှင်းကြောင်း ထောက်ခံစာများထုတ်ပေးခြင်းစသည့် ဝန်ဆောင်မှုလုပ်ငန်း ဆောင်ရွက်ပေးနေမှုများကို လိုက်လံကြည့်ရှု၍ လုပ်ငန်းဆောင်ရွက်ချက်များကို နေ့ချင်းပြီးဆောင်ရွက်ပေးနိုင်ရေး၊ ပြည်သူ့ဝန်ဆောင်မှုရုံးအတွင်း ဖွင့်လှစ်ထားသည့်ဌာနများအပြင် လိုအပ်ပါက အခြားဌာနများနှင့် ချိတ်ဆက်ဆောင်ရွက်ရမည့်ကိစ္စရပ်များကို ပြီးပြတ်အောင် ဆောင်ရွက်ပေးနိုင်ရေးတို့ကို မှာကြားခဲ့သည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်းနှင့် ရွှေတောင်ပရိယတ္တိစာသင်တိုက်သို့သွားရောက်၍ အကြမ်းဖက်သောင်းကျန်းသူများ၏ အဖျက်အမှောင့်လုပ်ရပ်ကြောင့် ပျက်စီးခဲ့သည့် ပြည်နယ်သံဃနာယက ရုံးအဖွဲ့အဆောက်အအုံ အောင်မြင်ဓမ္မာရုံနှင့် စာသင်ဆောင်များ၊ သာသနရံသိ ကျောင်းဆောင် ၊ ရွှေရတုကျောင်းဆောင်နှင့် သာသနိကအဆောက်အအုံများ ပြန်လည်ပြုပြင်မွမ်းမံနေမှုနှင့် ပြီးစီးမှုများကို ကြည့်ရှုစစ်ဆေးခဲ့ပြီး စာသင်တိုက်များရှိ စာသင်သံဃာတော်များ ပြန်လည်သီတင်းသုံးနိုင်ရေးအတွက် အမြန်ဆုံးပြီးစီးအောင်ပြုပြင်မွမ်းမံဆောင်ရွက်နိုင်ရေးတို့ကို တာဝန်ရှိသူများအား မှာကြားခဲ့ကြောင်းသိရသည်။ **ကိုဇင်(လွိုင်ကော်)**

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၈-၈-၂၀၂၄

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၉၇၅ | ၃၀၅၅ | ၃၀၃၀ | ၂၉၈၅ | ၃၀၅၅ | ၃၀၇၀ | ၃၀၈၀ | ၃၀၃၅ | ၃၁၆၅ | ၃၁၉၀ | ၃၀၄၅ | ၃၀၆၀ | ၃၀၉၅ | ၃၀၈၀ | ၃၀၉၅ | ၃၄၉၅ | ၅၀၀၀ |
| 95 Ron | ၃၁၁၅ | ၃၁၉၅ | ၃၁၇၀ | ၃၁၂၅ | ၃၂၀၀ | ၃၂၁၀ | ၃၂၂၅ | ၃၁၇၅ | ၃၃၀၅ | ၃၃၃၅ | ၃၁၈၅ | ၃၂၀၀ | ၃၂၃၅ | ၃၂၂၀ | ၃၂၃၅ | ၃၆၄၀ | ၆၀၀၀ |
| HSD (500 ppm) | ၂၆၁၀ | ၂၆၉၀ | ၂၆၆၅ | ၂၆၂၀ | ၂၆၉၀ | ၂၇၀၅ | ၂၇၁၅ | ၂၆၇၀ | ၂၇၉၅ | ၂၈၂၅ | ၂၆၈၀ | ၂၆၉၅ | ၂၇၂၅ | ၂၇၁၅ | ၂၇၂၅ | ၃၁၃၀ | ၅၀၀၀ |
| HSD (50 ppm) | ၃၂၀၀ | ၃၂၈၀ | ၃၂၅၅ | ၃၂၁၀ | ၃၂၈၅ | ၃၂၉၅ | ၃၃၁၀ | ၃၂၆၀ | ၃၃၉၀ | ၃၄၂၀ | ၃၂၇၀ | ၃၂၈၅ | ၃၃၂၀ | ၃၃၀၅ | ၃၃၂၀ | ၃၇၂၅ | ၅၀၀၀ |
| HSD (10 ppm) | ၃၂၀၀ | ၃၂၈၀ | ၃၂၅၅ | ၃၂၁၀ | ၃၂၈၅ | ၃၂၉၅ | ၃၃၁၀ | ၃၂၆၀ | ၃၃၉၀ | ၃၄၂၀ | ၃၂၇၀ | ၃၂၈၅ | ၃၃၂၀ | ၃၃၀၅ | ၃၃၂၀ | ၃၇၂၅ | ၅၀၀၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၈၁၉ | ၂၉၀၉ |
| 95 Ron | ၂၉၅၅ | ၃၀၄၈ |
| HSD (500 ppm) | ၂၄၆၄ | ၂၅၄၃ |
| HSD (50 ppm) | ၃၀၃၇ | ၃၁၂၈ |
| HSD (10 ppm) | ၃၀၃၇ | ၃၁၂၈ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇-၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇-၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်း လုပ်ငန်းကြီးကြပ်ရေးကော်မတီ**

## မိုးထစ်ချုန်းရွာမည်

နေပြည်တော် ဩဂုတ် ၂၇

မနက်ဖြန်နံနက်အထိခန့်မှန်းချက်မှာ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ကယားပြည်နယ်တို့တွင် နေရာကွက်ကျား၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့တွင် နေရာကျဲကျဲ၊ နေပြည်တော်နှင့်စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းတို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့်ပြည်နယ်တို့တွင် နေရာအနှံ့အပြားမိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။ (မိုး/ဇလ)

## မှတ်သားဖွယ်ရာမိုးရေချိန်များ

၂၇-၈-၂၀၂၄

| | | | | |
|---|---|---|---|---|
| ဘားအံ | ၄ | ဒသမ | ၄၁ | လက်မ |
| ဥက္ကံ | ၃ | ဒသမ | ၁၅ | လက်မ |
| မဒေါက် | ၂ | ဒသမ | ၉၉ | လက်မ |
| ဓနုဖြူ | ၂ | ဒသမ | ၄၉ | လက်မ |
| ကော့သောင်း | ၂ | ဒသမ | ၄၉ | လက်မ |
| မိုင်းဆတ် | ၂ | ဒသမ | ၄၀ | လက်မ |
| ပိုင်ကျုံ | ၂ | ဒသမ | ၀၀ | လက်မ |
| ဇလွန် | ၁ | ဒသမ | ၉၄ | လက်မ |
| ရွှေကျင် | ၁ | ဒသမ | ၈၉ | လက်မ |
| ပေါင် | ၁ | ဒသမ | ၈၁ | လက်မ |
| ထားဝယ် | ၁ | ဒသမ | ၇၈ | လက်မ |

## ၂၀၂၄ ခုနှစ်၊ (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဦးတည်ချက်(၄)ရပ်

၁။ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

၂။ တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှုအနုပညာအမွေအနှစ်များနှင့် အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်စေရန် ဖော်ထုတ်၊ ထိန်းသိမ်း၊ မြှင့်တင်ရေး၊

၃။ မျိုးဆက်သစ်လူငယ်များအကြားတွင် ရိုးရာယဉ်ကျေးမှုအမွေအနှစ်များကို ဖော်ထုတ်ထိန်းသိမ်းခြင်းနှင့်ထပ်တူ အမျိုးသားရေးစိတ်ဓာတ်များ ပိုမိုထွန်းကားပြန့်ပွားနေစေရေး၊

၄။ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် တည်ငြိမ်အေးချမ်းရေးတို့အတွက် အမျိုးသားယဉ်ကျေးမှု အခန်းကဏ္ဍမှ တစ်တပ်တစ်အား ပူးပေါင်းပါဝင်ဆောင်ရွက်ရေး။

# မကွေးတိုင်းဒေသကြီး သန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်းဆိုင်ရာ တွေ့ဆုံပွဲသို့ ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင် တက်ရောက်



**နေပြည်တော် ဩဂုတ် ၂၇**

၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်းဆိုင်ရာ တွေ့ဆုံပွဲကို ယနေ့နံနက် ၉ နာရီခွဲတွင် မကွေးတိုင်းဒေသကြီး မကွေးမြို့ မြို့တော်ခန်းမ၌ကျင်းပရာ ဗဟိုသန်းခေါင်စာရင်းကော်မရှင်ဥက္ကဋ္ဌ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်၊ မကွေးတိုင်းဒေသကြီး သန်းခေါင်စာရင်းကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးဝန်ကြီးချုပ်ဦးတင့်လွင်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ မကွေးတိုင်းဒေသကြီး သန်းခေါင်စာရင်းကြီးကြပ်မှုကော်မတီအဖွဲ့ဝင်များ၊ တိုင်း၊ ခရိုင်၊ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာအုပ်စု သန်းခေါင်စာရင်းကော်မတီဝင်များ၊ လူမှုရေးအသင်းအဖွဲ့များနှင့် တာဝန်ရှိသူများတက်ရောက်ကြသည်။

ဦးစွာ ဗဟိုသန်းခေါင်စာရင်းကော်မရှင်ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီးက ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းကို ၂၀၂၄ ခုနှစ် အောက်တိုဘာလ ၁ ရက်မှ ၁၅ ရက်အထိ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ကောက်ယူဆောင်ရွက်သွားမည်ဖြစ်ရာ ယခုဆိုလျှင် အချိန်ကာလ တစ်လခန့်သာလိုတော့ကြောင်း၊ သန်းခေါင်စာရင်းရည်ညွှန်းချိန်အဖြစ် ၂၀၂၄ ခုနှစ် စက်တင်ဘာလ ၃၀ ရက် ညသန်းခေါင်ယံအချိန်ကို သတ်မှတ်ထားပြီး ၂၀၂၄ ခုနှစ်၌ရှိမည့် ခန့်မှန်းလူဦးရေ ၅၆ သန်းကျော်နှင့် ခန့်မှန်းအိမ်ထောင်စု ၁၃ သန်းခန့်ကို အခြေခံတွက်ချက်ကောက်ယူမည်ဖြစ်ကြောင်း၊ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် စာရင်းကောက်ကွက်ပေါင်း ၁သိန်း ၁သောင်းခန့်ကို စာရင်းစစ်၊ စာရင်းကောက် ၄ သောင်း ၂ထောင်ခန့်ဖြင့် ကောက်ယူဆောင်ရွက်ရန် လျာထားကြောင်း။

**မကွေးတိုင်းဒေသကြီးအနေဖြင့်ကောက်ကွက်ပေါင်း ၉၀၀၀ ကျော်ကို စာရင်းစစ်၊ စာရင်းကောက် ၂၀၀၀ ကျော်ဖြင့်** ကောက်ယူရန်လျာထားပြီး လုံခြုံရေးအခြေအနေနှင့် လမ်းပန်းဆက်သွယ်မှုအခက်အခဲများကြောင့် သတ်မှတ်ရက်အတွင်း ကောက်ယူရန်ကျန်ရှိနေပါက ရက်ထပ်မံတိုးမြှင့်ကောက်ယူနိုင်ရေး ကြိုတင်စီစဉ်ဆောင်ရွက်ထားကြရန်လိုကြောင်း ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင့်လွင်က မကွေးတိုင်းဒေသကြီးအတွင်း ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်းအောင်မြင်စွာကောက်ယူရေးအတွက် လက်ရှိဆောင်ရွက်နေသည့်လုပ်ငန်းများနှင့် ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းအစီအစဉ်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်သူ့အင်အားဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာခိုင်ခိုင်စိုးက သန်းခေါင်စာရင်းကောက်ယူခြင်းမှရရှိသည့် အချက်အလက်များကို နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် ထိထိရောက်ရောက်အသုံးပြုဆောင်ရွက်နိုင်မှုအခြေအနေများကို ရှင်းလင်းဆွေးနွေးတင်ပြပြီး သန်းခေါင်စာရင်းကောက်ယူခြင်းနှင့် ပတ်သက်၍ ရုပ်မြင်သံကြား Channel များတွင် ထုတ်လွှင့်ပြသမည့် ပြည်သူလူထုအသိပညာပေး TV Spot များကိုပြသသည်။

ယင်းနောက် တက်ရောက်လာကြသူများက သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းစဉ်များနှင့်ပတ်သက်၍ သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကြရာ ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားကြသည်။

ထို့နောက် ဗဟိုသန်းခေါင်စာရင်းကော်မရှင်ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီးက သန်းခေါင်စာရင်းကောက်ယူခြင်းဆိုင်ရာ အထောက်အကူပြုပစ္စည်းများကို လွှဲပြောင်းပေးအပ်ရာ မကွေးတိုင်းဒေသကြီး သန်းခေါင်စာရင်းကော်မတီဥက္ကဋ္ဌ ဦးမောင်မောင်ဆန်းက လက်ခံရယူပြီး ပြည်ထောင်စုဝန်ကြီး၊ တိုင်းဒေသကြီးဝန်ကြီးချုပ်တို့သည် ပြည်လုံးကျွတ်သန်းခေါင်စာရင်းတွင် အသုံးပြုမည့်ပစ္စည်းများ ခင်းကျင်းပြသထားမှုကို ကြည့်ရှုအားပေးသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် မကွေးတိုင်းဒေသကြီး ဦးစီးမှူးရုံးသို့ သွားရောက်၍ အဆိုပါရုံးခန်းမ၌ ဖွင့်လှစ်လျက်ရှိသည့် သန်းခေါင်စာရင်းဆိုင်ရာ မကွေးတိုင်းဒေသကြီး တိုင်းအဆင့် နည်းပြသင်တန်းဆွေးနွေးပို့ချနေမှုကို ကြည့်ရှုအားပေးပြီး လိုအပ်သည်များကိုမှာကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် တိုင်းဦးစီးမှူးရုံးခန်းမ၌ ဝန်ထမ်းများက မြို့နယ်အလိုက် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားထုတ်ပေးထားရှိမှုများကို ရုံးချုပ်ရှိ e-ID Sever မှ အချက်အလက်များနှင့် တိုက်ဆိုင်စိစစ်ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များမှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် မကွေးမြို့ ကန်သာလမ်းရှိ ဈေးရှေ့၌ စိုက်ထူထားသည့် ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရေးဆိုင်ရာ ပြည်သူလူထုအသိပေး Bill Board များ စိုက်ထူထားရှိမှုအခြေအနေကို လှည့်လည်ကြည့်ရှုပြီးနောက် မကွေးမြို့တွင်း လူစည်ကားရာ လမ်းဆုံလမ်းခွနေရာများတွင် Bill Board များ စိုက်ထူထားရှိမှုအခြေအနေများကို လှည့်လည်ကြည့်ရှုပြီး လိုအပ်သည်များ မှာကြားညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

(မဝ)

# (၁၃)ကြိမ်မြောက် အာဆီယံပညာရေးဝန်ကြီးများအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများတက်ရောက်ခဲ့သော ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွှန့်ဖေ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိ

**ရန်ကုန် ဩဂုတ် ၂၇**

(၁၃)ကြိမ်မြောက် အာဆီယံပညာရေးဝန်ကြီးများအစည်းအဝေး၊ (၇)ကြိမ်မြောက် အာဆီယံအပေါင်း ၃ နိုင်ငံများ ပညာရေးဝန်ကြီးများအစည်းအဝေးနှင့်(၇)ကြိမ်မြောက် အရှေ့အာရှပညာရေးဝန်ကြီးများ ထိပ်သီးအစည်းအဝေးများသို့တက်ရောက်ခဲ့သည့် ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွှန့်ဖေ ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့သည် ယနေ့ည ၆ နာရီတွင် ထိုင်းနိုင်ငံမှရန်ကုန်မြို့သို့ လေကြောင်းခရီးဖြင့် ပြန်လည်ရောက်ရှိသည်။

ပြည်ထောင်စုဝန်ကြီးဦးဆောင်သောကိုယ်စားလှယ်အဖွဲ့ကို ရန်ကုန်တက္ကသိုလ်၊ ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်၊ ရန်ကုန်အနောက်ပိုင်းတက္ကသိုလ်တို့မှပါမောက္ခချုပ်များ၊ ရန်ကုန်တိုင်းအခြေခံပညာဦးစီးဌာန တိုင်းပညာရေးမှူးနှင့်တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ခဲ့ကြသည်။

“ဒစ်ဂျစ်တယ်ခေတ် ပညာရေးအသွင်ကူးပြောင်းရေး” ဟူသော ခေါင်းစဉ်ဖြင့် ကျင်းပသော (၁၃)ကြိမ်မြောက် အာဆီယံပညာရေးဝန်ကြီးများ အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများကို ထိုင်းနိုင်ငံ ဘူရီယမ်မြို့တွင် ဩဂုတ်လ ၂၅ ရက်မှ ၂၆ ရက်အထိ ကျင်းပခဲ့ကြောင်း သိရသည်။



(သတင်းစဉ်)

# ပြည်တွင်းစားသုံးဆီဖူလုံဖို့ ဆီထွက်သီးနှံစိုက်ပျိုးရေးအောင်မြင်အောင်ဆောင်ရွက်စို့









ဘုန်းမောင်ဝင်း(ဖျာပုံ)

လူသားတိုင်းဟာ မိမိတို့အသက်ရှင်သန်နေထိုင်ဖို့ နေ့စဉ်စားဝတ်နေရေးအတွက် လှုပ်ရှားရုန်းကန်နေကြရပါတယ်။ အလုပ်အကိုင်အသီးသီးရှိကြရာမှာ နိုင်ငံ့ဝန်ထမ်းဖြစ်သူက နိုင်ငံ့ဝန်ထမ်းအလုပ်၊ ကုန်သွယ်ရောင်းဝယ်သူက ကုန်သွယ်မှုအလုပ်၊ စိုက်ပျိုးမွေးမြူသူတွေက စိုက်ပျိုးရေး၊ မွေးမြူရေးအလုပ်စသည်ဖြင့် လုပ်ဆောင်နေကြရပါတယ်။ အားလုံးက ကိုယ်စီလုပ်ငန်းတွေကို အောင်မြင်အောင်လုပ်ဆောင်ကြမှသာ တစ်ဦးချင်းစီရဲ့စီးပွားရေးပြေလည်ကောင်းမွန်မှာဖြစ်ပါတယ်။ တစ်ဦးချင်းဝင်ငွေကောင်း၊ အလုပ်အကိုင်ကောင်းမှလည်း နိုင်ငံ့စီးပွားရေးကောင်းမွန်မှာ ဖြစ်ပါတယ်။ မြန်မာနိုင်ငံအနေနဲ့ ဈေးကွက်စီးပွားရေးစနစ်ကို ကျင့်သုံးနေတဲ့နိုင်ငံဖြစ်တဲ့အတွက် အလုပ်လုပ်နိုင်လျှင် လုပ်နိုင်သမျှအကျိုးဖြစ်ထွန်းမှာဖြစ်ပါတယ်။

နိုင်ငံသားတိုင်းအနေနဲ့ နိုင်ငံချစ်စိတ်ရှိနေကြရမှာဖြစ်ပါတယ်။ နိုင်ငံချစ်စိတ်ဆိုတဲ့အထဲမှာ မိမိနိုင်ငံကိုအခြားတိုးတက်တဲ့နိုင်ငံများနည်းတူ တိုးတက်အောင်ဆောင်ရွက်လိုတဲ့ စိတ်ဓာတ်လည်းပါဝင်ပါတယ်။ လူသားချင်းအတူတူ သူ့နိုင်ငံကို ဖွံ့ဖြိုးတိုးတက်အောင်လုပ်နိုင်ရင် ငါ့နိုင်ငံကိုလည်း ငါတို့ဖွံ့ဖြိုးတိုးတက်အောင်လုပ်မယ်ဆိုတဲ့ စိတ်ဓာတ်မျိုးကို နိုင်ငံအတွင်းမှီတင်းနေထိုင်သူတိုင်းက မွေးမြူကြရမှာဖြစ်ပါတယ်။ တခြားနိုင်ငံကနေ မိမိနိုင်ငံအတွက်လိုအပ်တဲ့ အစားအစာတွေ၊ အဝတ်အထည်တွေတင်သွင်းနေရမယ့်အစား မိမိတို့မြန်မာနိုင်ငံမှာရော စိုက်ပျိုးထုတ်လုပ်ရင်မဖြစ်နိုင်ဘူးလားဆိုတဲ့စိတ်နဲ့ လုပ်ဆောင်ကြမယ်ဆိုရင် ကျွန်တော်တို့နိုင်ငံမှာ ပြည်ပကနေတင်သွင်းနေရတဲ့အရာမှန်သမျှ တဖြည်းဖြည်းလျော့နည်းလာမှာဖြစ်ပါတယ်။ အဲဒီလိုဖြစ်အောင် ကြိုးစားကြစေချင်ပါတယ်။ အထူးသဖြင့် ပြည်ပကနေစားသုံးဆီတင်သွင်းနေရတဲ့ ကိစ္စနဲ့ပတ်သက်လို့ နိုင်ငံအတွင်းမှာ ဆီထွက်သီးနှံတွေပိုမိုဖြစ်ထွန်းအောင်မြင်အောင် စိုက်ပျိုးထုတ်လုပ်မယ်၊ ဆီကြိတ်စက်တွေနဲ့ ဆီကြိတ်ခွဲမယ်ဆိုရင် ပြည်ပကမှာယူတင်သွင်းမှု ပပျောက်သွားမှာဖြစ်ပါတယ်။

မြန်မာနိုင်ငံဟာ စိုက်ပျိုးမွေးမြူရေးကိုအခြေခံတဲ့ နိုင်ငံတစ်နိုင်ငံဖြစ်ပါတယ်။ နိုင်ငံရဲ့ မြေမျက်နှာသွင်ပြင်၊ ရာသီဥတုအနေအထားတွေအရ စိုက်ပျိုးရေးလုပ်ငန်းဟာ လုပ်ရင်လုပ်သလောက်အောင်မြင်နေတဲ့ အနေအထားဖြစ်ပါတယ်။ ရေအရင်းအမြစ်လည်း ပေါကြွယ်နေတာဖြစ်လို့ ခက်ခဲမှုဆိုတာသိပ်မရှိနိုင်ပါဘူး။ ခေတ်မီနည်းပညာဆိုတာတွေကိုလည်း သုတေသနလုပ်ငန်းတွေ တီထွင်ဆောင်ရွက်ပြီးနည်းပညာအဆင့်အတန်းမီအောင် နိုင်ငံတော်အစိုးရက ဆောင်ရွက်ပေးနေပါတယ်။ စိုက်ပျိုးရေးလုပ်ငန်းတွေအောင်မြင်ဖို့ဆိုရင် မျိုး၊ မြေ၊ ရေ၊ နည်းဆိုတဲ့ အရာလေးမျိုးလိုအပ်ပါတယ်။ ဒါတွေကို နိုင်ငံတော်ပိုင်းကကူညီနေတာဖြစ်လို့ စိုက်ပျိုးရေးလုပ်ကိုင်သူတွေအနေနဲ့ မိမိတို့လုပ်ငန်းကို ပိုမိုအောင်မြင်မှုရှိအောင် လုပ်ဆောင်ကြဖို့သာဖြစ်ပါတယ်။

ဆီထွက်သီးနှံတွေဖြစ်တဲ့မြေပဲ၊ နှမ်း၊ နေကြာ၊ ဆီအုန်း၊ ပန်းနှမ်း၊ ဆီမုန်ညင်း၊ ပဲပုပ်တွေကို သတ်မှတ်ထားတဲ့ စိုက်ဧကများအတိုင်း ပြည့်မီအောင် စိုက်ပျိုးပြီး ပန်းတိုင်အထွက်နှုန်းအတိုင်း ထွက်ရှိမယ်ဆိုရင် ပြည်တွင်းစားသုံးဆီဖူလုံနိုင်မှာဖြစ်ကာ ပြည်ပကနေစားသုံးဆီ ဝယ်ယူတင်သွင်းမှုကို လျှော့ချနိုင်မှာဖြစ်ပါတယ်။ ဒါပေမဲ့ လုပ်ငန်းလုပ်ကိုင်သူတွေအနေနဲ့ စိုက်ဧကတွေ အများကြီးရှိနေတာကို ပြည့်မီအောင်မစိုက်ပျိုးနိုင်ကြဘူး။ စိုက်ဧကတွေအများကြီးရှိနေရက်နဲ့ ပြည့်မီအောင်စိုက်ပျိုးနိုင်ခြင်းမရှိတဲ့အတွက် စားသုံးဆီကိုပြည်ပကနေ မှာယူတင်သွင်းနေရပါတယ်။ ဆီထွက်သီးနှံများကို ဆီအဖြစ်ထုတ်ယူသုံးစွဲခြင်းထက် ပို့ကုန်များအဖြစ်တင်ပို့ခြင်းနဲ့ တိုက်ရိုက်စားကုန်များအဖြစ်စားသုံးခြင်းတို့ကြောင့်လည်း ဒေသတွင်းဆီလိုအပ်ချက်တွေ ဖြစ်ပေါ်နေတာ ဖြစ်ပါတယ်။ စိုက်ပျိုးတဲ့ တောင်သူတွေအနေနဲ့ စိုက်ဧကပြည့်မီအောင်စိုက်ပျိုးသင့်ပါတယ်။ စိုက်ဧကအသစ်တိုးချဲ့ခြင်းထက် လက်ရှိရှိထားတဲ့စိုက်ဧကတွေမှာပဲ ပြည့်မီအောင်၊ ပန်းတိုင်အထွက်နှုန်းရရှိအောင် စိုက်ပျိုးရမှာဖြစ်ပါတယ်။ အချို့ဒေသတွေမှာဆိုရင်လည်း သီးထပ်စိုက်ပျိုးနိုင်တဲ့ အခြေအနေတွေရှိနေတာကြောင့် စိုက်ဧကမပြည့်မီရင်တောင် သီးထပ်စိုက်ပျိုးကြဖို့ လိုအပ်ပါတယ်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ၂၀၂၄ ခုနှစ် ဇူလိုင်လ ၅ ရက်ကကျင်းပတဲ့ ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၅/၂၀၂၄)တွင် အမှာစကားပြောကြားစဉ် **“ပြည်တွင်းဆီဖူလုံမှုနှင့်ပတ်သက်၍ မိမိတို့နိုင်ငံတွင် ဆီထွက်သီးနှံများဖြစ်သည့် မြေပဲ၊ နှမ်း ၊နေကြာ၊ ဆီအုန်း၊ ပဲပုပ်တို့ကို အများစုစိုက်ပျိုးကြကြောင်း၊ အဆိုပါဆီထွက်သီးနှံများကို အများဆုံးစိုက်ပျိုးသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ပန်းတိုင်ရည်မှန်းချက်များအတိုင်း ထွက်ရှိစေရေး ဆောင်ရွက်မည်ဆိုပါက ပြည်တွင်းဆီဖူလုံမှုကို များစွာအထောက်အကူပြုစေမည်ဖြစ်ကြောင်း”**ဟူ၍ ထည့်သွင်းပြောကြားခဲ့ပါတယ်။

နိုင်ငံ့စီးပွားမြင့်မားရေးအတွက်စီးပွားရေးဦးတည်ချက်(၃)ရပ်ချမှတ်ဆောင်ရွက်ထားရာမှာ “ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကိုအားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်းထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး’’ ဦးတည်ချက်ပါဝင်ပါတယ်။ ပြည်တွင်းစားသုံးဆီဖူလုံမှုနှင့်ပတ်သက်လို့ မြေပဲ၊ နှမ်း၊ နေကြာ၊ ဆီအုန်း၊ ပန်းနှမ်း၊ ဆီမုန်ညင်း၊ ပဲပုပ်တို့ကို အများစု စိုက်ပျိုးကြပါတယ်။ အဆိုပါဆီထွက်သီးနှံများအများဆုံးစိုက်ပျိုးကြတဲ့တိုင်းဒေသကြီးနဲ့ ပြည်နယ်များမှာ ပန်းတိုင်ရည်မှန်းချက်များအတိုင်းထွက်ရှိစေရေး ဆောင်ရွက်ကြမှသာ ပြည်တွင်းစားသုံးဆီဖူလုံမှုကို များစွာအထောက်အကူပြုမှာဖြစ်ပါတယ်။

ကျွန်တော်တို့နိုင်ငံမှာ အဓိကလိုအပ်နေတာက အမှန်တကယ်အလုပ်လုပ်ဖို့ဖြစ်ပါတယ်။ နိုင်ငံတော်အစိုးရအနေနဲ့ အလုပ်လုပ်နိုင်တဲ့အခွင့်အလမ်းတွေဖော်ဆောင်ပေးနေတဲ့အပြင် လိုအပ်တဲ့သွင်းအားစုတွေကိုလည်း ကူညီပံ့ပိုးနေတာဖြစ်ပါတယ်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေနဲ့ နိုင်ငံ့စီးပွားမြှင့်တင်နိုင်ရေးကိစ္စရပ်များမှာဆောင်ရွက်၍ရသည်များကို တတ်နိုင်သမျှ ကူညီဆောင်ရွက်ပေးလျက်ရှိပါတယ်။ ထို့အတူ သက်ဆိုင်ရာတာဝန်ရှိသူများအားလုံးကလည်း ကျရာကဏ္ဍမှဝိုင်းဝန်းဆောင်ရွက်ကြရမှာဖြစ်ပါတယ်။ အုပ်ချုပ်မှုပိုင်းဆိုင်ရာ တာဝန်ရှိသူများက စီမံခန့်ခွဲခြင်း၊ စိုက်ပျိုးမွေးမြူရေးလုပ်ဆောင်သူများက ကုန်ကြမ်းများထုတ်လုပ်ခြင်း၊ ကုန်ထုတ်လုပ်သူများက ထုတ်ကုန်ထုတ်လုပ်ခြင်းများ ဆောင်ရွက်ကြရမှာဖြစ်ပါတယ်။




မြန်မာနိုင်ငံအတွင်း စားသုံးဆီလိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ဖို့အတွက်ဆိုရင် ဆီထွက်သီးနှံများကိုပိုမိုအောင်မြင်အောင် စိုက်ပျိုးကြရမှာပါ။ မိုးစပါးစိုက်ပျိုးပြီးစီးတဲ့အချိန်မှာ လယ်မြေဧကလေးသန်းခန့်မှ နေကြာစိုက်ပျိုး၍ရသည့် မြေနေရာများတွင် နေကြာကိုစိုက်ပျိုးမည်ဆိုပါက ပြည်တွင်းဆီဖူလုံမှုကို အထောက်အကူပြုမှာဖြစ်ပါတယ်။ ဆီထွက်သီးနှံများဖြစ်တဲ့ နေကြာ၊ မြေပဲ၊ နှမ်း၊ ပန်းနှမ်း၊ ဆီမုန်ညင်းတို့အပြင် ပဲပုပ်မှလည်း ဆီထုတ်လုပ်၍ရတဲ့အတွက် ပဲပုပ်စိုက်ပျိုးထုတ်လုပ်မှုများလည်းတိုးတက်အောင် ဆောင်ရွက်မယ်ဆိုပါက ပြည်တွင်းစားသုံးဆီသာမက **စာမျက်နှာ ၁၃ သို့** ○

○ စာမျက်နှာ ၁၂ မှအဆက်

ပြည်ပနိုင်ငံများသို့လည်း တင်ပို့ရောင်းချနိုင်ပါတယ်။ ဆီထွက်သီးနှံအထွက်နှုန်း တိုးတက်လာမှသာ ပြည်တွင်းစားသုံးဆီဖူလုံပြီး ပြည်ပမှတင်သွင်းနေရမှုများကို လျှော့ချနိုင်မယ်ဆိုတာ ဒါဟာ လက်တွေ့ကျတဲ့ လုပ်ငန်းစဉ်ဖြစ်ပါတယ်။

မြန်မာနိုင်ငံမှာ နှစ်စဉ်စားသုံးဆီလိုအပ်ချက်ကိုလေ့လာမိသလောက်ပြောရရင် လူတစ်ဦးဟာ တစ်နှစ်ကိုစားသုံးဆီစားသုံးမှု ၉ ပိဿာရှိပါတယ်။ မြန်မာနိုင်ငံရဲ့လူဦးရေ ၅၆ ဒသမ ၂၄ သန်းရှိတဲ့အတွက် စားသုံးဆီလိုအပ်ချက်ဟာ ၅၀၆,၁၆၀,၀၀၀ ပိဿာရှိပါတယ်။ တန်အားဖြင့်ဆိုလျှင် တစ်တန်မှာ ၆၁၂ ဒသမ ၃၉ ပိဿာဖြစ်တဲ့အတွက် ၈၂၆,၅၃၂ တန်ဖြစ်ပါတယ်။

ဆီထွက်သီးနှံတွေဖြစ်တဲ့ မြေပဲ၊ နှမ်း၊ နေကြာ၊ ဆီမုန်ညင်း၊ ပန်းနှမ်းတွေ ၂၀၂၃-၂၀၂၄ ပြည်တွင်းထုတ်လုပ်နိုင်မှုအခြေအနေကို လေ့လာမိသလောက်အနှစ်ချုပ်ပြောရလျှင် စိုက်ပျိုးဧကပေါင်း ၈,၃၈၆,၃၇၅ ရှိရာမှာ အမှန်တကယ်စိုက်ပျိုးပြီးစီးတာ ၈,၂၈၄,၆၃၁ ဧကဖြစ်ပါတယ်။

၂၀၂၃-၂၀၂၄ ခုနှစ်တွင် မိုးမြေပဲနဲ့ ဆောင်းမြေပဲကို ရိတ်ဧက ၃,၁၆၄,၈၈၈ ဧက ရှိခဲ့ပြီး တင်းပေါင်း ၁၇၇,၈၆၉,၂၆၅ တင်းထွက်ရှိပါတယ်။ မိုးနှမ်း၊ နွေနှမ်း၊ ဆောင်းနှမ်းကို ရိတ်ဧက ၃,၆၆၁,၉၄၆ ဧကရှိခဲ့ပြီး စုစုပေါင်း ၃၂,၇၇၇,၆၉၀ တင်းထွက်ရှိပါတယ်။ မိုးနေကြာနဲ့ ဆောင်းနေကြာကို ရိတ်ဧက ၁,၀၆၆,၂၁၃ ဧကရှိခဲ့ပြီး ထွက်ရှိမှုအနေနဲ့ တင်းပေါင်း ၂၃,၆၇၁,၇၃၁ တင်းထွက်ရှိပါတယ်။ ဆီမုန်ညင်းက ရိတ်ဧက ၉၂,၇၄၇ ဧကရှိခဲ့ပြီး ၁,၂၀၉,၆၈၄ တင်းနဲ့ ပန်းနှမ်းဧကက ရိတ်ဧက ၂၉၈,၈၃၇ ဧက ရှိခဲ့ပြီး ၃,၁၉၄,၇၇၅ တင်းထွက်ရှိပါတယ်။ ဒီထွက်ရှိမှုတွေကို ပြန်စိစစ်ကြည့်မယ်ဆိုရင် ၂၀၂၃-၂၀၂၄ ခုနှစ်အတွင်း ဆီထွက်သီးနှံတွေကတစ်ဆင့် စားသုံးဆီနဲ့ပတ်သက်လို့ ပြည်တွင်းထုတ်လုပ်နိုင်မှုဟာ စုစုပေါင်း ၅၀၇,၇၃၉,၂၀၄ ပိဿာရှိခဲ့ပြီး တန်အားဖြင့်ဆိုရင်တော့ ၈၂၉,၁၁၁ တန်ရှိကြောင်း သိရှိရပါတယ်။ ဆီထွက်သီးနှံများကို အခြားထုတ်လုပ်မှုအနေနဲ့လည်း အသုံးပြုကြတဲ့အတွက် စားသုံးဆီထုတ်လုပ်မှုလျော့နည်းနေတာကိုလည်း တွေ့ရပါတယ်။ စိုက်ဧကတွေအားလုံးမှာ စိုက်ပျိုးနိုင်ပြီး ပန်းတိုင်အထွက်နှုန်းအတိုင်းသာထွက်ရှိမယ်ဆိုရင် ပြည်တွင်းစားသုံးဆီထုတ်လုပ်နိုင်မှုဟာ ဒီထက်ပိုမိုလာမှာဖြစ်ကာ ပြည်ပကိုပါတင်ပို့နိုင်မှာဖြစ်ပါတယ်။

မြန်မာနိုင်ငံမှာ စားသုံးဆီတွေကို ပြည်ပမှနှစ်စဉ်တင်သွင်းမှုပမာဏကို လေ့လာကြည့်မယ်ဆိုရင် တစ်နှစ်ထက်တစ်နှစ် လျော့နည်းလာတာကို တွေ့မြင်ရပါတယ်။ ဒီလိုလျော့နည်းလာတာဟာ နိုင်ငံတွင်းမှာဆီထွက်သီးနှံတွေ ပိုမိုထုတ်လုပ်နိုင်ခြင်းကို ပြနေတာဖြစ်ပါတယ်။ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်မှာ တင်သွင်းမှု ၉၃၅,၆၂၆ တန်၊ တန်ဖိုး အမေရိကန်ဒေါ်လာ ၆၄၁,၂၄၇,၀၂၆ တင်သွင်းခဲ့ရာကနေ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်မှာတော့ တင်သွင်းမှု ၆၁၈,၅၀၈ တန်ဖြစ်ပြီး တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၆၀၃,၇၁၀,၀၀၀ ဖြစ်ကြောင်းသိရပါတယ်။ ဒါကိုကြည့်ခြင်းအားဖြင့် ပြည်တွင်းမှာ ဆီထွက်သီးနှံတိုးတက်စိုက်ပျိုးထုတ်လုပ်မှုရဲ့ အကျိုးဆက်ဖြစ်ပါတယ်။ လာမယ့်နှစ်တွေမှာ ဒီထက် ပိုမိုလျော့နည်းတင်သွင်းမှုကနေ နောက်ဆုံးပြည်ပကနေတင်သွင်းမှုမရှိတော့တဲ့အထိ လုပ်ဆောင်ကြရမှာဖြစ်ပါတယ်။ ကျွန်တော်တို့မြန်မာတွေမှာ ဆီကိုရေချိုး၊ ဆေးရိုးမီးလှုံဆိုတဲ့ စကားရှိခဲ့ပေမယ့် ဆီကိုရေချိုးနိုင်လောက်တဲ့အထိ ပေါများအောင် လုပ်ဆောင်ဖို့နည်းပါးခဲ့ပါတယ်။

**▲ နိုင်ငံတော်အစိုးရအနေနဲ့ ပြည်ပမှစားသုံးဆီတင်သွင်းမှုကို လျှော့ချနေသလို တစ်ဖက်တွင်လည်း ပြည်တွင်း၌ဆီထွက်သီးနှံများ ပိုမိုစိုက်ပျိုးထုတ်လုပ်နိုင်ရေးကို ဦးစားပေးလျက်ရှိ...**

**▲ ပြည်တွင်းစားသုံးဆီ လိုအပ်ချက်ပြည့်မီစေရေးအတွက် ၂၀၂၄-၂၀၂၅ ခုနှစ်မှ စတင်ကာ မြေပဲ၊ နှမ်း၊ နေကြာစတဲ့ ဆီထွက်သီးနှံများကို ဇုန်အလိုက်အကောင်အထည်ဖော်ဆောင်နေပြီဖြစ်...**

**▲ ဆီထွက်သီးနှံများ စိုက်ပျိုးရမယ့်ပမာဏအတိုင်းစိုက်ပျိုးပြီး ပန်းတိုင်အထွက်နှုန်းရရှိစေရေးအတွက် ရေ့ပြေးလုပ်ငန်းစဉ်အဖြစ် ၂၀၂၃-၂၀၂၄ ခုနှစ် စိုက်ပျိုးရာသီမှာ မြေပဲ၊ နှမ်း၊ နေကြာ၊ ဆီထွက်သီးနှံသုံးမျိုးကို နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ သွင်းအားစုပံ့ပိုးပေးတဲ့စနစ်ဖြင့် စီမံကိန်းရေးဆွဲဆောင်ရွက်လျက်ရှိ. . .**

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအနေနဲ့ နိုင်ငံတော်တာဝန်ကို စတင်ဦးဆောင်ချိန်မှစပြီး ပြည်ပသွင်းကုန်တွေလျှော့ချနိုင်ရေးကို အလေးထားလုပ်ဆောင်ပါတယ်။ ပြည်ပကိုအားကိုးနေရတာဟာ ရေရှည်အတွက်မှာ မကောင်းတဲ့အနေအထားပါ။ ဒီကြားထဲမှာ နိုင်ငံရေးအကြောင်းပြပြီး ပိတ်ဆို့မှုအမျိုးမျိုးတွေလုပ်ဆောင်နေတဲ့အတွက် ပြည့်အင်အားသည်ပြည်တွင်းမှာရှိသည်ဆိုတဲ့အတိုင်း နိုင်ငံတွင်းမှာအစဉ်တစိုက်လုပ်ဆောင်လို့ရတဲ့ စိုက်ပျိုးမွေးမြူရေးကိုတိုးတက်အောင်လုပ်ဆောင်ဖို့အတွက်အစီအမံတွေချမှတ်လုပ်ဆောင်နေရတာဖြစ်ပါတယ်။ ပြည်ပသွင်းကုန်လျှော့ချပြီး ပြည်ပသို့ပို့ကုန်များများတင်ပို့နိုင်ရေး ကြိုးပမ်းဆောင်ရွက်ကြရမှာဖြစ်ပါတယ်။ ဒါမှလည်း နိုင်ငံခြားငွေသုံးစွဲရမှုမှာ ထွက်ငွေထက်ဝင်ငွေများပြားကာ နိုင်ငံ့စီးပွားရေးလည်း မြင့်မားလာမှာဖြစ်ပါတယ်။

စားသုံးဆီနဲ့ပတ်သက်လို့ ကျွန်တော်တို့နိုင်ငံသားတွေ ဆီစားသုံးမှုလည်း များပြားပါတယ်။ ဆီစားသုံးမှုများပြားတာဟာ ရောဂါအမျိုးမျိုးကိုဖိတ်ခေါ်နေသလိုပါပဲ။ ဆီကိုလိုသည်ထက်ပိုမိုစားသုံးပါက နှလုံးသွေးကြောကျဉ်းခြင်း၊ အသည်းအဆီဖုံးခြင်း၊ အသည်းကင်ဆာဖြစ်ခြင်း စတဲ့ကုသရန်ခက်ခဲလှတဲ့ ဝေဒနာများခံစားရပါမယ်။ ဆီမပါလျှင်ဟင်းမဖြစ်လို့ ပြောဆိုနေကြမယ့်အစား ဆီကိုပါသင့်သည်ထက် လွန်ကဲစွာမသုံးဘဲ လျှော့နိုင်သမျှလျှော့ပြီး သုံးစွဲသင့်ပါတယ်။ လူတစ်ဦးချင်းစီက ဆီကိုလျှော့ချသုံးစွဲကြမယ်ဆိုပါက မိမိရဲ့တစ်ကိုယ်ရေကျန်းမာရေးအတွက် အလွန်ကောင်းမွန်လှသလို နိုင်ငံတော်အတွက်လည်း ပြည်ပမှဆီဝယ်ယူတင်သွင်းနေရမှုများ လျော့နည်းလာမှာမလွဲပါဘူး။

နိုင်ငံတော်အစိုးရအနေနဲ့ ပြည်ပမှစားသုံးဆီတင်သွင်းမှုကိုလျှော့ချနေသလို တစ်ဖက်တွင်လည်း ပြည်တွင်း၌ဆီထွက်သီးနှံများပိုမိုစိုက်ပျိုးထုတ်လုပ်နိုင်ရေးကို ဦးစားပေးလျက်ရှိပါတယ်။ ပြည်တွင်းစားသုံးဆီ လိုအပ်ချက်ပြည့်မီစေရေးအတွက် ၂၀၂၄-၂၀၂၅ ခုနှစ်မှ စတင်ကာ မြေပဲ၊ နှမ်း၊ နေကြာစတဲ့ ဆီထွက်သီးနှံများကို ဇုန်အလိုက်အကောင်အထည်ဖော်ဆောင်နေပြီဖြစ်ပါတယ်။ ဆီထွက်သီးနှံများ စိုက်ပျိုးရမယ့်ပမာဏအတိုင်းစိုက်ပျိုးပြီး ပန်းတိုင်အထွက်နှုန်းရရှိစေရေးအတွက် ရှေ့ပြေးလုပ်ငန်းစဉ်အဖြစ်၂၀၂၃-၂၀၂၄ ခုနှစ် စိုက်ပျိုးရာသီမှာ မြေပဲ၊ နှမ်း၊ နေကြာ၊ ဆီထွက်သီးနှံသုံးမျိုးကို နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ သွင်းအားစုပံ့ပိုးပေးတဲ့စနစ်ဖြင့် စီမံကိန်းရေးဆွဲဆောင်ရွက်လျက်ရှိပါတယ်။ ချေးငွေပံ့ပိုးမှုအနေနဲ့ မြေပဲတစ်ဧကငွေကျပ်သုံးသိန်း၊ နှမ်းတစ်ဧက ငွေကျပ် ၁ ဒသမ ၅ သိန်းနဲ့ နေကြာတစ်ဧက ငွေကျပ်နှစ်သိန်းနဲ့ ညီမျှတဲ့ သွင်းအားစုများထောက်ပံ့ပေးထားပါတယ်။

ယခုဘဏ္ဍာနှစ်အတွင်း ဆီထွက်သီးနှံကိုအထူးဇုန်များဖြင့် စိုက်ဧကသုံးသန်းစိုက်ပျိုးလျက်ရှိပြီး မြေပဲ၊ နှမ်း၊ နေကြာများကို နေပြည်တော်၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရောဝတီတိုင်းဒေသကြီးနဲ့ရှမ်းပြည်နယ်တို့မှာ အထူးဇုန်များသတ်မှတ်ထားရှိကြောင်း သိရပါတယ်။ ဆီထွက်သီးနှံ အထူးစီးပွားရေးဇုန်များဖော်ဆောင်ရာမှာ တောင်သူများကို မျိုးစေ့နဲ့ သွင်းအားစုရရှိအောင်ဆောင်ရွက်ပေးမယ့်အပြင် မြေဆီလွှာပညာရှင်များ၊ မျိုးစေ့ပညာရှင်များနဲ့ ပိုးမွှားရောဂါကာကွယ်ရေးပညာရှင်များ၊ အထူးအရာရှိများပါဝင်တဲ့ပညာရှင်အဖွဲ့များကဒေသအလိုက် အသိပညာပေးစည်းရုံးဟောပြောခြင်းများ ဆောင်ရွက်နေပြီဖြစ်ပါတယ်။ ဒါ့အပြင် အထူးဇုန်အတွင်းပါဝင်မယ့် တောင်သူများကို မိရိုးဖလာစိုက်ပျိုးနည်းစနစ်ထက် သွင်းအားစုလိုအပ်ချိန်မှာ သွင်းအားစုအချိန်မှန်ထည့်သွင်းနိုင်ရေး၊ ရောဂါပိုးမွှားများကျရောက်တဲ့အခါအချိန်မီကာကွယ်နိုင်ရေး၊ ရေလိုအပ်ချိန်မှာစိုက်ပျိုးရေဖြည့်ဆည်းနိုင်ရေး ပေါင်းစပ်ဆောင်ရွက်ခြင်းများဖြင့် အထွက်နှုန်းပြည့်မီအောင် ဆောင်ရွက်ကြရမှာဖြစ်ပါတယ်။

မြန်မာနိုင်ငံမှာဆီထွက်သီးနှံစိုက်ပျိုးဧက ၈ ဒသမ ၃ သန်းခန့်ရှိတဲ့ အနက် ဧက ၃ သန်းကို ပထမအဆင့်အနေနဲ့ ဆီထွက်သီးနှံအထူးဇုန်အဖြစ် စတင်အကောင်အထည်ဖော်ခြင်းဖြစ်ပါတယ်။ ပြည်တွင်းမှထွက်ရှိတဲ့ မြေပဲ၊ နှမ်းနဲ့ နေကြာအစရှိတဲ့ ဆီထွက်သီးနှံများကို အရည်အသွေးမြင့်ထုတ်ကုန်များအဖြစ် ထုတ်လုပ်ရောင်းချနိုင်ပါက စားသုံးသူများအနေဖြင့် ဘေးအန္တရာယ်ကင်းရှင်းစွာ စားသုံးနိုင်မှာဖြစ်ပါတယ်။ ထို့အတူ ပြုပြင်ရောနှောထားတဲ့ ကျန်းမာရေးနဲ့မညီညွတ်တဲ့ ဆီများကို သုံးစွဲနေရခြင်းမှ များစွာ လျော့နည်းသွားမှာဖြစ်ပါတယ်။ စားသုံးဆီများရဲ့စံချိန်စံညွှန်းနဲ့ အရည်အသွေးကို ထိန်းချုပ်မြှင့်တင်ခြင်းမှတစ်ဆင့် ပြည်ပသို့တင်ပို့နိုင်သည်အထိ မျှော်မှန်းဆောင်ရွက်ကြရမှာဖြစ်ပါတယ်။ အဲဒီလိုမျိုးအဘက်ဘက်က တိုးတက်ကောင်းမွန်အောင်ဆောင်ရွက်နိုင်မယ်ဆိုပါက နှစ်စဉ်ပြည်တွင်းဆီလိုအပ်ချက် အမေရိကန်ဒေါ်လာသန်း ၆၀၀ ကျော်ဖိုးတင်သွင်းနေရခြင်းကလည်း လျော့နည်းသွားမှာဖြစ်ပါတယ်။ ဒါကို သက်ဆိုင်သူတွေအားလုံးက အလေးအနက်ထားပြီး လုပ်ဆောင်ကြဖို့လိုအပ်ပါတယ်။

ဆီထွက်သီးနှံစိုက်ပျိုးရေးကဏ္ဍလိုအပ်ချက်များကို ဆီထွက်သီးနှံများ တိုးချဲ့စိုက်ပျိုးရေးကော်မတီက ဦးစီးလုပ်ဆောင်နေပြီး အဆင့်မီဆီစက်များတပ်ဆင်ခြင်း၊ အသစ်တည်ဆောက်ခြင်းနဲ့လက်ရှိဆီစက်များ အဆင့်မြှင့်တင်ခြင်းများကို ဆီစက်ချေးငွေစီမံခန့်ခွဲရေးလုပ်ငန်းအဖွဲ့များက ဆောင်ရွက်ပေးနေပါတယ်။ ၂၀၂၁ ခုနှစ် နှစ်ဆန်းပိုင်းကစပြီး တစ်နိုင်ငံလုံးမှာ အကြီးစားဆီစက် ၂၃၀ ကျော်၊ အလတ်စားဆီစက် ၉၂၀ ကျော်နဲ့ တစ်နိုင်တစ်ပိုင်ဆီစက်ငယ်ပေါင်း ၃၁၀၀ကျော်တို့ကဆီတွေကြိတ်ခွဲထုတ်လုပ်နေပြီဖြစ်ပါတယ်။

မည်သည့်အလုပ်မဆို ငွေကြေးအရင်းအနှီးက အဓိကဖြစ်တဲ့အတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေနဲ့ နိုင်ငံ့စီးပွားမြင့်မားရေးအတွက် လုပ်ဆောင်ပေးထားပါတယ်။ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုရန်ပုံငွေမှ ကျပ်ဘီလီယံ ၄၀၀ ကို နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် သီးသန့်ရန်ပုံငွေတစ်ရပ်ထူထောင်ပြီး နိုင်ငံ့စီးပွားမြှင့်တင်နိုင်ရေးအသုံးပြုရန် စီမံဆောင်ရွက်ခဲ့ပါတယ်။ နိုင်ငံတော်ရဲ့အဓိက စီးပွားရေးမဏ္ဍိုင်ဖြစ်တဲ့ လယ်ယာစီးပွားမြှင့်တင်ရေးနဲ့ ပြည်နယ်နဲ့ တိုင်းဒေသကြီး၊ ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသများရဲ့ စီးပွားရေးမြှင့်တင်ရေးတို့အတွက် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ ပြည်ထောင်စုဝန်ကြီးဌာနနှစ်ခု၊ ပြည်နယ်များနဲ့ တိုင်းဒေသကြီးများ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသငါးခုနဲ့ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းတစ်ခုတို့သို့ အသီးသီးလွှဲပြောင်းပေးအပ်ခြင်းကို ၂၀၂၂ ခုနှစ် ဩဂုတ်လ ၁၂ ရက်တွင် ပြုလုပ်ခဲ့ပါတယ်။

နိုင်ငံရဲ့ အဓိကစီးပွားရေးမှာ စိုက်ပျိုးမွေးမြူရေးကိုအခြေခံတဲ့စီးပွားရေးဖြစ်တဲ့အတွက် လယ်ယာစိုက်ပျိုးရေးကဏ္ဍတိုးတက်မြင့်မားရေးသည်မဖြစ်မနေလုပ်ဆောင်ရမယ့်လုပ်ငန်းဖြစ်ပါတယ်။ နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေကျပ်ဘီလီယံ ၄၀၀ အနက်မှ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနသို့ ၁၇၀ ဘီလီယံ၊ သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနသို့ ၆၀ ဘီလီယံ ရင်းနှီးမတည်ပေးထားပါတယ်။ အဆိုပါထုတ်ပေးထားတဲ့ ရန်ပုံငွေတွေဟာ နိုင်ငံတော်က ရင်းနှီးငွေပေးအပ်ထားခြင်းဖြစ်ပါတယ်။ နောင်လာမယ့်ရာသီမှာ ပြန်လည်ရရှိလာမယ့် ၎င်းငွေကြေးကိုပင် ရင်းနှီးမြှုပ်နှံနိုင်ရန် ထပ်မံထုတ်ပေးနိုင်မှာဖြစ်ပါတယ်။ ဒ့ါကြောင့် လုပ်ငန်းများ ရင်းနှီးဆောင်ရွက်ရာမှာ ရောင်းကုန်ပစ္စည်းများဖြစ်လာဖို့ဆောင်ရွက်ရမှာဖြစ်ပါတယ်။ အဲဒီကတစ်ဆင့် ပြည်ပကိုတင်ပို့ရောင်းချပြီး နိုင်ငံခြားငွေပြန်ရှာရမှာဖြစ်ပါတယ်။

နိုင်ငံတော်အစိုးရအနေနဲ့ ဆီကြိတ်ခွဲထုတ်လုပ်ရန် ငွေကြေးအရင်းအနှီးလိုအပ်ပြီး ချေးငွေမရရှိသေးတဲ့ ဆီစက်လုပ်ငန်းရှင်များကို ဆီစက်လုပ်ငန်းများဖွံ့ဖြိုးရေးချေးငွေအဖြစ် တစ်ဦးကိုအများဆုံးငွေကျပ်သိန်း ၃၀၀၀ အထိ ထပ်မံထုတ်ချေးလျက်ရှိပါတယ်။ ၂၀၂၃ ခုနှစ် အောက်တိုဘာလအထိ နေပြည်တော်ကောင်စီအပါအဝင် တိုင်းဒေသကြီး၊ ပြည်နယ်ခုနစ်ခုတို့မှ ဆီစက်ပိုင်လုပ်ငန်းရှင် ၂၁ ဦးကို ဆီစက်ချေးငွေအဖြစ်ငွေကျပ် ၁၇၇၃ သန်းထုတ်ချေးထားပြီးဖြစ်ပါတယ်။ ပြည်တွင်းဆီစက်များပြန်လည်ဦးမော့လာကာ ထုတ်လုပ်မှုတိုးတက်လာတာနဲ့အမျှ စားသုံးဆီသုံးစွဲမှုစရိတ်လျှော့ချလာနိုင်မှာဖြစ်ပါတယ်။ စာမျက်နှာ ၁၄ သို့ ○

၁ စာမျက်နှာ ၁၃ မှအဆက်

အဲဒီတော့လုပ်ငန်းလုပ်ကိုင်ဆောင်ရွက်သူတွေအနေနဲ့ ဆီထွက်သီးနှံအလိုက် ပန်းတိုင်အထွက်နှုန်းရရှိအောင် ဆောင်ရွက်ကြရမှာဖြစ်ပါတယ်။ မိမိအကျိုး၊ အများအကျိုး၊ နိုင်ငံ့အကျိုးအတွက် ငါတို့ဖြစ်အောင်လုပ်မယ်ဆိုတဲ့စိတ်နဲ့ တကယ်ဖြစ်ချင်တကယ်လုပ် အပတ်ဖြစ်ကြမှာပါ။ မြေပဲဆိုရင် ပန်းတိုင်အထွက်နှုန်းတင်း ၇၀၊ နှမ်းဆိုရင်တင်း ၂၀ နဲ့ နေကြာဆိုရင်တင်း ၅၀ သတ်မှတ်ချက်ဟာ တကယ်ပြည့်မီအောင်လုပ်မယ်ဆိုတဲ့ ခိုင်မာတဲ့ဆုံးဖြတ်ချက်နဲ့ လုပ်ကြည့်စေချင်ပါတယ်။ မြေပဲ၊ နှမ်း၊ နေကြာတို့အနက် မြေပဲတစ်ဧကအထွက်နှုန်းဟာ အလွန်ကောင်းတယ်လို့ဝမ်းသာဖွယ်သတင်းသိရှိရပါတယ်။ ဆီထွက်သီးနှံအားလုံး ပန်းတိုင်အထွက်နှုန်းရအောင်လုပ်ဆောင်မယ်ဆိုရင် ကျွန်တော်တို့ပြည်သူတွေအတွက် စားသုံးဆီကို ပြည်ပကနေမှာယူတင်သွင်းနေရတဲ့ အခက်အခဲက လွန်မြောက်နိုင်မှာဖြစ်ပါတယ်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေနဲ့ နိုင်ငံတော်တာဝန်ကိုစတင်ထမ်းဆောင်ချိန်မှာ နိုင်ငံ့စီးပွားရေး GDP တိုးတက်မှုဟာ အနုတ် ၅ ဒသမ ၉ အထိကျဆင်းနေချိန်ဖြစ်ပါတယ်။ အရင်က စီးပွားရေးစီမံခန့်ခွဲမှုလွဲမှားခဲ့တာရယ်၊ ပြည်တွင်းထုတ်လုပ်မှုအားမပေးဘဲ ပြည်ပမှတင်သွင်းမှုတွေကို ဦးစားပေးဆောင်ရွက်ခဲ့မှုတွေက နိုင်ငံ့စီးပွားရေးအနုတ်လက္ခဏာပြနေခြင်းဖြစ်ပါတယ်။ ဒါ့ကြောင့် နိုင်ငံ့စီးပွားမြှင့်တင်ရေးကို ဦးစားပေးလုပ်ငန်းအဖြစ်ဆောင်ရွက်ခဲ့ရပါတယ်။

နိုင်ငံတော်အစိုးရအနေနဲ့ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်အောင်ကြိုးပမ်းဆောင်ရွက်ခဲ့မှုကြောင့် ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်တွင် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုနဲ့ နိုင်ငံရေးပြဿနာများဖြစ်နေတဲ့ကြားကပင်နိုင်ငံ့စီးပွားရေးရဲ့ GDP တိုးတက်မှုမှာ ၂ ဒသမ ၄ ရာခိုင်နှုန်းသို့ ပြန်လည်ရောက်ရှိပါတယ်။ အလားတူ ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ်တွင် နိုင်ငံရေးပြဿနာဖြစ်ပွားမှုများ၊ စီးပွားရေးပိတ်ဆို့မှုများ စတဲ့ အခက်အခဲများကြားမှ ကြိုးပမ်းဆောင်ရွက်ခဲ့ရာ နိုင်ငံ့စီးပွားရေး GDP တိုးတက်မှုမှာ ၃ ဒသမ ၄ ရာခိုင်နှုန်းအထိရောက်ရှိခဲ့ပါတယ်။ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် နိုင်ငံ့စီးပွားရေး GDP တိုးတက်မှုမှာ ၃ ဒသမ ၄ ရာခိုင်နှုန်းအထိ ရောက်ရှိခဲ့ပါတယ်။ ယခု ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင်လည်း ၃ ဒသမ ၈ ရာခိုင်နှုန်းထိ တိုးတက်အောင် အစွမ်းကုန် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါတယ်။

၂၀၂၀ ခုနှစ်၊ ၂၀၂၁ ခုနှစ်နှင့် ၂၀၂၃ ခုနှစ်တို့တွင်ဖြစ်ပေါ်ခဲ့တဲ့ နိုင်ငံရေးအရ ဆူပူအကြမ်းဖက်မှုများ၊ တိုက်ခိုက်မှုများဖြစ်ပေါ်ခဲ့မှု၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားခဲ့မှု၊ နိုင်ငံတကာမှ အပြုသဘောမဆောင်တဲ့ တုံ့ပြန်မှုများသာမရှိခဲ့ပါက နိုင်ငံရဲ့စီးပွားရေးဟာ ယခုထက်ပိုမို တိုးတက်နေမှာဖြစ်ပါတယ်။ နိုင်ငံ့စီးပွားမြင့်မားနေစေရေးအတွက် စိုက်ပျိုးတဲ့သီးနှံများအားလုံး ပန်းတိုင်ရည်မှန်းချက်အတိုင်းထွက်ရှိအောင်ဆောင်ရွက်မယ်ဆိုပါက ထုတ်ကုန်များတိုးမြင့်လာပြီးပြည်တွင်းဖူလုံမှုသာမက ပြည်ပသို့ပါတင်ပို့နိုင်မှာဖြစ်ပါတယ်။ ထုတ်လုပ်သူများအတွက်လည်း ဝင်ငွေများ ပိုမိုတိုးတက်လာမှာဖြစ်ပြီး တစ်ဦးချင်းမှသည်နိုင်ငံတော်အဆင့်အထိ GDP တိုးတက်မှုနှုန်းများ မြင့်တက်လာမှာဖြစ်ပါတယ်။

ကျွန်တော်တို့ စားသုံးသူပြည်သူတွေအနေနဲ့လည်း ဆီစားသုံးမှုကို လက်တွေ့ကျကျလျှော့ချကြဖို့လိုအပ်ပါတယ်။ လူတစ်ယောက်ကျန်းမာရေးနဲ့ညီညွတ်ဖို့ဆိုရင် တစ်ရက်မှာ ဆီ ၁ ဒသမ ၈ ကျပ်သားသာ စားသုံးရမှာဖြစ်ပါတယ်။ ဒီလိုစားသုံးခြင်းဟာမိမိကျန်းမာရေးကို မိမိရရစိုက်ရာရောက်ပါတယ်။ နိုင်ငံတော်အစိုးရအနေဖြင့် စားသုံးဆီဖူလုံတဲ့အပြင် ပြည်ပသို့တင်ပို့နိုင်သည်အထိ ဆောင်ရွက်သွားနိုင်ရေးရည်မှန်းချက်ထားဆောင်ရွက်လျက်ရှိပေရာ သက်ဆိုင်သူအားလုံးက မိမိကိုယ်ကိုချစ်တဲ့စိတ်၊ မိသားစုကိုချစ်တဲ့စိတ်၊ နိုင်ငံတော်ကိုချစ်တဲ့စိတ်၊ မိမိလုပ်ငန်းအပေါ်တိုးတက်ကြီးပွားလိုတဲ့စိတ်နဲ့ လုပ်ဆောင်ကြရန်ဖြစ်ပါတယ်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ၂၀၂၄ ခုနှစ် ဩဂုတ်လ ၂၆ ရက်က မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များ၊ တိုင်းဒေသကြီးနဲ့ခရိုင်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများကို မန္တလေးမြို့ မြို့တော်ခန်းမမှာတွေ့ဆုံပြီး ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာတွေ ဆွေးနွေးစဉ် **"ဆီထွက်သီးနှံများကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက အထွက်နှုန်းများ ပိုမိုတိုးတက်လာမည်ဖြစ်ကြောင်း၊ ပြည်တွင်းမှထွက်ရှိသည့် ပို့လျှံဆီထွက်သီးနှံ နှမ်း၊ နေကြာနှင့် မြေပဲတို့ကို စားသုံးဆီအဖြစ်ကြိတ်ခွဲဆောင်ရွက်မည်ဆိုပါက ပြည်တွင်းစားသုံးဆီ လုံလောက်မှုရှိနိုင်မည်ဖြစ်ကြောင်း"** ကိုထည့်သွင်းပြောကြားခဲ့ပါတယ်။ အနှစ်ချုပ်ဆိုရသော် နိုင်ငံတွင်းစားသုံးဆီဖူလုံစေဖို့နဲ့ ပြည်ပမှ စားသုံးဆီတင်သွင်းနေရမှုကို လျှော့ချနိုင်စေဖို့အတွက် ပြည်တွင်း၌စိုက်ပျိုးထုတ်လုပ်နိုင်သော ဆီထွက်သီးနှံများကို ပန်းတိုင်ရည်မှန်းချက်များအတိုင်း စိုက်ပျိုးပြီး အထွက်နှုန်းတိုးတက်ဖို့ အမှန်တကယ်ဆောင်ရွက်ကြိုးပမ်းကြပါစို့လို့ တိုက်တွန်းလိုက်ပါတယ်။ ။

## စည်းလုံးစို့ တို့ပြည်သူ

➡ နည်းထုံးလှလှဖြင့်
စည်းလုံးကြ တို့ပြည်သူ။
စိတ်ဝမ်းမကွဲလျက်
တွဲလက်အတူ...။
နိုင်ငံအား နှောင့်ယှက်သူ
ယောက်ယက်ဆူ ကယောက်ကယက်။
ရန်မူသူ ကျေပျက်ပြုန်းအောင်
ချေမှုန်းတိုက်ဖျက်...။
➡ အမျိုးသားရေးအား
အလေးထား စောင့်ရှောက်ရာ။
သာသနာ အထွတ်အမြတ်
ချစ်အပ်ကြကာ...။
ယဉ်ကျေးခဲ့ တို့မြန်မာ
တို့မှန်ရာ တို့လျှောက်လှမ်း။
တပ်မတော် စစ်ထင်ရှားလို့
ပြည်သူတို့ ချစ်အင်အားနဲ့
သွင်ကြွားဂုဏ်စွမ်း...။
➡ ပြည်သူတွေ ပေါင်းစည်း
အကောင်းချည်း ဖြစ်မည်သာ။
ယခင်ခါ သာကေ
ဘာမှမကြာ...။
နယ်ချဲ့ဖက်ဆစ် နမူနာ
ဇမ္ဗူမှာ အံ့မခန်း။
တို့ပြည်သူ ပြည်ချစ်မြဲမို့
တို့ညီမှု ဤစစ်ပွဲတို့
မလွဲအောင်ပန်း...။ ။

ခင်ဖုန်းကြည်(မိုင်းပွန်)

## မိုးရာသီကျောင်းကောင်စီဖလား ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးအပ်ပွဲအခမ်းအနားကျင်းပ

မိုင်းပန် ဩဂုတ် ၂၇

ရှမ်းပြည်နယ်(တောင်ပိုင်း) မိုင်းပန်မြို့နယ် အခြေခံပညာအထက်တန်းကျောင်း အားကစားကွင်း၌ ၂၀၂၄-၂၀၂၅ ပညာသင်နှစ်မိုးရာသီကျောင်းကောင်စီဖလား ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးအပ်ပွဲအခမ်းအနားကို ဩဂုတ်လ ၂၆ ရက် မွန်းလွဲပိုင်းတွင်ကျင်းပသည်။

အခမ်းအနားတွင် မိုင်းပန်မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်လှိုင်မြတ်က အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် မြို့နယ်ပညာရေးမှူး ဦးအောင်မင်းက အမှာစကားပြောကြားပြီး မိုးရာသီကျောင်းကောင်စီဖလားဗိုလ်လုပွဲကို အနော်ရထာအသင်းနှင့်အလောင်းဘုရားအသင်းတို့ ယှဉ်ပြိုင်ရာ အလောင်းဘုရားအသင်းက အနော်ရထာအသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

ဆက်လက်၍ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ကျောင်းအကျိုးတော်ဆောင်များနှင့် ဆရာ၊ ဆရာမများက မိုးရာသီကျောင်းကောင်စီဘောလုံးပြိုင်ပွဲတွင် ပထမဆု၊ ဒုတိယဆု၊ အသန့်ရှင်းဆုံးဆု၊ အကောင်းဆုံးဘောလုံးကစားသမားဆုနှင့် အကောင်းဆုံးဂိုးသမားဆုတို့ကို အသီးသီးပေးအပ်ကြောင်း သိရသည်။

နော်မိုင်း(ပြန်/ဆက်)

## ပေါင်မြို့နယ်၌ စားသုံးသူဘေးအန္တရာယ်ကင်းရှင်းရေးစစ်ဆေး



ပေါင် ဩဂုတ် ၂၇

မွန်ပြည်နယ် ပေါင်မြို့နယ်၌ အသင့်စားမုန့်အမျိုးမျိုးနှင့်စပ်လျဉ်း၍ စားသုံးသူဘေးအန္တရာယ်ကင်းရှင်းရေးစစ်ဆေးခြင်းကို ဩဂုတ်လ ၂၇ ရက် နံနက်ပိုင်းတွင် ပေါင်မြို့နယ်စားသုံးသူရေးရာဦးစီးဌာနနှင့် သက်ဆိုင်ရာတာဝန်ရှိသူများက မြို့ပေါ် ရပ်ကွက်လေးခု၌ ဆောင်ရွက်သည်။

ထိုသို့ ဈေးကွက်စောင့်ကြည့်စစ်ဆေးခြင်းကို ပေါင်မြို့နယ် စားသုံးသူရေးရာဦးစီးဌာနမှ မြို့နယ်တာဝန်ခံ ဦးအောင်မျိုးဦးနှင့်တာဝန်ရှိသူတို့က ဈေးကွက်အတွင်းရောင်းချနေသော အသင့်စားမုန့်အမျိုးမျိုးတွင် ကုန်အမှတ်အသားပြည့်စုံစွာဖော်ပြခြင်း ရှိ/မရှိ၊ သက်ဆိုင်ရာ ဌာနများက ကန့်သတ်တားမြစ်ထားသည့် မုန့်များ ရောင်းချခြင်း ရှိ/မရှိ၊ စားသုံးသူဘေးအန္တရာယ်ဖြစ်စေနိုင်သောမုန့်များ ရောင်းချနေမှုရှိ/မရှိ တို့အား စစ်ဆေးသည်။

သတ်မှတ်စံချိန်စံနှုန်းနှင့်ကိုက်ညီ၍ သက်ဆိုင်ရာဌာနများမှ ခွင့်ပြုထားသော ကုန်ညွှန်းအမှတ်အသား ပြည့်စုံစွာဖော်ပြထားသော အသင့်စားမုန့်များကိုသာ ဈေးကွက်အတွင်း ရောင်းချခြင်းများ ပြုလုပ်ကြရန်နှင့် ဈေးကွက်အတွင်း ရောင်းချခြင်း မပြုသင့်သည့်မုန့်များကို ရှောင်ရှားကြရန် ဆိုင်ရှင်များအား အသိပညာပေးပြောကြားကြောင်း သိရသည်။

မွန်မလေး(ပြန်/ဆက်)

# အဆင့်မြင့်နိုင်ငံ့ဝန်ထမ်းများအတွက် ဥပဒေအသိပညာပြန့်ပွားရေး သင်တန်းအမှတ်စဉ်(၁) သင်တန်းဖွင့်ပွဲအခမ်းအနားကျင်းပ




နေပြည်တော် ဩဂုတ် ၂၇

အဆင့်မြင့်နိုင်ငံ့ဝန်ထမ်းများအတွက် ဥပဒေအသိပညာပြန့်ပွားရေးသင်တန်း အမှတ်စဉ်(၁)သင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ဥပဒေရေးရာဝန်ကြီးဌာန ဥပဒေအသိပညာပြန့်ပွားရေး သင်တန်းကျောင်း(LAC) ပထမထပ် သင်တန်းခန်းမ (MOLA Lecture Hall) ၌ ကျင်းပသည်။

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါ်ဒွဲဘူနှင့် ဦးရန်ကျော်၊ ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ်ဒေါက်တာသီတာဦး၊ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးအဖွဲ့ဝင် ဦးကျော်ဆန်းနှင့် ဦးခင်မောင်ဦး၊ ဒုတိယဝန်ကြီးနှင့်ဒုတိယရှေ့နေချုပ် ဒေါက်တာထိန်လင်းဦး၊ ဥပဒေရေးရာဝန်ကြီးဌာနမှ ဌာနအကြီးအကဲများ၊ ညွှန်ကြားရေးမှူးများနှင့်သင်တန်းဆရာများ၊ သင်တန်းသား၊ သင်တန်းသူများတက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ်က ဥပဒေအသိပညာပြန့်ပွားရေးမှာ တရားဥပဒေစိုးမိုးရေးအတွက် အညွှန်းကိန်းတစ်ခုဖြစ်ကြောင်း၊ လူတိုင်းလူတိုင်းတွင် ဥပဒေအသိပညာရှိသင့်သည်ဟူသော နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်အရလည်း ဆောင်ရွက်ခြင်းဖြစ်ကြောင်း။

ယခုသင်တန်းမှာ ရက်ပေါင်း ၄၀ စာသင်ချိန် တစ်ချိန်လျှင် မိနစ် ၅၀ အချိန် ၈၀ သင်တန်းပေးမည်ဖြစ်ပြီး Case Study၊ သင်တန်းဝင်ဆန်းစစ်ချက်နှင့် သင်တန်းဆင်းဆန်းစစ်ချက်များ ဆောင်ရွက်မည်ဖြစ်ကြောင်း၊ နိုင်ငံ့ဝန်ထမ်းများသိသင့်သိထိုက်သည့် မူကြမ်းရေးဆွဲခြင်းဘာသာရပ်၊ စီးပွားရေးစာချုပ်စာတမ်းများ စိစစ်ခြင်းဆိုင်ရာဘာသာရပ်၊ အပြည်ပြည်ဆိုင်ရာဥပဒေနှင့် အာဆီယံဥပဒေများလက်တွေ့အသုံးချမှုဘာသာရပ်၊ တရားမဆိုင်ရာဘာသာရပ်၊ အထွေထွေဥပဒေအကြံပေးဘာသာရပ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေများအပြင် မိမိတို့ဝန်ကြီးဌာနမှ ဆောင်ရွက်နေသောလုပ်ငန်းများအကြောင်းကို ဥပဒေရေးရာဝန်ကြီးဌာနမှအတွေ့အကြုံရင့်ကျက်သည့် ဆရာ၊ ဆရာမများက ဖြန့်ဝေပေးမည်ဖြစ်ကြောင်းပြောကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးနှင့်ပြည်ထောင်စုရှေ့နေချုပ်၊ တက်ရောက်လာကြသူများ၊ သင်တန်းသား၊ သင်တန်းသူများသည် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြကြောင်းသိရသည်။

(၅၀၀)

# နယူးယောက်မြို့ရှိ ကုလသမဂ္ဂအဖွဲ့အစည်းများနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာအဖွဲ့အစည်းများ၏ အရေးပေါ်ညွှန်ကြားရေးမှူးများအဖွဲ့ (Emergency Directors Group – EDG) ဥက္ကဋ္ဌ Ms. Edem Wosornu ဦးဆောင်သည့်ကိုယ်စားလှယ်အဖွဲ့အား ဒုတိယဝန်ကြီး ဦးလွင်ဦး လက်ခံတွေ့ဆုံ



နေပြည်တော် ဩဂုတ် ၂၇

နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလွင်ဦးသည် နယူးယောက်မြို့ရှိ ကုလသမဂ္ဂအဖွဲ့အစည်းများနှင့်လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အဖွဲ့အစည်းများ၏ အရေးပေါ် ညွှန်ကြားရေးမှူးများအဖွဲ့ (Emergency Directors Group – EDG) ဥက္ကဋ္ဌနှင့် ကုလသမဂ္ဂလူသားချင်းစာနာမှုဆိုင်ရာ ညှိနှိုင်းရေးရုံး (UNOCHA)၏ လုပ်ငန်းလည်ပတ်မှုနှင့်လူသားချင်းစာနာမှုလုပ်ငန်းများတုံ့ပြန်မှုဆိုင်ရာဌာန ညွှန်ကြားရေးမှူး Ms. Edem Wosornu ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာအစိုးရနှင့် ကုလသမဂ္ဂတို့အကြား လတ်တလော ပူးပေါင်းဆောင်ရွက်နေမှုများနှင့် ဆက်လက်ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များ၊ လိုအပ်နေသည့်ပြည်သူများထံသို့ လူသားချင်းစာနာမှုဆိုင်ရာအကူအညီများ ပေးအပ်နေမှုအခြေအနေတို့နှင့်စပ်လျဉ်း၍ ရင်းနှီးစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ နိုင်ငံခြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်နှင့် အဆင့်မြင့်အရာရှိကြီးများ၊ EDG ၏ ညွှန်ကြားရေးမှူးများဖြစ်ကြသည့် ဂျီနီဗာမြို့ရှိ လူသားချင်းစာနာမှုဆိုင်ရာ တုံ့ပြန်ရေးလုပ်ငန်းစဉ်ချမှတ်သည့်အဖွဲ့(SCHR) ၏ အမှုဆောင်အတွင်းရေးမှူး၊ ဂျီနီဗာမြို့ရှိ WHO အဖွဲ့၏ ကျန်းမာရေးဆိုင်ရာ အရေးပေါ်တုံ့ပြန်မှုညွှန်ကြားရေးမှူး၊ ရန်ကုန်မြို့အခြေစိုက် ကုလသမဂ္ဂယာယီဌာနေညှိနှိုင်းရေးမှူးနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ယာယီညှိနှိုင်းရေးမှူး၊ UNOCHA ၏ မြန်မာနိုင်ငံဆိုင်ရာအကြီးအကဲနှင့် UNOCHA ၏ ညှိနှိုင်းရေးဆိုင်ရာဌာနခွဲ အကြီးအကဲတို့ တက်ရောက်ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)



# မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စ မာကျားအား ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင် လက်ခံတွေ့ဆုံ

နေပြည်တော် ဩဂုတ် ၂၇

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်သည် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စ မာကျားကို ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ အဆိုပါဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် နှစ်နိုင်ငံ လယ်ယာကဏ္ဍဖွံ့ဖြိုးမှု ပူးပေါင်းဆောင်ရွက်ရေး၊ မဲခေါင်–လန်ချန်းပူးပေါင်းဆောင်ရွက်မှုအထူးရန်ပုံငွေစီမံကိန်းလုပ်ငန်းဆိုင်ရာများ၊ တရုတ်နိုင်ငံ အကောက်ခွန်အထွေထွေအုပ်ချုပ်မှုအာဏာပိုင်အဖွဲ့ GACC နှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် နှစ်နိုင်ငံ စိုက်ပျိုးမွေးမြူရေးထွက်ကုန်ဆိုင်ရာ ကုန်သွယ်မှုလုပ်ငန်းများနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

**နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအားနှောင့်ယှက်ခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံသံအမတ်ကြီး မစ္စ မာကျားကို ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ လက်ခံတွေ့ဆုံ



နေပြည်တော် ဩဂုတ် ၂၇

ဒုတိယဝန်ကြီးချုပ်နှင့်နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံသံအမတ်ကြီး မစ္စ မာကျားကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် မြန်မာ-တရုတ် နှစ်နိုင်ငံအကြား ရှိရင်းစွဲဆွေမျိုးပေါက်ဖော်ဆက်ဆံရေးကိုပိုမိုခိုင်မာစေရေး၊ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုဆိုင်ရာစီမံကိန်းများကို ဆက်လက်အကောင်အထည်ဖော်ရေး၊ မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး၌ တရုတ်နိုင်ငံမှ ဆက်လက်ကူညီဆောင်ရွက်ပေးသွားမည့်ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာဆွေးနွေးခဲ့ကြပြီး ဒေသတွင်းနှင့် နိုင်ငံတကာမျက်နှာစာတို့တွင် ပိုမိုနီးကပ်စွာ ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးအမြင်ချင်းဖလှယ်ခဲ့ကြကြောင်းသိရသည်။

(သတင်းစဉ်)

# ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်း မြစ်ချောင်းများမှ ရေစီးဆင်းမှုအခြေအနေများ ကွင်းဆင်းကြည့်ရှုစစ်ဆေး

နေပြည်တော် ဩဂုတ် ၂၇

ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်း နေရာအနှံ့အပြား မိုးသည်းထန်စွာရွာသွန်းမှုများကြောင့် မြစ်ချောင်းများတစ်လျှောက် ရေကြီးနစ်မြုပ်မှုများ လျော့နည်းသက်သာစေရေးနှင့် အချိန်တိုအတွင်း ရေထုတ်နုတ်စီးဆင်းနိုင်ရေးအတွက် ဩဂုတ်လ ၂၅ ရက် နံနက်ပိုင်းတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော်သည် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ တာဝန်ရှိသူများနှင့်အတူ တင်းဝါးချောင်း၊ ဆင်သေချောင်းနှင့် ငလိုက်ချောင်းတို့ကို ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။



ဦးစွာ ဒုတိယဝန်ကြီးသည် ပုဗ္ဗသီရိမြို့နယ် ပင်လောင်းလမ်းကို ဖြတ်သန်းစီးဆင်းလျက်ရှိသည့် တင်းဝါးချောင်းတစ်လျှောက် ရေစီးဆင်းမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ပင်လောင်းလမ်းဘေးနှင့် နေရောင်ပြအင်းစိုက်ကွင်းများမှ အချိန်တိုအတွင်း ရေထုတ်နုတ်နိုင်ရေးအတွက် တင်းဝါးချောင်းတစ်လျှောက် ရေစီးဆင်းရာတွင် ချောင်းကျဉ်းသောနေရာများ၊ ချောင်းကြမ်းပြင်အတွင်း သဲနုန်းပို့ချမှုများရှိပါက အချိန်မီပြန်လည်တူးဖော်ဆောင်ရွက်ရန်နှင့် နုတ်မြောင်းရေထိန်းတံခါး ယာယီရေကူထုတ်ရေလွှဲနိုင်ရေးဆောင်ရွက်ရန်အတွက် အကောင်အထည်ဖော်နိုင်ရေး လေ့လာစီမံခဲ့သည်။

ယမန်နေ့ညနေပိုင်းက ပင်လောင်းလမ်းဘေးနှင့် နေရောင်ပြအင်းစိုက်ကွင်းများမှ ရေလျော့ကျမှုအခြေအနေ၊ တင်းဝါးချောင်းရေစီးရေလာအခြေအနေများနှင့် နုတ်မြောင်းရေထိန်းတံခါး ယာယီရေကူထုတ်ရေလွှဲလုပ်ငန်းဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေး၍ လုပ်ငန်းလိုအပ်ချက်များ မှာကြားသည်။

ယင်းနောက် ဇေယျာသီရိမြို့နယ် ကျောက်ချက်ကျေးရွာအနီး ဆင်သေချောင်းရေစီးဆင်းမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် မိုးသည်းထန်စွာရွာသွန်းခဲ့မှုကြောင့် ငလိုက်ချောင်းတစ်လျှောက် ရေဝင်ရောက်မှုများဖြစ်ပေါ်ခဲ့သည့် ချောင်းကမ်းဘေးတစ်လျှောက်နေရာများနှင့် ပျဉ်းမနားမြို့ (၉) လမ်းတံတား၊ (၆) လမ်းတံတား၊ (၄) လမ်းတံတားနှင့် အာဟာရသုခဈေးအနီးရှိ ပညာပန်းတိုင်တံတားတို့မှ ရေစီးထွက်မှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ငလိုက်ချောင်းတစ်လျှောက် ရေစီးဆင်းမှုအခြေအနေများ တစ်နေရာနှင့် တစ်နေရာကြိုတင်ခန့်မှန်းနိုင်ရန်နှင့် စောင့်ကြည့်လေ့လာသုံးသပ်နိုင်ရန်အတွက် ရေမှတ်တိုင်များထားရှိရန်၊ ငလိုက်ချောင်းအတွင်း စီးဝင်သော တောင်ညိုချောင်းနှင့် တံခွန်တိုင်ချောင်း ရေစီးရေလာအခြေအနေများအား အချိန်နှင့်အမျှ စောင့်ကြည့်စစ်ဆေးနေ၍ လိုအပ်သည်များ ကြိုတင်စီမံဆောင်ရွက်ရန် မှာကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးသည် ပျဉ်းမနားမြို့နယ် ပေါင်းလောင်းရေလွှဲဆည်သို့ရောက်ရှိရာ ရေလွှဲဆည်ကြံ့ခိုင်ရေးအတွက် ထိန်းသိမ်းဆောင်ရွက်ထားရှိမှုအခြေအနေ၊ သဲထုတ်ရေတံခါးများဖွင့်လှစ်ထားရှိမှုအခြေအနေ၊ အထက်ပေါင်းလောင်းရေလှောင်တမံရေပိုလွှဲမှ ရေကျော်ကျမှုအခြေအနေ၊ အထက်ပေါင်းလောင်းရေအားလျှပ်စစ်စက်ရုံမှ စီးထွက်ရေ၊ အောက်ပေါင်းလောင်းရေလှောင်တမံရေပိုလွှဲမှ ရေကျော်ကျမှုအခြေအနေ၊ အောက်ပေါင်းလောင်း ရေအားလျှပ်စစ်စက်ရုံမှ စီးထွက်ရေ၊ အောက်ပေါင်းလောင်းတမံနှင့် ပေါင်းလောင်းရေလွှဲဆည်ကြား စီးဝင်ရေနှင့် ပေါင်းလောင်းရေလွှဲဆည်မှ ရေကျော်ကျမှုအခြေအနေများကို တာဝန်ရှိသူများက ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီးက လိုအပ်သည်များကို ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

(၅၀၀)

## ပြင်ဆင်ဖတ်ရှုပါရန်

၂၇ - ၈ - ၂၀၂၄ ရက်နေ့ထုတ် မြဝတီနေ့စဉ်သတင်းစာ၏ စာမျက်နှာ ၁၅ တွင် ဖော်ပြပါရှိသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မန္တလေးပညာရေးဒီဂရီကောလိပ်ရှိ နည်းပြဆရာ၊ ဆရာမများ၊ သင်တန်းသား၊ သင်တန်းသူများအား တွေ့ဆုံအမှာစကားပြောကြားသည့် သတင်းစာသား၌ **“နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်ဇနီးတို့က မန္တလေးပညာရေးဒီဂရီကောလိပ်စာကြည့်တိုက်အတွက် လူထုသိပ္ပံကျမ်းများ၊ သုတရသစာအုပ်စာစောင်များ၊ သင်ထောက်ကူပစ္စည်းများကို ပေးအပ်လှူဒါန်း”** အစား **“နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်ဇနီးတို့က မန္တလေးပညာရေးဒီဂရီကောလိပ်စာကြည့်တိုက်အတွက် လူထုသိပ္ပံကျမ်းများ၊ သုတရသစာအုပ်စာစောင်များနှင့် လေ့ကျင့်ရေးအခြေခံပညာအလယ်တန်းကျောင်းအတွက် သင်ထောက်ကူပစ္စည်းများကိုပေးအပ်လှူဒါန်း”**ဟု ဖြည့်စွက်ဖတ်ရှုပါရန်နှင့် စာမျက်နှာ ၁၆ တွင် ဖော်ပြပါရှိသည့် ပုံညွှန်းစာ၌ **“နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့က မန္တလေးပညာရေးဒီဂရီကောလိပ်စာကြည့်တိုက်အတွက် သင်ထောက်ကူပစ္စည်းများကို ပေးအပ်လှူဒါန်းစဉ်”** အစား **“နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့က လေ့ကျင့်ရေးအခြေခံပညာအလယ်တန်းကျောင်းအတွက် သင်ထောက်ကူပစ္စည်းများကို ပေးအပ်လှူဒါန်းစဉ်”** ဟုပြင်ဆင်ဖတ်ရှုပါရန်။

# “လူငယ်နှင့် ကျင့်ဝတ်စံနှုန်းများ” လူငယ်စကားဝိုင်းကျင်းပ

နေပြည်တော် ဩဂုတ် ၂၇

အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်နှင့် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနအောက်ရှိ နည်းပညာတက္ကသိုလ်(တောင်ငူ)တို့ ပူးပေါင်းကျင်းပသည့် “လူငယ်နှင့် ကျင့်ဝတ်စံနှုန်းများ” လူငယ်စကားဝိုင်းဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းတွင် နည်းပညာတက္ကသိုလ်(တောင်ငူ)၌ ကျင်းပသည်။

ဆွေးနွေးပွဲသို့ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်အဖွဲ့ဝင် ဒေါ်ကြူကြူဝင်း၊ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ သယံဇာတရေးရာဝန်ကြီး ဦးတင်သိန်း၊ ကော်မရှင်ရုံးမှ တာဝန်ရှိသူများ၊ နည်းပညာတက္ကသိုလ်(တောင်ငူ)ဒုတိယပါမောက္ခချုပ်နှင့် တာဝန်ရှိသူများ၊ ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။

ဆွေးနွေးပွဲတွင် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ သယံဇာတရေးရာဝန်ကြီးက အဖွင့်အမှာစကားပြောကြားပြီး ကော်မရှင်အဖွဲ့ဝင်က အမှာစကားပြောကြားသည်။

ထို့နောက် “လူငယ်နှင့်ကျင့်ဝတ်စံနှုန်းများ” ခေါင်းစဉ်ဖြင့် လူငယ်စကားဝိုင်းဆွေးနွေးပွဲကိုကျင်းပရာ နည်းပညာတက္ကသိုလ်(တောင်ငူ)မှ ကျောင်းသား၊ ကျောင်းသူများက ၎င်းတို့သိရှိလိုသည်များကို မေးမြန်းကြပြီး ဆွေးနွေးသူများအဖြစ် ပါဝင်ဆောင်ရွက်ကြသည့် ကျောင်းသား၊ ကျောင်းသူများက ပြန်လည်ရှင်းလင်းဖြေကြားခဲ့ကြောင်း သတင်းရရှိသည်။

(၅၀၀)

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH ၊ NUG ၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH ၊ NUG ၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

# မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ကို ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း လက်ခံတွေ့ဆုံ



နေပြည်တော် ဩဂုတ် ၂၇

စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းသည် မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီး H.E. Mr. Iskander Azizov ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ကို ယနေ့နံနက်ပိုင်းတွင် စက်မှုဝန်ကြီးဌာန ရုံးအမှတ် (၃၀) ရှိ ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် စက်မှုဝန်ကြီးဌာနနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ TPE Co., Ltd. တို့ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် အမှတ် (၂)သံမဏိစက်ရုံ (ပင်းပက်) စီမံကိန်း အမြန်ဆုံး ပြီးစီးလည်ပတ်နိုင်ရေးအတွက် ရိုးမတ်နည်းစဉ်အသုံးပြု သံရည်ကျိုမီးဖို၊ အောက်ဆီဂျင်အလုပ်ရုံတို့တွင် စက်ပစ္စည်းများတပ်ဆင်ရေး၊ စမ်းသပ်လည်ပတ်ခြင်းများဆောင်ရွက်နိုင်ရေးအတွက် စာချုပ်မူဘောင်လက်မှတ်ရေးထိုးနိုင်ရန်ဆွေးနွေးညှိနှိုင်းနေမှု၊ စက်ရုံလည်ပတ်နိုင်ရေးအတွက် နည်းပညာပိုင်းဆိုင်ရာအထောက်အပံ့ပေးရေး၊ နှစ်ဖက်အပြီးသတ်ဆွေးနွေးညှိနှိုင်းပြီးစီးပါက စာချုပ်မူဘောင်လက်မှတ်ရေးထိုးရေး၊ အမှတ်(၂) သံမဏိစက်ရုံ (ပင်းပက်) စီမံကိန်းလုပ်ငန်းများ အမြန်ဆုံးပြီးစီးရန်အတွက် ရုရှားဖက်ဒရေးရှင်းနိုင်ငံမှကူညီဆောင်ရွက်ပေးရေးနှင့် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှု ပိုမိုခိုင်မာစွာ လက်တွဲဆောင်ရွက်နိုင်မည့်ကိစ္စရပ်များအား ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးသည်။

တွေ့ဆုံပွဲသို့ ဒုတိယဝန်ကြီး၊ ညွှန်ကြားရေးမှူးချုပ်၊ ဦးဆောင်ညွှန်ကြားရေးမှူး၊ ဒုတိယအမြဲတမ်းအတွင်းဝန်နှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

(သတင်းစဉ်)

# အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (ရန်ကုန်) ၂၀၂၃ - ၂၀၂၄ ပညာသင်နှစ် (၂၇)ကြိမ်မြောက် ပန်းချီ ပန်းပု ကျောင်းသား၊ ကျောင်းသူများ၏ ဘွဲ့ယူလက်ရာမွန်ပြပွဲနှင့် ဂီတ၊ သဘင်၊ ရုပ်ရှင်နှင့်ပြဇာတ် ကျောင်းသား၊ ကျောင်းသူများ၏ ဘွဲ့ယူစင်တင် တင်ဆက်ပွဲကျင်းပ



ရန်ကုန် ဩဂုတ် ၂၇

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်) ၂၀၂၃ - ၂၀၂၄ ပညာသင်နှစ် (၂၇)ကြိမ်မြောက် ပန်းချီ၊ ပန်းပု ကျောင်းသား၊ ကျောင်းသူများ၏ ဘွဲ့ယူလက်ရာမွန်ပြပွဲနှင့် ဂီတ၊ သဘင်၊ ရုပ်ရှင်နှင့် ပြဇာတ် ကျောင်းသား၊ ကျောင်းသူများ၏ ဘွဲ့ယူစင်တင် တင်ဆက်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ မြို့မကျောင်းလမ်းရှိ အမျိုးသားကဇာတ်ရုံ၌ ကျင်းပသည်။

အခမ်းအနားသို့ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်နုမြဖံ၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အမျိုးသားယဉ်ကျေးမှုနှင့်အနုပညာတက္ကသိုလ်(ရန်ကုန်)ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်များ၊ ပါမောက္ခ၊ ဌာနမှူးများ၊ ပြင်ပပညာရှင်များ၊ မြန်မာနိုင်ငံ ဂီတ၊ သဘင်၊ ပန်းချီ၊ ပန်းပုနှင့် ရုပ်ရှင်အစည်းအရုံးတို့မှ တာဝန်ရှိသူများ၊ ဆရာ၊ ဆရာမများ၊ ကျောင်းဆင်းကျောင်းသား၊ ကျောင်းသူများနှင့် မိဘဆွေမျိုးများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။

ဦးစွာ ဒုတိယဝန်ကြီးနှင့် ဧည့်သည်တော်များသည် ပန်းချီ၊ ပန်းပု ကျောင်းသား၊ ကျောင်းသူများ၏ ဘွဲ့ယူလက်ရာမွန်များကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

ထို့နောက် အခမ်းအနားကိုကျင်းပရာ ဒုတိယဝန်ကြီး ဒေါ်နုမြဖံက ဂုဏ်ပြုအမှာစကားပြောကြားရာတွင် ၂၀၂၂ - ၂၀၂၃ ပညာသင်နှစ်အထိ ဘွဲ့နှင်းသဘင်ကို (၂၄) ကြိမ်မြောက် ကျင်းပပြီးစီးခဲ့ပြီး ဝိဇ္ဇာဘွဲ့ ၂၆၀၁ ဦး၊ ဝိဇ္ဇာ(ဂုဏ်ထူး) ဘွဲ့ ၃၈၆ ဦး၊ မဟာဝိဇ္ဇာ ဘွဲ့ ၁၀၅ ဦး၊ မဟာဝိဇ္ဇာဘွဲ့(Earn Degree) ၁၅ ဦး၊ ဘွဲ့လွန်ဒီပလိုမာ ၈၈၄ ဦး၊ အနုပညာကွန်ပျူတာဒီပလိုမာဘွဲ့ ၂၈၁၄ ဦး၊ ဂုဏ်ထူးဆောင်ဝိဇ္ဇာဘွဲ့ ၆၅ ဦး၊ ဂုဏ်ထူးဆောင် မဟာဝိဇ္ဇာဘွဲ့ ၁၉ ဦး၊ ဂုဏ်ထူးဆောင်ပါရဂူဘွဲ့ ၂၁ ဦးတို့ကို ချီးမြှင့်အပ်နှင်းပေးနိုင်ခဲ့ကြောင်းပြောကြားသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် လူမှုရေးရာဝန်ကြီးက မုဒိတာစကားပြောကြားပြီး ဂီတ၊ သဘင်၊ ရုပ်ရှင်နှင့်ပြဇာတ် ကျောင်းသား၊ ကျောင်းသူများက စွမ်းရည်ပြဖျော်ဖြေတင်ဆက်ကြသည်။

ယနေ့အခမ်းအနားတွင် ပန်းချီအထူးပြု ကျောင်းသား၊ ကျောင်းသူများ၏ ပန်းချီကား ၃၆ ကား၊ ပန်းပုအထူးပြု ကျောင်းသား၊ ကျောင်းသူများ၏ ပန်းပုရုပ် ငါးရုပ်၊ ဂီတအထူးပြု ကျောင်းသား၊ ကျောင်းသူများ၏ တေးဂီတအစီအစဉ် လေးခု၊ သဘင်အထူးပြု ကျောင်းသား၊ ကျောင်းသူများ၏ အက၊ ရုပ်သေး၊ ဇာတ်တော်ကြီးအစီအစဉ်ငါးခု၊ ရုပ်ရှင်နှင့်ပြဇာတ် အထူးပြုကျောင်းသား၊ ကျောင်းသူများ၏ ပြဇာတ်နှင့် ရုပ်ရှင်ဇာတ်ကားသုံးကားတို့ကို တင်ဆက်ပြသဖျော်ဖြေခဲ့ကြပြီး ဒုတိယဝန်ကြီး၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် လူမှုရေးရာဝန်ကြီးနှင့် ဧည့်သည်တော်များက ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ကြသည်။

အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်ကို ယဉ်ကျေးမှုတက္ကသိုလ်အဖြစ် ၁၉၉၃ ခုနှစ် စက်တင်ဘာလ ၂၄ ရက်က စတင်ပြီး ဗဟန်းမြို့နယ် ကမ္ဘောဇဝင်းချင်းချောင်းနန်းတော်တွင် ဂီတ၊ ဇာတ်သဘင်၊ ပန်းချီ၊ ပန်းပု စသည့် ဘာသာရပ်ကြီးလေးခုကို စာပေဘာသာရပ်နှင့်တွဲ၍ စတင်ဖွင့်လှစ်ခဲ့ပြီး ၂၀၀၈ ခုနှစ် မတ်လ ၂၆ ရက်တွင် ယဉ်ကျေးမှုတက္ကသိုလ်မှ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (ရန်ကုန်)ဟု အမည်ပြောင်းလဲခဲ့သည်။ ၂၀၁၇ - ၂၀၁၈ ပညာသင်နှစ် ဘွဲ့ကြိုတန်းများတွင် ဂုဏ်ထူးတန်းဘွဲ့တက်ရောက်စေခြင်းအစား အရည်အချင်းပြည့်မီသူများကို မဟာဝိဇ္ဇာတန်းသို့ တက်ရောက်သင်ကြားခွင့်ပြုရေး၊ Credit Transfer System ပီပြင်စွာ အကောင်အထည်ဖော်နိုင်ရန် အထူးပြုဘာသာရပ်အလိုက် (Credit Unit)နှင့် Teaching Hours များ ပြင်ဆင်ဆောင်ရွက်ပြီး မဟာဝိဇ္ဇာတန်းများကို တိုးချဲ့ဖွင့်လှစ်ခဲ့ကာ ယခု ၂၀၂၃ - ၂၀၂၄ ပညာသင်နှစ်တွင် ဒြပ်ရှိ/ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်များဆိုင်ရာကိစ္စများဆောင်ရွက်ရန်နှင့် ယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းကာကွယ်စောင့်ရှောက်နိုင်ရန်အတွက် ယဉ်ကျေးမှုအမွေအနှစ် စီမံခန့်ခွဲမှု ပညာဌာနကို တိုးချဲ့ဖွင့်လှစ်ခဲ့သည်။

ထို့ပြင် ဌာနမှသုတေသနအတွေ့အကြုံရင့်ကျက်ပြီး အနုပညာလုပ်ငန်းများ စွမ်းစွမ်းတမံဆောင်ရွက်နိုင်စွမ်းရှိသော ပညာရှင်များ အခွင့်အလမ်းပွင့်လန်းစေရန် ရည်ရွယ်ပြီး ဝါရင့်မဟာဝိဇ္ဇာ (ယဉ်ကျေးမှုအမွေအနှစ်စီမံခန့်ခွဲမှုပညာ) (ပြတိုက်ပညာ)တန်းများနှင့်တက္ကသိုလ်တွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် ဝါရင့်ပါမောက္ခ၊ တွဲဖက်ပါမောက္ခနှင့် ကထိကများအား ဝါရင့်ပါရဂူဘွဲ့အတွက် ဘာသာရပ်ဆိုင်ရာ သုတေသနလုပ်ငန်းများ ဆောင်ရွက်ပြီး ကျမ်းပြုစုတင်သွင်းခွင့်ပြုခြင်းဖြင့် မျိုးဆက်သစ်များကို ဆက်လက်ပြုစုပျိုးထောင်နိုင်ရန် ရည်ရွယ်ပြီး ဝါရင့်ပါရဂူဘွဲ့အကြိုသင်တန်းနှင့်ဝါရင့်ပါရဂူသင်တန်းတို့ကို ထပ်မံဖွင့်လှစ်ပေးနိုင်ခဲ့ကြောင်း သိရသည်။ (၅၀၀)

**မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account၊ Bank Account များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

MYAWADY IN ENGLISH

www.myawady.net.mm DAILY EDITION E-mail:mwddailynewspapergroup@gmail.com

# Local farmers plant more than 11,000 acres of oil crops in Myaung Township



MYAUNG August 27

Statistics of Sagaing District Agriculture Department stated that a total of 11,111 acres of oil crops have been planted in Myaung Township of Sagaing Region this monsoon.

Myaung Township earmarked 15,641 acres of oil crops in 2024-2025 monsoon but local farmers could grow 11,111 acres of oil crops against the target cultivation.

Daw Thida Lwin, Head of Sagaing District Agriculture Department said: "This year, local authorities earmarked cultivation of more than 15,000 acres of oil crops in Myaung Township. But, local farmers grew more than 11,000 acres of oil crops against the target cultivation. They are striving for meeting the target. Their oil crop plantations are thriving in the croplands in the township."

This year, Myaung Township completed cultivation of 10,499 acres of groundnut, 90 acres of sesame and 522 acres of sunflower, totalling 11,111 acres.

In 2024-2025 monsoon, the authorities planned to grow 15,021 acres of groundnut, 91 acres of sesame and 529 acres of sunflower, totalling 15,641 acres.

Officials of Township Agriculture Department helped local farmers in expansion of sown acreage, use of agricultural techniques such as GAP system, and use of quality strains of crops for boosting per-acre yield of crops.

Staff members of Township Agriculture Department make field trips to crop plantations to achieve success in oil crop production, prevent pests and weed farmlands. SMK

# Turmeric planted on more than 2,000 acres of land in Kyonpyaw Township

KYONPYAW August 27

A total of 2,900 acres of turmeric has been planted in Kyonpyaw Township of Ayeyawady Region this monsoon, said U Hsan Win, Head of Kyonpyaw District Agriculture Department.

The township authorities earmarked cultivation of 2,900 acres of turmeric plants this year and local farmers met the target cultivation.

U Hsan Win, Head of the district department, said: "Kyonpyaw Township planted 2,900 acres of turmeric plants. Local farmers prepared their cultivation measures not to face any difficulties in cultivation of crops. So, they could grow 2,900 acres of turmeric. In so doing, our department helped local farmers in cultivation of crops with agricultural techniques."

This monsoon, Kyonpyaw Township Agriculture Department helped local farmers grow monsoon season crops without any difficulties for prevention of pests. SK

# Bogale Township sends more than 90,000 viss of field catfish to Yangon market

BOGALE August 27

Local fishermen and businesspersons from Bogale Township in Ayeyawady Region sent 94,000 viss of field catfish to Yangon market, said Daw Soe Soe, owner of fishery trading in Bogale.

They could send 52,000 viss of field catfish to Yangon market in June, compared with 94,000 viss in July. As catfish fetches good prices, local fishermen can earn increased incomes.

Daw Soe Soe, owner of fishery trading in Bogale said: "Local fishermen bag increased incomes in sending catfish to Yangon market. Sending of catfish weighing is not in regular due to demand from Yangon market. Field catfish is mostly consumed at home. Local businesspersons send various marine products to Yangon market, fetching good prices depending on quality."

Field catfish fetches Ks-125,000 to Ks-145,000 per 10 viss. Local fishermen and businesspersons send the fish to Yangon market. Due to hiking prices of fish, local fishermen and those in production of fish can earn increased incomes. SMK

# Shwebo Township finishes cultivation of pulses and beans this monsoon



SHWEBO August 27

A total of 17,331 acres of monsoon pulses and beans has been planted in Shwebo Township of Sagaing Region, according to the statistics of Shwebo Township Agriculture Department.

In 2024-2025 monsoon cultivation season, the township earmarked cultivation of 23,083 acres of pulses and beans but local farmers have so far planted 17,331 acres.

U Hsan Oo, Head of Shwebo Township Agriculture Department explained, "Township authorities earmarked cultivation of more than 23,000 acres of pulses and beans but local farmers could grow more than 17,000 acres of beans this monsoon. Those farmers are trying hard to meet the target cultivation. Agricultural staff help local farmers expand sown acreage of pulses and beans and use quality strains of crops to boost per-acre yield."

This year, the township has planted 205 acres of black bean, 9,700 acres of green gram and 7,426 acres of pigeon pea, totalling 17,331 acres.

In 2024-2025 season, Shwebo Township earmarked cultivation of 1,115 acres of black bean, 11,850 acres of green gram, 1,316 acres of butter bean, 1,834 acres of small red bean, and 6,968 acres of pigeon pea, totalling 23,083 acres.

Agricultural officials provide aid for local farmers to boost per-acre yield of beans and use quality strains of crops, agricultural inputs and post-harvest technology. SK

# Shwethaungyan Beach welcomes over 17,000 domestic travellers in July 2024



SHWETHAUNGYAN August 27

Shwethaungyan Beach in Pathein Township, Ayeyawady Region, attracted 17,011 domestic travellers in July 2024, according to Daw Cherry Myint, an Executive Officer of the Myanmar Tourism Federation (Shwethaungyan Beach).

The beach hosts 20 hotels and guest houses that provide year-round service to visitors. "Despite it being the rainy season, the beach sees visitors throughout the year, including now. Most visitors are day trippers. Additionally, the Kyaukmaunghnama Elephant Camp at the Shwethaungyan Beach contributes to the increasing number of visitors each month," said Daw Cherry Myint.

Currently, hotels at Shwethaungyan Beach are taking measures to ensure cleanliness along the beachfront, beautify landscapes and roads within hotel compounds, and maintain overall public area cleanliness in preparation for the peak season. Preparations are also underway to offer local cuisine to hotel guests.

Furthermore, a variety of seafood, local products, and souvenirs are available along the beach. Visitors can also enjoy bicycle, motorboat, horse cart, and horse rental services.

**SK**

# Kawlin District completes cultivation of 420 acres of pigeon pea this monsoon

KAWLIN August 27

Statistics of Kawlin District Agriculture Department of Sagaing Region stated that local farmers planted 420 acres of pigeon pea this monsoon.

The district earmarked 475 acres of pigeon pea this monsoon but local farmers have grown 420 acres including 343 acres in Kawlin Township and 77 acres in Wuntho Township.

"This monsoon, the township has planted 420 acres of pigeon pea out of 475 acres. Our department helps local farmers boost per-acre yield of crops. Farmers grow pigeon pea separately but some of them cultivate such bean as a mixed crop," said U Win Thein, Head of Kawlin District Agriculture Department.

In 2024-2025 monsoon, the district earmarked 475 acres of pigeon pea for cultivation including 394 acres in Kawlin Township and 81 acres in Wuntho Township.

This year, members of relevant township agriculture departments gave assistance to local farmers in selection of quality strains of crops, use of agricultural technologies, prevention of pests and boosting per-acre yield of crops.

Township Agriculture Departments in Kawlin District shares knowledge about making pesticides to reduce cost of folio fertilizer to local farmers.

**SMK**

# More than 7,000 acres of summer paddy reaped in Taze Township



TAZE August 27

Statistics of YeU District Agriculture Department stated that a total of 7,895 acres of summer paddy has been harvested in Taze Township of Sagaing Region this monsoon.

In 2023-2024 summer season, local farmers started harvesting of summer paddy in Taze Township, completing 7,895 acres of summer paddy with 80.55 baskets per acre of yield.

U Zaw Myint Tun, Head of YeU District Agriculture Department said: "Taze Township grew 7,895 acres of summer paddy. Now, local farmers have completed harvesting of summer paddy in all fields. Our department shares agricultural techniques to local farmers to minimize loss and waste of crops, prevent pests and keep paddy under shelter in time."

In growing summer paddy, the township earmarked 15,000 acres of summer paddy in Taze Township but local farmers could grow 7,895 acres of summer paddy against the target.

This year, officials of Township Agriculture Department provided quality strains of crops, agricultural techniques, pesticide and agricultural inputs to local farmers for growing summer paddy in addition to techniques of making natural fertilizers.

In order to grow other crops after summer and monsoon paddy, local farmers need to follow directives of pest prevention, filling soil nutrition and collection of quality strains of crops, according to the Township Agriculture Department.

**SK**

# Over 6,000 applications for fertilizer registration under processing

NAY PYI TAW August 27

The Ministry of Agriculture, Livestock and Irrigation has been screening 6,823 applications to issue fertilizer registration under the approval of the Fertilizer Technology Group.

The Fertilizer Committee holds a quarterly meeting to ensure quality fertilizer for growers. A total of 11,573 registrations have been granted with the approval of the Fertilizer Technology Group after the 41st meeting of the committee.

Additionally, 1,957 registrations were voluntarily cancelled according to individuals' consent. The department revoked 2,793 fertilizer registrations for expiration of validity.

Deputy Minister Dr Tin Htut for Agriculture, Livestock and Irrigation, who also acts as chair of the Fertilizer Committee, committee members and experts attended the 42nd Fertilizer Committee held on 19 August.


The chair of the committee addressed matters regarding the contribution of agricultural inputs, including fertilizer, towards flood-stricken monsoon paddy fields to remedy the negative impact on crops. The authorities concerned are focusing on technical assistance works to apply fertilizer to the farms systematically.

Moreover, a combination of fertilizer and organic fertilizer will increase soil nutrients, create root development, and promote the growth of crops. Incorporating rice husks into the paddy field also helps plants prevent the uptake of toxic elements. He also encouraged the farmers to use straw biocharcoal.

He also elaborated on the distribution of fertilizer in a timely manner for monsoon crops for 2024-2025 agricultural projects being implemented under the State's Economic Promotion Fund, tactics for improving fertilizer use efficiency and management to ramp up production and suggestions of committee members.

**SK**

# Ukrainian troops trained to use chemical ammunition for western-made artillery systems – Russian MoD



Ukrainian troops trained to use chemical ammunition for western-made artillery systems.

MOSCOW August 27

Ukrainian military personnel are being trained to use chemical ammunition for Western-made artillery systems, said Igor Kirillov, the head of the Troops of Radiological, Chemical and Biological Defence of the Russian armed forces, said on Tuesday.

"Operational information suggests that the Ukrainian military personnel are being trained to use chemical munitions for Western-made artillery systems. Please note the seized documentation found at abandoned Ukrainian positions — this is a methodological guide for handling artillery ammunition loaded with chemicals," Lt. Gen. Igor Kirillov said.

The head of the Troops of Radiological, Chemical and Biological Defence of the Russian armed forces said that Russia had sent evidence of Ukraine's violations of the Convention of the Organization for the Prohibition of Chemical Weapons (OPCW) to the OPCW's technical secretariat, but received no immediate response.

Russia has proof that Ukraine has imported about 500 tons of Triethanolamine, which can be used to make chemical warfare weapons such as nitrogenous mustard, a powerful irritant. Russian forces have also found substances containing toxic thallium nitrate in a Ukrainian arms cache, Kirillov said.

The United States has begun to actively include Moldova and Romania in the logistics schemes for transporting biomaterials from Ukraine to divert suspicion from its authorities, Igor Kirillov said.

**Sputnik**

# Dam disaster leaves dozens dead in war-torn African state

KHARTOUM August 27

At least 30 people have lost their lives and 20 villages have been destroyed after a dam burst in Sudan's eastern Red Sea state as a result of severe rain and flooding, the UN reported on Monday.

The Arbaat Dam overflowed on Sunday, 40 km (25 miles) north of the regional capital Port Sudan. The dam burst on Saturday night after heavy rains, local media reported, and more than 100 people are missing since then.

"The area is unrecognizable. The electricity and water pipes are destroyed," said Omar Eissa Haroun, the head of the water authority for Red Sea state.

On Sunday, Sudan's military leader, General Abdel-Fattah Burhan, had a meeting with locals affected by the situation.


The floods have impacted the homes of approximately 50,000 people, according to the United Nations, citing local authorities.

The dam had served as the primary water source for Port Sudan – a crucial hub containing the country's main Red Sea port, airport, and key entry point for much-needed aid deliveries. The Sudanese Environmentalists Association warned that the city is "threatened with thirst in the coming days," as water supplies dwindle due to the disaster.

Sudan's Health Ministry has deployed resources to assist those stranded by the flooding in the nation, which is already devastated by war. Since fighting erupted in April last year between the Sudanese Armed Forces (SAF) and the Rapid Support Forces (RSF), Sudan has seen widespread destruction of civilian infrastructure.

The conflict has displaced more than 10.7 million people, according to the International Organization for Migration (IOM), with over 2 million fleeing to neighboring countries.

**RT**


People are seen on a bridge damaged due to floods after the collapse of Arbaat Dam in Red Sea State, Sudan on August 26, 2024.

# Israel receives over 50,000 tons of military equipment, ammunition during Gaza conflict

JERUSALEM August 27

The Israeli Defence Ministry said on Monday that since the beginning of its military operations in Gaza, the country has received more than 50,000 tons of military equipment and ammunition.

"The equipment procured and transported includes armored vehicles, munitions, ammunition, personal protection gear, and medical equipment," the ministry said.

The military transports have been "crucial for sustaining the Israel Defence Forces' operational capabilities during the ongoing war" in the Gaza Strip and against Hezbollah along the Israel-Lebanon bor-der, it added.

The ministry did not specify from which countries the arms were purchased, though Israeli government officials had previously said that the majority of its weapons and ammunition were procured from the United States and Europe.

The Palestinian death toll from ongoing Israeli attacks on the Gaza Strip has risen to more than 40,400, according to Gaza-based health authorities.

**Xinhua**

# Laos mulls increasing allowance to tackle rising cost of living

VIENTIANE August 27

The Lao government is considering a proposal to increase supporting allowances for enterprise employees in order to tackle the rising cost of living.

Speaking at the government's monthly meeting for August, Lao Prime Minister Sonexay Siphandone emphasized the urgency of tackling critical issues, including economic and financial challenges, education, labor, impacts caused by natural disasters and other social issues.

Workers in Laos, where labor costs remain relatively low, have struggled with living expenses as the country has been hit with high inflation, Lao National Radio reported on Tuesday.

Despite the government's efforts to address rising prices and inflation, the inflation rate in Laos remained high at 26.1 percent in July.

High inflation and depreciation of the Lao currency mean workers have been paid less in real terms, undermining their spending capacity and widely believed to have forced many to seek employment abroad, leading to worsening domestic labor shortages.

The meeting, held in Lao capital Vientiane from Monday to Tuesday, also reviewed the electricity pricing structure for 2024-2028 and considered several draft laws.

The meeting also reviewed the cabinet's work performance for August and discussed a work plan for September.

**Xinhua**

# Indonesia records 88 monkeypox cases

JAKARTA August 27

Indonesia has recorded 88 cases of monkeypox (mpox) since it was first detected in August 2022, according to Health Minister Budi Gunadi Sadikin on Monday.

In 2024 alone, the number of mpox cases has reached 14.

"The cases in Indonesia are still under control, with a higher prevalence of the Clade IIB variant, which is recoverable and has a low fatality rate. All those who were sick have recovered," Sadikin told reporters in Jakarta.

Jakarta has reported the highest number of mpox cases at 59, followed by West Java with 13, Banten with nine, East Java and Yogyakarta each with three cases, and Riau with one case.

The government is readying 4,450 vaccine doses for 2,225 individuals, with each person slated to receive two doses to curb further spread. In 2023, 495 individuals were vaccinated.

**Xinhua**

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# Healthy Eating Habits for Busy Students



### Introduction

Healthy eating is vital for students, but busy schedules can make it challenging. Imagine having the energy to power through your day and still feeling great when it's time to relax. Proper nutrition supports academic performance, physical health, and overall well-being. This article offers practical tips, backed by research, to help you develop and maintain healthy eating habits, even with a packed schedule.

### Basic Nutrition Principles

Understanding basic nutrition principles is the foundation of healthy eating. Essential nutrients include macronutrients (carbs, proteins, fats) and micronutrients (vitamins and minerals). Balanced meals that include a variety of food groups ensure adequate nutrient intake. The Dietary Guidelines for Americans recommend that half of your plate be fruits and vegetables, a quarter grains, and a quarter protein.

Consider Jack, a college student who felt sluggish and tired. After learning about balanced meals, he started incorporating more fruits and vegetables into his diet and noticed a significant improvement in his energylevels.

### Meal Planning and Preparation

Meal planning and preparation can save time and ensure healthier food choices. A study found that meal planning is associated with a healthier diet and lower rates of obesity. Plan meals for the week and create a grocery list based on those plans. Simple and nutritious meal ideas include salads, stir-fries, and wraps. Preparing meals on weekends and storing them in the refrigerator or freezer can make weekday meals more convenient.

Take Emily, who prepares her meals on Sundays. She makes salads, sandwiches, and healthy snacks that last her the entire week, saving time and ensuring she eats well even during her busiest days.

### Healthy Snack Options

Healthy snacking is crucial for maintaining energy levels throughout the day. Easy and portable snack ideas include fresh fruit, nuts, yogurt, and whole grain crackers. Avoiding junk food and sugary snacks can prevent energy crashes and support better focus and concentration. A study found that snacking on nutrient-dense foods improves diet quality and academic performance.

Think of Sam, who replaced chips and soda with apples and nuts. This simple change kept his energy levels steady and helped him concentrate better in class.

### Eating on a Budget

Eating healthy doesn't have to be expensive. Budget-friendly tips include buying in bulk, choosing seasonal produce, and taking advantage of sales. Cooking in bulk and freezing meals saves money and time. Affordable and nutritious food choices include beans, lentils, oats, and frozen vegetables. The USDA's MyPlate on a Budget guide provides practical tips for eating healthily on a tight budget.

Consider Lisa, a student on a tight budget who buys bulk grains and frozen veggies. She cooks large batches of meals and freezes them, ensuring she has healthy food ready without overspending.

### Quick and Easy Recipes

For busy students, quick and easy recipes are essential. Breakfast ideas for a good start to the day include overnight oats, smoothies, and whole grain toast with avocado. A study found that students who eat breakfast have better academic performance. Lunch and dinner recipes that are fast and healthy include vegetable stir-fries, quinoa salads, and chicken wraps. Simple ingredients and minimal prep make healthy eating manageable.

Think about Matt, who starts his day with a smoothie packed with fruits and spinach. It takes him just a few minutes to prepare and keeps him full and energized until lunch.

### Staying Hydrated

Hydration is often overlooked but is vital for overall health. Drinking water instead of sugary drinks reduces calorie intake and improves focus. The National Academies recommend men aim for 3.7 liters and women 2.7 liters of fluids per day. Tips for drinking more water include carrying a reusable bottle and setting reminders.

Consider Chloe, who struggled with staying hydrated. She started carrying a reusable water bottle and set hourly reminders to drink. This simple change improved her energy levels and concentration.

### Mindful Eating

Practicing mindful eating habits can help students make healthier food choices and avoid overeating. A study found that mindful eating is linked to healthier eating patterns and weight management. Paying attention to hunger and fullness cues can prevent emotional eating. Eating slowly and savoring each bite can enhance digestion and enjoyment.

Think about Alex, who used to eat quickly while studying. By practicing mindful eating, he now takes his time with meals, enjoying the flavors and feeling more satisfied.

### Conclusion

Developing healthy eating habits is possible even with a busy schedule. By understanding basic nutrition principles, planning meals, choosing healthy snacks, and staying hydrated, students can support their well-being and academic performance. Prioritizing nutrition leads to improved energy levels, better focus, and overall health. Remember, small changes can make a big difference, and every step towards healthier eating is a step towards a brighter, more successful future. **Y.T.M**

# HEALTH

## စိတ်ဖောက်ပြန်မှုရောဂါကို AI အသုံးပြုပြီး စောစီးစွာရှာဖွေနိုင်မည်

ဗြိတိန်နိုင်ငံမှ သိပ္ပံပညာရှင်များက AI နည်းပညာအသုံးပြုပြီး စိတ်ဖောက်ပြန်မှုရောဂါကို ယခင်ကထက်စောစီးစွာရှာဖွေနိုင်တော့မည်ဟု ထုတ်ပြန်လာသည်။

အီဒင်ဘာ့နှင့် ဒန်ဒီးတက္ကသိုလ်တို့မှ သိပ္ပံပညာရှင်များပါဝင်သော အဖွဲ့တစ်ဖွဲ့သည် စကော့တလန်နိုင်ငံက ဆယ်စုနှစ်တစ်ခုကျော်ကာလအတွင်း စုဆောင်းထားသည့် CT နှင့် MRI စကန်ရလဒ်တစ်သန်းကျော်ကိုရယူကာ AI နည်းပညာအသုံးပြုခြင်းအားဖြင့် စိတ်ဖောက်ပြန်မှုရောဂါဖြစ်ပွားနိုင်သည့်အခြေအနေကို စောစီးစွာဖော်ထုတ်နိုင်ခြင်းဖြစ်သည်။

စိတ်ဖောက်ပြန်မှုရောဂါသည် အသက်အရွယ်ကြီးရင့်သူများတွင် အဓိကကျသော လူမှုရေးနှင့် ကျန်းမာရေးပြဿနာများဖြစ်လာသည့်အတွက် ထိုရောဂါဖြစ်နိုင်ခြေရှိမှုကို စောစောစီးစီးရှာဖွေနိုင်ခြင်းအားဖြင့် တွေ့ကြုံရမည့်စိန်ခေါ်မှုများကို ဖြေရှင်းပေးနိုင်စေရန်ရည်ရွယ်၍ ပညာရှင်များက ယခုနည်းလမ်းကို တီထွင်ဖန်တီးခြင်းဖြစ်သည်။

တစ်ကမ္ဘာလုံးတွင် စိတ်ဖောက်ပြန်မှုရောဂါဖြင့် နေထိုင်နေကြရသူ ၅၅ သန်းခန့်ရှိကြောင်း၊ ထိုသူများကြောင့် စီးပွားရေးအရဆုံးရှုံးမှုမှာ ဒေါ်လာထရီလီယံပေါင်းများစွာဖြစ်ကြောင်း သုတေသနပညာရှင်များကထုတ်ပြန်ထားသည်။

ယခုအခါ AI နှင့် အခြားသောအဆင့်မြင့်နည်းပညာများသည် ဆေးဘက်ဆိုင်ရာသုတေသနလုပ်ငန်းများတွင် အလွန်ထိရောက်မှုရှိသည့် အခန်းကဏ္ဍမှပါဝင်လာကြောင်း သိရသည်။

Ref: IE
K.H



## ဆီးချိုဆေးတစ်မျိုးက သေကြောင်းကြံလိုသည့်အတွေး ဖြစ်ပေါ်စေနိုင်

ဆီးချိုဆေးတစ်မျိုးဖြစ်သော Ozempic က ဆီးချိုလူနာများတွင် သေကြောင်းကြံလိုသည့်အတွေးကိုဖြစ်ပေါ်စေနိုင်ကြောင်း သုတေသနစာတမ်းတစ်ခုတွင်ဖော်ပြထားသည်။

ထိုဆေးသည် အမျိုးအစား ၂ ဆီးချိုလူနာများကို ဆရာဝန်ဆေးညွှန်းဖြင့်ပေးရသည့် ထိုးဆေးတစ်မျိုးဖြစ်သည်။ အဆိုပါဆေးသည် ဆီးချိုကိုထိန်းနိုင်သည့်အပြင် ကိုယ်အလေးချိန်ကိုလည်း ကျဆင်းစေသည့်အတွက် လူကြိုက်များလာခြင်းဖြစ်သည်။

သို့သော် ဆီးချိုလူနာများအနေဖြင့် ထိုဆေးကိုထိုးပြီးနောက် ကိုယ့်ကိုယ်ကိုယ် သေကြောင်းကြံလိုသည့်စိတ်များဖြစ်ပေါ်လာသည်ဟု လူ ၃၀၀၀၀ ကျော်အနက် ၁၀၇ ဦးကဝန်ခံထားကြောင်း သုတေသနပညာရှင်များက JAMA Network Open ဂျာနယ်တွင်ဖော်ပြထားသည်။


Ozempic တွင် အဓိကအသုံးပြုထားသော ဒြပ်ပေါင်းမှာ ဆီမာဂလူတိုက်အမျိုးအစားဖြစ်သည်။ ၎င်းသည် လူ့ခန္ဓာကိုယ်မှထွက်ရှိသော ဟော်မုန်းတစ်မျိုးဖြစ်ပြီး အစားစားချင်စိတ်နှင့် သွေးတွင်းသကြားဓာတ်ကိုထိန်းညှိပေးနိုင်သည်။ ယခုတွေ့ရှိချက်နှင့်ပတ်သက်၍ ဆရာဝန်အချို့က လက်မခံသော်လည်း ဆရာဝန်အများအပြားကမူ Ozempic ဆေးကို သတိနှင့်သုံးရန် တိုက်တွန်းထားသည်။

Ref: IE
K.H



# INNOVATION

## လူ့ဦးနှောက်ကလာပ်စည်းများဖြင့်ဖန်တီးထားသည့် ဇီဝကွန်ပျူတာများကို အငှားရယူနိုင်



သိပ္ပံပညာရှင်များအနေဖြင့် လူသားတို့၏ဦးနှောက်ကလာပ်စည်းများဖြင့် ဖန်တီးထားသော ဇီဝကွန်ပျူတာများကို တစ်လလျှင် ဒေါ်လာ ၅၀၀ နှုန်းဖြင့် အငှားရယူနိုင်ပြီဖြစ်သည်။

ဆွစ်ဇာလန်နိုင်ငံမှ နည်းပညာကုမ္ပဏီတစ်ခုဖြစ်သည့် FinalSpark က အဆိုပါ ဇီဝကွန်ပျူတာများကိုဖန်တီးပြီး ငှားရမ်းခွင့်ပေးခြင်းဖြစ်သည်။

သိပ္ပံပညာရှင်များက AI ပုံစံများကို လေ့ကျင့်ပေးနိုင်ရေးအတွက် ဇီဝကွန်ပျူတာများကို အသုံးပြုရသည်။ သို့မှသာ AI များအနေဖြင့် လူသားများတွေးသကဲ့သို့ တွေးတောကာ လုပ်ငန်းတာဝန်များကို အကောင်းဆုံးဆောင်ရွက်မည်ဖြစ်သည်။

လက်ရှိတွင် FinalSpark ၏နည်းပညာကိုငှားရမ်းအသုံးချနိုင်ရေးအတွက် ကမ္ဘာတစ်ဝန်းရှိ တက္ကသိုလ် ၃၄ ခုကတောင်းဆိုထားသည်။

သို့သော် ယင်းကုမ္ပဏီ၏ထုတ်ပြန်ချက်အရ ၎င်းတို့အနေဖြင့် တက္ကသိုလ်ကိုးခုကိုသာ ထိုဇီဝကွန်ပျူတာများအသုံးပြုခွင့်ပေးထားကြောင်း၊ ထိုတက္ကသိုလ်များတွင် မီချီဂန်တက္ကသိုလ်၊ ဘာလင်တက္ကသိုလ်နှင့် လန်ကတ်စတာတက္ကသိုလ်တို့ပါဝင်ကြောင်း တွေ့ရသည်။

Ref: IE
K.H

## အတ္တလန္တာမြို့၌ ရာဇဝတ်မှုများကိုစောင့်ကြည့်ရန် စက်ရုပ်များဖြင့်ကင်းလှည့်



အမေရိကန်ပြည်ထောင်စု ဂျော်ဂျီယာပြည်နယ်ရှိ အတ္တလန္တာမြို့၌ ရာဇဝတ်မှုများကိုစောင့်ကြည့်ရန် စက်ရုပ်များဖြင့် ကင်းလှည့်မှုများ လုပ်ဆောင်လျက်ရှိသည်။


အဓိကအားဖြင့် အမှတ်(၄)ရပ်ကွက်ဟောင်း၌ ရာဇဝတ်မှုများပိုမိုဖြစ်ပွားလေ့ရှိသောကြောင့် ထိုနေရာ၌ စက်ရုပ်များကို အသုံးပြု၍ ကင်းလှည့်မှုများလုပ်ဆောင်နေခြင်းဖြစ်သည်။

အဆိုပါကင်းလှည့်စက်ရုပ်သည် ပြင်ပမှလူ၏ထိန်းချုပ်မှုမလိုအပ်ဘဲ အခြေအနေမှုမမှန်မှုများကိုစောင့်ကြည့်ခြင်း၊ လုံခြုံရေးတပ်ဖွဲ့ထံသို့ သတင်းပို့ခြင်းတို့ကိုဆောင်ရွက်နိုင်သည်။

ယင်းကဲ့သို့ စက်ရုပ်များဖြင့်ကင်းလှည့်ခြင်းကြောင့် ပုဂ္ဂိုလ်ရေးအချက်အလက်များပေါက်ကြားမည်ကို စိုးရိမ်မှုများရှိနေသော်လည်း ထိုစက်ရုပ်များသည် စောင့်ကြည့်ကင်မရာများကဲ့သို့ အများနှင့်သက်ဆိုင်သော နေရာများတွင်သာ တာဝန်ထမ်းဆောင်မည်ဖြစ်သည်။

Ref: IE
K.H

## သေးငယ်သောစိတ်ဖတ်သူချစ်ပြားလေးက အတွေးများကို စာသားအဖြစ်ပြောင်းပေးနိုင်



ဦးနှောက်နှင့်စက်ကိရိယာတို့ကြားတွင် ကြားခံကိရိယာတစ်ခုအဖြစ် ဆောင်ရွက်ပေးမည့် သေးငယ်သောချစ်ပြားလေးက အတွေးများကို စာသားအဖြစ် ၉၁ ရာခိုင်နှုန်းတိကျစွာပြောင်းပေးနိုင်ကြောင်း သိရသည်။

ထိုချစ်ပြားကို ဆွစ်ဇာလန်နိုင်ငံမှ ပညာရှင်များကဖန်တီးလိုက်ခြင်းဖြစ်ပြီး ချစ်ပြားကဦးနှောက်အတွင်း ရှုပ်ထွေးသောအချက်ပြမှုများကို ဖတ်ရှုနိုင်သောစာသားများအဖြစ်သို့ ပြောင်းပေးနိုင်စွမ်းရှိသည်။

ချစ်ပြားမှာ ၈ မီလီမီတာသာရှိပြီး ဦးနှောက်အတွင်းနာကျင်မှုအနည်းဆုံးဖြင့် ထည့်သွင်းနိုင်သောကြောင့် လက်တွေ့စမ်းသပ်မှုတွင်သာမက မြေပြင်တွင်လည်း အလုပ်ဖြစ်စေမည်ဖြစ်သည်။

Ref: IE
K.H

# ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ်ဖလား ခြောက်ခရိုင်နှင့် တက္ကသိုလ်များ အသက် ၂၃ နှစ်အောက် အမျိုးသားပိုက်ကျော်ခြင်းပြိုင်ပွဲကျင်းပ



ပဲခူး ဩဂုတ် ၂၇

ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ်ဖလား ခြောက်ခရိုင်နှင့် တက္ကသိုလ်များ အသက် ၂၃ နှစ်အောက် အမျိုးသား ပိုက်ကျော်ခြင်း ပြိုင်ပွဲဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ပဲခူးမြို့ ဥဿာမြို့သစ်ရှိ တိုင်းဒေသကြီး အားကစားဥယျာဉ် မိုးလုံလေလုံ အားကစားရုံ၌ကျင်းပရာ တိုင်းဒေသကြီး ဝန်ကြီး ချုပ် ဦးမျိုးဆွေဝင်း တက်ရောက်ဖွင့်လှစ်ပေးသည်။

ရှေးဦးစွာ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ်က ဒေသတွင်း အသက်အရွယ်အလိုက် ထူးချွန်အားကစားသမားများ မွေးထုတ်ပေးနိုင်ရေး၊ လူငယ်လက်ရွေးစင်အဆင့်မှသည် နိုင်ငံ့ဂုဏ်ဆောင် မြန်မာ့လက်ရွေးစင် အားကစားသမားများအဖြစ် မွေးထုတ်ပေးနိုင်ရေးနှင့် မြန်မာ့ပိုက်ကျော်ခြင်း အားကစားကျယ်ပြန့်စွာတိုးတက်မြင့်မားရေးကို အထောက်အကူပြုစေရေးနှင့်လူငယ်သွေးသစ်ပိုက်ကျော်ခြင်း အားကစားသမားများ ပေါ်ထွက်လာစေရေး ရည်ရွယ်ကျင်းပပေးရခြင်းဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ပြိုင်ပွဲဝင်အားကစားအသင်းများမှ အားကစားသစ္စာအဓိဋ္ဌာန်(၄)ချက် ရွတ်ဆိုအလေးပြုခဲ့ကြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များက ပြိုင်ပွဲဝင်အသင်းများအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ကြသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ဌာနဆိုင်ရာများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် အားကစားဝါသနာရှင်များကပဲခူးတက္ကသိုလ်အသင်းနှင့် နတ်တလင်းခရိုင် အသင်းတို့ ယှဉ်ပြိုင်ကစားနေမှုအား ကြည့်ရှုအားပေးကြသည်။

အဆိုပါ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ်ဖလား ခြောက်ခရိုင်နှင့် တက္ကသိုလ်များ အသက် ၂၃ နှစ်အောက် အမျိုးသား ပိုက်ကျော်ခြင်းပြိုင်ပွဲအား ဩဂုတ်လ ၂၇ ရက်မှ ၂၉ ရက် အထိ ကျင်းပပြုလုပ်ခြင်းဖြစ်ပြီး တိုင်းဒေသကြီးအတွင်းရှိ ခရိုင်ခြောက်ခရိုင်ကိုယ်စားပြု ပြိုင်ပွဲဝင်အသင်းခြောက်သင်း၊ တက္ကသိုလ်များ ကိုယ်စားပြု ပြိုင်ပွဲဝင်အသင်းငါးသင်း စုစုပေါင်းပြိုင်ပွဲဝင်အသင်း ၁၁ သင်းပါဝင်ကာ အုပ်စုလေးအုပ်စုခွဲ၍ ပတ်လည်ယှဉ်ပြိုင် ကစားသွားမည်ဖြစ်ကြောင်း သိရသည်။

**(၄၀၁)၊ တင်စိုး(ပဲခူး)**

# (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် “လှုပသာယာ ပြည်မြန်မာ” ရောင်စုံဓာတ်ပုံပြိုင်ပွဲ ဖိတ်ခေါ်

နေပြည်တော် ဩဂုတ် ၂၇

၂၀၂၅ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင် ကျရောက်မည့် (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ်ရောင်စုံဓာတ်ပုံပြိုင်ပွဲအား **“လှုပသာယာ ပြည်မြန်မာ”** ခေါင်းစဉ်ဖြင့် ကျင်းပမည်ဖြစ်ပါသည်။ အဆိုပါပြိုင်ပွဲကို မည်သူမဆိုပါဝင်ယှဉ်ပြိုင်နိုင်ပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုများ၊ သာယာလှပမှုများ၊ အေးချမ်းတည်ငြိမ်မှုများ၊ တိုင်းရင်းသားများ၏ စည်းလုံးညီညွတ်မှုများနှင့် ရိုးရာယဉ်ကျေးမှုများ၊ လွတ်လပ်ရေးကြိုးပမ်းမှု၏ ထင်ရှားသည့်သင်္ကေတ၊ နေရာဒေသနှင့် လူပုဂ္ဂိုလ်များစသည်တို့ကို ဖော်ညွှန်းရိုက်ကူးထားသော ဓာတ်ပုံများဖြင့် ပါဝင်ယှဉ်ပြိုင်ရပါမည်။

ပြိုင်ပွဲဝင်ဓာတ်ပုံများသည် မြန်မာနိုင်ငံအတွင်း ရိုက်ကူးထားသည့် ရောင်စုံဓာတ်ပုံများသာဖြစ်ရမည်။ မည်သည့်ကင်မရာအမျိုးအစားမဆို အသုံးပြုနိုင်ပါသည်။ ပြိုင်ပွဲဝင်ဓာတ်ပုံအရွယ်အစားမှာ ၁၀ လက်မ x ၁၅ လက်မ အရွယ်အစားတစ်မျိုးတည်းသာ ပါဝင်ယှဉ်ပြိုင်ရန်နှင့် ပုံအရေအတွက် အကန့်အသတ်မရှိယှဉ်ပြိုင်နိုင်ပြီး Hard Copy နှင့် Soft Copy (CD) ကို တစ်ပါတည်း ပူးတွဲပေးပို့ရပါမည်။ ဒစ်ဂျစ်တယ်နည်းပညာဖြင့်ပြုပြင်ဖန်တီးထားသော ဓာတ်ပုံများနှင့် ပြည်တွင်းပြည်ပဓာတ်ပုံပြိုင်ပွဲများတွင် ဆုရခဲ့ဖူးသည့် ဓာတ်ပုံများ၊ ပုံနှိပ်ထုတ်ဝေပြီးသောဓာတ်ပုံများ၊ Website များတွင် အသုံးပြုပြီးသော ဓာတ်ပုံများကို ပါဝင်ယှဉ်ပြိုင်ခွင့်မပြုပါ။ ပြိုင်ပွဲဝင်ဓာတ်ပုံများအား အများပြည်သူအကျိုးငှာ ပြပွဲများ၊ စာအုပ်စာစောင်များ၊ Website များ၊ လက်ကမ်းစာစောင်များ၊ သင်ခန်းစာပို့ချမှုများနှင့်ဗီဒီယိုများ၌အသုံးပြုခြင်းကို သဘောတူခွင့်ပြုရမည်။ ပြိုင်ပွဲဝင်ဓာတ်ပုံများတွင် ပြိုင်ပွဲဝင်သူ အမည်၊ မှတ်ပုံတင်အမှတ်၊ နေရပ်လိပ်စာ၊ ဆက်သွယ်ရမည့် ဖုန်းနံပါတ်၊ ဓာတ်ပုံ၏အကြောင်းအရာ၊ ရိုက်ကူးသည့် နေရာဒေသတို့ကို ဓာတ်ပုံများ၏ နောက်ကျော၌ သီးခြားစက္ကူဖြင့်ရေးကပ်၍ ပူးတွဲပေးပို့ရမည်။

ပြိုင်ပွဲဝင်ဓာတ်ပုံများကို ၃၁-၁၀-၂၀၂၄ ရက်နေ့ ညနေ ၄ နာရီ နောက်ဆုံးထား၍ ညွှန်ကြားရေးမှူး (ထုတ်လုပ်)၊ ထုတ်လုပ်ရေးဌာနခွဲ(ရန်ကုန်)၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ အမှတ်(၂၂/၂၄)၊ ပန်းဆိုးတန်းလမ်း(အောက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း ၀၁-၈၃၇၁၃၄၂၊ ၀၁-၈၃၈၄၈၁၃ သို့ ဆက်သွယ်ပေးပို့ရမည်ဖြစ်ကြောင်းနှင့် ယင်းနေ့ထက်ကျော်လွန်၍ ပေးပို့လာသော ဓာတ်ပုံများအား ပြိုင်ပွဲဝင်ဓာတ်ပုံအဖြစ် လက်ခံမည်မဟုတ်ကြောင်း သိရသည်။

# ၂၀၂၄ ခုနှစ် မိုးနှောင်းကာလအတွက် မိုးလေဝသနှင့်ဇလဗေဒခန့်မှန်းချက်

**၂၀၂၄ ခုနှစ် မိုးနှောင်းကာလသတ်မှတ်ခြင်း**

၂၀၂၄ ခုနှစ် မိုးနှောင်းကာလသည် ၂၀၂၄ ခုနှစ် စက်တင်ဘာလ ၁ ရက် (မြန်မာသက္ကရာဇ် ၁၃၈၆ ခုနှစ် ဝါခေါင်လပြည့်ကျော် ၁၃ ရက်) မှစ၍ အနောက်တောင်မုတ်သုံလေ မြန်မာနိုင်ငံတစ်ဝန်းလုံးမှ ပြန်လည်ဆုတ်ခွာသွားသည့်နေ့အထိဖြစ်သည်။

**မုတ်သုံလေဆုတ်ခွာသည့်အခြေအနေ**

အနောက်တောင်မုတ်သုံလေသည် မြန်မာနိုင်ငံအရပ်ရပ်မှ အောက်ပါအတိုင်း ဆုတ်ခွာသွားဖွယ်ရာရှိသည်-

(က) စက်တင်ဘာလ ၁၅ ရက်မှ ၂၀ ရက်အတွင်း မြန်မာနိုင်ငံမြောက်ပိုင်းဒေသများ၊

(ခ) စက်တင်ဘာလ ၂၁ ရက်မှ ၂၆ ရက်အတွင်း မြန်မာနိုင်ငံအလယ်ပိုင်းဒေသများ၊

(ဂ) စက်တင်ဘာလ ၂၇ ရက်မှ အောက်တိုဘာလ ၂ ရက်အတွင်း မြစ်ဝကျွန်းပေါ် ဒေသများ၊

(ဃ) အောက်တိုဘာလ ၃ ရက်မှ ၈ ရက်အတွင်း မြန်မာနိုင်ငံတောင်ပိုင်းဒေသများ။

**ဘင်္ဂလားပင်လယ်အော်အခြေအနေ**

ဘင်္ဂလားပင်လယ်အော်တွင် လေဖိအားနည်းရပ်ဝန်း(၃)ကြိမ်ဖြစ်ပေါ်နိုင်ပြီး (၂)ကြိမ်တွင် ပိုမိုအားကောင်းလာကာ မုန်တိုင်းငယ်အဖြစ်သို့ ရောက်ရှိနိုင်သည်။ အနောက်တောင်မုတ်သုံလေသည် ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် အားအနည်းငယ်မှ အားအသင့်အတင့်ရှိနိုင်သည်။

**မိုးအခြေအနေ**

မိုးရွာသွန်းမှုအခြေအနေမှာ တနင်္သာရီတိုင်းဒေသကြီးတွင် ရွာသွန်းမြဲထက်ပိုနိုင်ပြီး စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် ကချင်ပြည်နယ်တို့တွင် ရွာသွန်းမြဲအောက်လျော့နည်းနိုင်ကာ နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ရွာသွန်းမြဲခန့် မိုးထစ်ချုန်းရွာနိုင်သည်။

**မြစ်ရေအခြေအနေ**

မိုးနှောင်းကာလ စက်တင်ဘာလနှင့် အောက်တိုဘာလတို့တွင် ဧရာဝတီမြစ်ရေသည် ပခုက္ကူမြို့၊ ညောင်ဦးမြို့၊ ဆိပ်သာမြို့၊ ဟင်္သာတမြို့နှင့် ဇလွန်မြို့တို့တွင် (၁)ကြိမ်ခန့်စီ၊ ချင်းတွင်းမြစ်ရေသည် ကလေးဝမြို့၊ မင်းကင်းမြို့၊ ကနီမြို့နှင့် မုံရွာမြို့တို့တွင် (၁)ကြိမ်ခန့်စီ၊ မြစ်သာမြစ်ရေသည် ကလေးမြို့တွင် (၁)ကြိမ်ခန့်၊ ဒုဋ္ဌဝတီမြစ်ရေသည် မြစ်ငယ်မြို့တွင် (၁)ကြိမ်ခန့်၊ စစ်တောင်းမြစ်ရေသည် တောင်ငူမြို့နှင့် မဒေါက်မြို့တို့တွင် (၁)ကြိမ်ခန့်စီ၊ ရွှေကျင်မြစ်ရေသည် ရွှေကျင်မြို့တွင် (၁)ကြိမ်ခန့်၊ ပဲခူးမြစ်ရေသည် ပဲခူးမြို့တွင် (၁)ကြိမ်ခန့်၊ သံလွင်မြစ်ရေသည် ဘားအံမြို့တွင် (၁)ကြိမ်ခန့်၊ သောင်ရင်းမြစ်ရေသည် မြဝတီမြို့တွင် (၁)ကြိမ်ခန့်၊ ငဝန်မြစ်ရေသည် ငါးသိုင်းချောင်းမြို့နှင့် သာပေါင်းမြို့တို့တွင် (၁)ကြိမ်ခန့်စီ၊ တိုးမြစ်ရေသည် မအူပင်မြို့တွင် (၁)ကြိမ်ခန့်နှင့် ဘီးလင်းမြစ်ရေသည် ဘီးလင်းမြို့တွင် (၁)ကြိမ်ခန့် ယင်းမြို့များ၏ စိုးရိမ်ရေမှတ်အသီးသီးအထက်သို့ကျော်လွန်ရောက်ရှိနိုင်သည်။

**၂၀၂၄ ခုနှစ် စက်တင်ဘာလ လပတ်အတွက် မိုးလေဝသနှင့် ဇလဗေဒခန့်မှန်းချက်**

**ဘင်္ဂလားပင်လယ်အော်အခြေအနေ**

ဘင်္ဂလားပင်လယ်အော်တွင် လေဖိအားနည်းရပ်ဝန်း (၂)ကြိမ်ဖြစ်ပေါ်နိုင်ပြီး၊ (၁)ကြိမ်တွင် ပိုမိုအားကောင်းလာကာ မုန်တိုင်းငယ်အဖြစ်သို့ ရောက်ရှိနိုင်သည်။ အနောက်တောင်မုတ်သုံလေသည် ၂၀၂၄ ခုနှစ် စက်တင်ဘာလ ၁၅ ရက်မှ ၂၀ ရက်အတွင်း မြန်မာနိုင်ငံမြောက်ပိုင်းဒေသများမှလည်းကောင်း၊ စက်တင်ဘာလ ၂၁ ရက်မှ ၂၆ ရက်အတွင်း မြန်မာနိုင်ငံအလယ်ပိုင်းဒေသများမှလည်းကောင်း၊ စက်တင်ဘာလ ၂၇ ရက်မှ အောက်တိုဘာလ ၂ ရက်အတွင်း မြစ်ဝကျွန်းပေါ်ဒေသများမှလည်းကောင်း ဆုတ်ခွာသွားဖွယ်ရာရှိသည်။ အနောက်တောင်မုတ်သုံလေသည် ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် အားအနည်းငယ်မှ အားအသင့်အတင့်ရှိနိုင်သည်။

**မိုးအခြေအနေနှင့် မိုးရွာရက်**

မိုးရွာသွန်းမှုအခြေအနေမှာ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် ကချင်ပြည်နယ်တို့တွင် ရွာသွန်းမြဲအောက်လျော့နည်းနိုင်ပြီး နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ရွာသွန်းမြဲခန့် မိုးထစ်ချုန်းရွာနိုင်သည်။

ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ၂၁ ရက်မှ ၂၅ ရက်ခန့်၊ နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် ၁၆ ရက်မှ ၂၀ ရက်ခန့်နှင့် စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းနှင့် ရှမ်းပြည်နယ်(မြောက်ပိုင်းနှင့် အရှေ့ပိုင်း)တို့တွင် ၁၁ ရက်မှ ၁၅ ရက်ခန့် မိုးထစ်ချုန်းရွာနိုင်သည်။

**မြစ်ရေအခြေအနေ**

